www.burmeseclassic.com

မိတ်ဆွေစာပေ

# တွင်းတက်လှေကား

နှင့်

## ဘဝတိုးတက်အောင်မြင်ရေးနည်းလမ်းများ

သတိုးနွယ်



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၆ ဖေဖော်ဝါရီ
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၅၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ချယ်ရီမေ(အင်းစိန်)
ကွန်ပျူတာ - ကောင်းထက်(ရွှေမြည်သာ)
အတွင်းဖလင် - ADORN၊
ထုတ်ဝေသူ - ဦးချစ်ညွန့် (၀၀၃၇၄)
ဇင်ရတနာစာပေ
၂၀၅၊ က/၄ လမ်း၊ မြို့သစ်
(က+ခ)ရပ်ကွက်၊ အင်းစိန်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးကျော်မင်းစိုး(မြ-၀၀၄၅၉)
စိုးမေတ္တာပုံနှိပ်တိုက်
အမှတ်(၁၇)၊ ၅၆ လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

| | |
|---|---|
| သတိုးနွယ် | ၃၉၈.၂ |

တွင်းတပ်လေ့ကားနှင့်ဘဝတိုးတက်အောင်မြင်ရေးနည်းလမ်းများ/သတိုးနွယ်၊
ရန်ကုန်၊
ဇင်ရတနာစာပေ၊ ပထမအကြိမ်၊ ၂၀၁၆။
၂၃၇-စာ၊ ၁၂ x ၁၈ စင်တီ

www.burmeseclassic.com

www.burmeseclassic.com

# တွင်းတာပ်လှေကား

နှင့်

BURMESE CLASSIC

(အဝတိုးတက်အောင်မြင်ရေးနည်းလမ်းများ)

သတိုးနွယ်

www.burmeseclassic.com

www.burmeseclassic.com

# ပန်ကြားလွှာ

ဤစာနိဒါန်း၊ ပုလဲပန်းဖြင့်
စိတ်ကြမ်းမာန်လျော့၊ ကျွန်ကန်တော့ကာ
တောင်းပန်ပါ၏
ကဝိသူတော်
ပညာကျော်တို့
ခွင့်တော်အပြစ်
လွှတ်စေသော် ။ ။

(သာကီနွယ်)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ အမှာစကား -၃

၂။ အေးမြသော ဘဝပိုင်ရှင် -၁၈

၃။ ပြဿနာကြားမှာ အဖြေရှိသည် -၂၆

၄။ လူစွမ်းမှ နတ်မ, မည် -၃၂

၅။ ယုံကြည်တာတွေ မစွန့်လွှတ်လိုက်ပါနဲ့ -၆၀

၆။ စီးပွားတိုးဂျဂ` ရေး
အကြောင်းတရားလေးပါး -၇၄

၇။ ကိုယ့်အတွက် အလှ၊ သူ့အတွက်ဘဝ -၈၂

၈။ ထက်မြက်သူနဲ့ ညံ့ဖျင်းသူ -၈၉

၉။ ကတိတည်ပါစေ -၉၄

၁၀။ မိတ်ဆွေကောင်းများကို ပေါင်းပါ။ -၁၁၀

၁၁။ ဘာကြောင့် ကံကောင်းတာလဲ -၁၁၆

၁၂။ ဘာကြောင့် သူတို့အောင်မြင်တာလဲ -၁၂၈

၁၃။ အတွေ့အကြုံဆိုတာ -၁၄၃


www.burmeseclassic.com

www.burmeseclassic.com


၁၄။ ပုဆိန်သွေးပါ -၁၆၇

၁၅။ အသုံးဝင်လျက် တန်ဖိုးမဲ့ -၁၇၉

၁၆။ ခြေထောက်ကျိုးကလေး -၁၈၇

၁၇။ အကောင်းမြင် စိတ်ဓာတ် -၂၀၂

၁၈။ စွဲမြဲခြင်းရဲ့ ရလဒ် -၂၂၇

၁၉။ ပျော်ရွှင်ခြင်းဆိုတာ -၂၄၄


www.burmeseclassic.com

www.burmeseclassic.com

မအောင်မြင်သေးတဲ့ အနေအထားဆိုတာ တွင်းထဲကို ရောက်နေသလိုပါပဲ။ အောင်မြင်ခြင်းဆိုတဲ့ တွင်းအပေါ်ကို ရောက်ချင်ရင်တော့ အောင်မြင်ရေးနည်းလမ်းလို့ခေါ်တဲ့ လှေကားကို အသုံးပြုဖို့ လိုအပ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ဖိအားနှင့် တွန်းအား

အပြင်က သက်ရောက်တဲ့အားကြောင့်
ကွဲသွားတဲ့ ကြက်ဥဟာ
အစာတစ်လုပ် ဖြစ်သွားပေမယ့်၊
အတွင်းကနေ ရုန်းထွက်လာတဲ့အားကြောင့်
ကွဲသွားတဲ့ ကြက်ဥကတော့
အသက်တစ်ချောင်းဖြစ်လာစေတယ်။

(သီတာရှင်း)



www.burmeseclassic.com

www.burmeseclassic.com

# တွင်းတစ်ပါအမှာစကား

(၁)

ဒီစာအုပ်ကို အမှာစကားရေးမယ်ဆိုတော့ ပထမဆုံးခေါင်းထဲကို ရောက်လာတာက ' ကဗျာ ' လေး တစ်ပုဒ်ပါ။ ဒီကဗျာလေးကို ဧရာဝတီတိုင်းဒေသကြီး ဒါးကမြို့မှာနေတဲ့ သူငယ်ချင်း တစ်ယောက်ရဲ့ မှတ်စု စာအုပ်ထဲက တွေ့တာပါ။

ကဗျာလေးကိုတွေ့တော့ နှစ်သက်သွားတာနဲ့ ကူးယူခဲ့ပါတယ်။ သူငယ်ချင်းရဲ့ မှတ်စုထဲမှာတော့ ကဗျာရေးသူရဲ့ အမည်ကို ဖော်ပြထားတာမတွေ့လို့ မူရင်း ကဗျာရေးသူအမည်ကိုတော့ ဒီနေရာမှ မဖော်ပြနိုင်ပါ။ ကဗျာလေးက -



www.burmeseclassic.com

www.burmeseclassic.com



' ကိုယ်, ပြု, ပြော, ကြံ

ကိုယ်သာခံ၊

ကိုယ့်ကံအလျောက်

တက်အောက်ရောက်။

ချင့်ထောက်ပုံနှိုင်း

ပမာခိုင်း။

တံတိုင်းလုပ်သူ

တွင်းတူးသူ " တဲ့။

ကဗျာလေးရဲ့ ဆိုလိုရင်းအဓိပ္ပါယ်က ရှင်းလင်းပြီး လေးနက်မှုတွေအပြည့်အဝ ပါဝင်ပါတယ်။

ဒါပေမဲ့

ကဗျာဆရာရဲ့ ဆိုလိုရင်းကို စာရေးသူက ခံစားမိသလို, (နားလည်သလို ) ပြန်ပြီးတော့ အဓိပ္ပါယ်ဖွင့်ပါရစေ. . . ။

' ကိုယ်, ပြု, ပြော, ကြံ ဆိုတာ . . .

လူတစ်ယောက်ရဲ့ နေ့စဉ်လှုပ်ရှားမှုတွေကို အကျဉ်းချုံးပြီး ခွဲခြားလိုက်ပါက -



www.burmeseclassic.com

www.burmeseclassic.com



(၁) စိတ်ကကြံစည်မှု (မနောကံ)

(၂) နှုတ်က ပြောဆိုမှု ( ဝစီကံ)

(၃) ကိုယ်ရဲ့ ပြုလုပ်မှု ( ကာယကံ)

တည်းဟူသော ' ကံ ' သုံးပါးသာရရှိပါတယ်။

ဥပမာအားဖြင့် -

စိတ်က ကြံစည်မိတာနဲ့ နှုတ်ကဖွင့်ပြောတယ်၊ လက်တွေ့လုပ်ဆောင်တယ်ပေါ့။ ဒါက ယေဘုယျ သတ်မှတ်ချက်ပါ။

ဘာကြောင့်လည်းဆိုတော့ တချို့က စိတ်ထဲမှာ ကြံမိတဲ့ အတိုင်းလည်း လက်တွေ့ပြောမိချင်မှ ပြောမိတာ။ (ပြောချင်ပေမယ့်လည်း မပြောသင့်ဘူးဆိုကာ နှုတ်ဆိတ် လိုက်တာပါ ) တချို့ကျတော့ ပြောလည်းပြော လက်တွေ့ လည်းဆောင်ရွက်လိုက်တာပါ။

ဘယ်လိုပုံစံပဲဖြစ်ပါစေ ' ကြံစည်မိပြီ ' ဆိုတာနဲ့ 'မနောကံ'၊ ပြောမိပြီဆိုတာနဲ့ ' ဝစီကံ '၊လုပ်မိပြီဆိုတာနဲ့ ' ကာယကံ ' မြောက်သွားပါပြီ။ ဒါကိုယ်ပင်လျှင် ' ကိုယ်ပြု၊ ပြော၊ ကြံ ' ဟု ဆိုတာပါ။



www.burmeseclassic.com

www.burmeseclassic.com



**‘ ကိုယ်သာခံဆိုတာ . . .**

**ကဗျာစပ်ပုံနည်းစနစ်အရကော,** မြန်မာတွေ **နားလည်လက်ခံမှုအရပါ** ‘ ကိုယ်သာခံ ’ ဟု သုံးလိုက်ရပေမဲ့ **သူနဲ့အတူ** ‘ ကိုယ်သာစံ ’ ဟူသော ‘ ပုဒ် ’ ကိုပါ တွဲ **သုံးသင့်တယ်ဟု** ဒါးကမြို့က သူငယ်ချင်းက ပြောပါတယ်။

သူက အကြောင်းပြပါတယ်။

မြန်မာလူမျိုးတွေဟာ အလုပ်တစ်ခုခုလုပ်လို့ အဆင်မပြေမှုတွေကြုံတွေ့တဲ့အခါ ‘ ကိုယ်ဖြစ်ကိုယ်ခံ ’ ဆိုတာကို သုံးစွဲပြီး အလုပ်တစ်ခုခုလုပ်လို့ အဆင်ပြေရင်တော့ ‘ ကိုယ်လုပ်ကိုယ်စံ ’ ဟု သုံးစွဲကြောင်းကိုပါ ထပ်ပြီးတော့ပြောပါတယ်။

ဒါကလည်း မှတ်ထားသင့်ပါတယ်။

‘ ကိုယ်သာခံ ’ ဆိုတဲ့ စကားလုံးကို ကဗျာရေးသူက ဘာကြောင့် သုံးစွဲတာလည်းဆိုတာနဲ့ ပတ်သက်ပြီးတော့ စာရေးသူနားလည်သလောက် (ကဗျာရေးသူနေရာမှ ဝင်ခံစားပြီး ) သူငယ်ချင်းကို ပြောဖြစ်ခဲ့တာက ‘ မြန်မာ စကားမှာ ‘ ခံစား ’၊ ‘ စံထား ’ ဆိုတာရှိသလို ‘ ခံစား ’ နဲ့



www.burmeseclassic.com

www.burmeseclassic.com



'ခံထား' ဆိုတာလည်း ရှိပါတယ်ဆိုတာပါ။

ခံစားခြင်းဆိုတာ အဆင်ပြေမှု။

ခံထားခြင်းဆိုတာ အဆင်မပြေမှု။

'ကိုယ်သာခံ' ဆိုတဲ့ စကားနဲ့ပတ်သက်ပြီး ဘာကြောင့် ဒီလောက်ဖွင့်ဆိုနေရလည်းဆိုတော့ 'ကိုယ်ပြု၊ ပြော၊ ကြံ' ဆိုတဲ့ ရှေ့က 'ပုဒ်' နဲ့ အဓိပ္ပါယ်တွဲစပ်မှ ရမှာဖြစ်လို့ပါ။

လူဟာ မိမိကြံစည်လိုက်တဲ့၊ မိမိပြောဆိုလိုက်တဲ့ မိမိပြုလုပ်လိုက်တဲ့ အရာတွေအတိုင်း အဆင်ပြေရင် 'ခံစား' ရမှာဖြစ်ပြီး အဆင်မပြေရင်တော့ 'ခံထား' ရမှာပါ။ ဒါကိုပင် ရည်ရွယ်ပြီးတော့ ကဗျာဆရာက 'ကိုယ်သာခံ' ဟု သုံးစွဲတာဟု ဖြစ်ပါတယ်။

'ကိုယ်ကံ အလျောက်

ထက်အောက်ရောက်' ဆိုတာ . . .

စိတ်ရဲ့ ကြံစည်မှု၊ နှုတ်ကပြောဆိုမှု၊ လက်တွေ့လုပ်ဆောင်မှုများကိုပင် 'ကံ' ဟုခေါ်ပါတယ်။ (ကဗျာဆရာရဲ့ အဓိကရည်ရွယ်ချက်က ဗုဒ္ဓဘာသာဝင်တို့အဖို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါက လောကုတ္တရာလမ်းကြောင်းကို အစိကဦးတည်နေ တာကို အထင်အရှား တွေ့မြင်နေရပေမယ့်လည်း, ဒီနေ ရာမှာတော့, ဒီကဗျာကို ဒီခေတ်လူငယ်တွေရဲ့ လက် တွေ့ဘဝထဲမှာ အသုံးပြုလို့ရအောင် ဖွင့်ဆိုပါရစေ၊

ကံမှာလည်း အခြေခံအားဖြင့်

(၁) ကောင်းတဲ့ကံ၊

(၂) မကောင်းတဲ့ကံ ဆိုပြီးနှစ်မျိုးရှိတယ်။

ကောင်းတာလုပ်ရင် ကောင်းတဲ့ကံ၊ မကောင်းတာ လုပ်ရင် မကောင်းတဲ့ကံပါ၊ ဒါကို အိုင်းစတိုင်းရဲ့ ကမ္ဘာကျော် သီအိုရီအရဆိုရင် 'တန်ပြန်သက်ရောက်မှု' ပါပဲ။

ဒီတော့

ကောင်းတာလုပ်ရင် ကောင်းကျိုးရမယ်၊ မကောင်း တာလုပ်ရင် မကောင်းကျိုးရမယ် ( တစ်နည်းအားဖြင့်ဆို ရလျှင် ) အလုပ်ကောင်းကောင်းလုပ်ရင် အထက်တန်း ဘဝကို ရောက်မယ်, အောင်မြင်မယ်၊ အလုပ် ကောင်း ကောင်းမလုပ်ရင် အောက်တန်းရောက်မယ်၊ ကျ ရှုံးမယ် ပေါ့။ ဒီသဘောတရားကို ရည်ညွှန်းပြီး 'ကိုယ့်ကံ အလျောက်,



www.burmeseclassic.com

www.burmeseclassic.com



ထက်အောက်ရောက် ' ဟု ဆိုတာပါ။

' ချင့်ထောက်ပုံနှိုင်း၊ ပမာခိုင်း ' ဆိုတာကတော့ ' ဥပမာအားဖြင့် ' ကိုဆိုလိုတာပါ။ သူက ' နမူနာ ' လေး တစ်ခုထုတ်ပြလိုက်ပါတယ်။

ကဗျာဆရာရဲ့ ဥပမာကလှတယ်။

နံရံတွေကို အုတ်စီတဲ့သူဆိုတာ အောက်ခြေကနေ တစ်ဆင့် တဖြည်းဖြည်းအပေါ်ကို (အမြင့်) ကို ရောက်သွား တယ်။

တွင်းတူးတဲ့သူတွေကတော့ အပေါ်ကတစ်ဆင့် တဖြည်းဖြည်းအောက်ကို (အနိမ့်)ကို ရောက်သွားပါတယ်။

ဆိုရလျှင် -

ကြိုးစားတဲ့သူဟာ အမြင့် (ပန်းတိုင်) ကိုရောက် တယ်၊

မကြိုးစားတဲ့သူဟာ အနိမ့် (ပန်းတိုင်မှ ဝေးရာ) ကို ရောက်တယ်။ ဒီသဘောတရားကို အခြေခံပြီး ' တံတိုင်းလုပ်သူ၊ တွင်းတူးသူ ) ဟု ဆိုလိုတာပါ၊

ကဗျာတစ်ပုဒ်လုံးကို ချုံ့ပြီး သုံးသပ်ပါက လူဟာ



www.burmeseclassic.com

www.burmeseclassic.com



မိမိရဲ့ နေ့စဉ်ဘဝထဲမှာ ပြုလုပ်နေတဲ့ ကံသုံးပါးကပဲ မိတို့ ဘဝကို အောင်မြင်သူ, ကျရှုံးသူဟု ခွဲခြားပေးထားတာပါ။ ကံကောင်းချင်ရင် အလုပ်ကို ကြိုးစားပြီးလုပ်, တွင်းတူးသူလိုမဖြစ်စေနဲ့ ' ဟု ဆိုလိုတာပါ။

ဒါဆိုလျှင်

(၃)

" လက်ရှိအနေအထားကို မကျေနပ်ဘူး၊

" ဒီအနေအထားဟာ အောက်ကိုရောက်နေတယ်။ "

" အမြင့်ကို ရောက်ချင်တယ် "

ဒီလိုအနေအထားမျိုးနဲ့ ကြုံတွေ့နေရတယ်ဆိုပါက ကိုယ်ဟာ ' တွင်း ' ထဲကို ရောက်နေပါပြီ။

တွင်းထဲက ရန်းထွက်ချင်ရင်

ရုန်းတက်ချင်တဲ့ နည်းလမ်းရှာရမှာပါ။

ပြောရလျှင်

တွင်းထဲက ထွက်ချင်သူဟာ ရုတ်တရက် ခုန်ထွက်



www.burmeseclassic.com

www.burmeseclassic.com



လို့မရပါဘူး၊ လှေကားနဲ့ တက်မှ ရမှာပါ။ လှေကားဆို တာ အမြင့်ကိုတက်တဲ့အခါ သိရှိထားရမယ့်နည်းလမ်းများ ပါ။

ဆိုရလျှင် -

အောင်မြင်သူတွေမှာရှိသော စိတ်ဓာတ်, အပြော အဆို, လုပ်ကိုင်မှုများ (ကံတွေ )ပါ။ ဒါကိုပင် တွင်းထဲက ထွက်လို့, တက်လို့ရသော ' လှေကား ' ဟု ဆိုတာပါ။

(၄)

အမှာစကားက အနည်းငယ်ရှည်သွားတယ်။

ချုပ်ပြီးပြောရင် အောင်မြင်ချင်သူတွေ သိထားသင့် တဲ့, လိုက်နာသင့်တဲ့ အရာများကို ဆိုလိုတာပါ။

ဒီအရာတွေ ဖြစ်ပေါ်လာဖို့ ဆိုတာကလည်း (ဒီ စာအုပ်ထဲမှာ ပါဝင်သော စာစု) ရှေးရှေးက စာရေးဆရာ များရဲ့ စာပေများကို မှီငြမ်းခဲ့ရတယ်ဆိုတာတော့ ဝန်ခံ ပါရစေ။

အကယ်၍

ဒီအမှာစကားကို ခေါင်းစဉ်တပ်ခွင့်ရမယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေစာရေးဆရာဖြစ်တဲ့ သူရိန်ဦး ( ဓမ္မဒူတ )ရဲ့ စကားလုံးကို ယူသုံးချင်ပါတယ်။

ရှင်လန်းချမ်းမြေ့ပါစေ။

သတိုးနွယ်

၂၀၁၅ (ဒီဇင်ဘာ)။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းကောင်းတွေ သုံးနိုင်ရုံနဲ့
အဆင့်အတန်းမြင့်တဲ့သူ မဖြစ်သေးဘူး။
စိတ်နေသဘောထား အဆင့်အတန်းမြင့်မှ
အဆင့်အတန်းမြင့်တဲ့သူလို့ ဆိုနိုင်တယ်။
နေပုံထိုင်ပုံ ပြောပုံဆိုပုံ
အဆင့်အတန်းမြင့်မှ
အဆင့်အတန်းမြင့်တဲ့ သူဖြစ်တယ်။

ဆရာတော်ဦးဇောတိက
(မဟာမြိုင်တောရ)

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

# အေးမြသော ဘဝပိုင်ရှင်

သူမခြံရှေ့ကို ထွက်အလာမှာ တွေ့လိုက်ရတဲ့ မြင်ကွင်းက အနည်းငယ်ထူးဆန်းသွားတယ်။ သူမတို့အိမ်ရှေ့မှာ အဘိုးကြီးသုံးယောက်က ရပ်နေတယ်။

အဘိုးကြီးတွေရဲ့ မျက်နှာကိုကြည့်ရတာ သန့်ရှင်းပြီး တည်ကြည်သလိုခံစားရတယ်။ သူမတို့ ခြံရှေ့က ခရေပင်အရိပ်က အေးမြနေတော့ အပူဒဏ်ခံအောင် ခေတ္တနားနေတာဖြစ်မယ်လို့ သူမ ယူဆလိုက်တယ်။

" အဘတို့ အိမ်ထဲဝင်ထိုင်လို့ ရပါတယ်။

သူမယောက်ျားက နေ့ခင်းဘက် စာဖတ်လို့ရအောင် ခြံဝိုင်းအတွင်းက သစ်ပင်ရိပ်အောက်မှာ ခုံလေးတွေ ရိုက်ထားတာမို့ သူမက ခြံထဲခေါ်လိုက်တာပါ။

" ကလေးမ ယောက်ျားရှိရဲ့လား "



www.burmeseclassic.com

www.burmeseclassic.com



" မရှိပါဘူး၊ အပြင်သွားနေတယ်၊ ဒါပေမယ့် ရပါတယ် ဝင်ထိုင်လို့ရတယ် သူက ဘာမှမပြောပါဘူး "

ခြံဝိုင်းထဲ သူစိမ်းတွေ ဝင်နေတယ်ဆိုပြီး ယောက်ျားဖြစ်သူက သူမကို ဆူမှာစိုး၍ မဝင်တာဖြစ်မယ်လို့ သူမတွေးလိုက်တယ်။

" မသင့်ပါဘူးကွယ် "

အဘိုးအိုတစ်ယောက်က ပြောစကားကြောင့် သူမ ရှေ့ဆက်ပြီးအိမ်ထဲဝင်ခဲ့ရ ဖြစ်တော့။

သူမအိမ်ထဲရောက်ပြီး မကြာခင်ပဲ ယောက်ျားဖြစ်သူပြန်လာပြီး အိမ်ရှေ့က အဘိုးကြီးသုံးယောက်အကြောင်းမေးပြီးတာနဲ့

" အိမ်ထဲ အလည်ခေါ်လိုက်ပါ "

ဆိုတာနဲ့ သူမက အဘိုးကြီးသုံးယောက်စလုံး အိမ်ထဲကို အလည်ကြွဖို့ ယောက်ျားဖြစ်သူကပါ ခေါ်ခိုင်းလိုက်တဲ့အကြောင်းပြောတော့

" သုံးယောက်စလုံးဝင်လို့ မရဘူး "

" ဘာဖြစ်လို့လဲ အဘိုးရ "



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးရဲ့ စကားက သူမကို တွေးရခက်စေတယ်။

" ဒီလိုကလေးမရဲ့ အဘိုးနာမည်က ' မနေ '၊ ဟိုးတစ်ယောက်က ' အောင်မြင် '၊ နောက်တစ်ယောက်က 'မေတ္တာ' တဲ့၊ အဘိုးတို့သုံးယောက်ထဲမှာ သမီးဝင်စေချင်တဲ့တစ်ယောက်ကိုပဲပြောပါ၊ သမီးရွေးချယ်တာမှန်ရင် သုံးယောက်စလုံးဝင်လို့ရမယ်၊ သမီးရွေးချယ်တာမှားရင်တော့တစ်ယောက်ပဲဝင်လို့ရမှာ။

" ရှင် "

" သမီးတစ်ယောက်ထဲ ဆုံးဖြတ်ရခက်နေရင် သမီး ယောက်ကျားနဲ့ တိုင်ပင်ပြီး ဘယ်သူ့ကို ဝင်ခိုင်းရမလဲ ဆိုတာ ဆုံးဖြတ်ပေါ့ "

" ဟုတ်ကဲ့ အဘ "

သူမအိမ်ထဲကို ပြန်ဝင်ပြီး ယောက်ျားဖြစ်သူကို အကြောင်းစုံပြောပြတော့ သူမယောက်ျားက -

" ဟာ . . . ဒါဆို ဘိုးမနေကို ခေါ်ရမှာပေါ့ကွ၊ ဘိုးမနေသာ တို့အိမ်ထဲရောက်လာရင် ငါတို့မိသားစု ချမ်း



www.burmeseclassic.com

www.burmeseclassic.com



သာပြီ ”

“ မဟုတ်သေးဘူးရှင့် ”

“ ဘာဖြစ်လို့လည်းကွ ”

“ ကျွန်မ သဘောအရဆိုရင်တော့ ‘ ဘိုးအောင်မြင် ’ ကို ခေါ်ချင်တယ်။ ဘာကြောင့်လည်းဆိုတော့ ဓနဥစ္စာကြောင့် ပိုက်ဆံရှိပြီး ကျွန်မတို့သားသမီးတွေရဲ့ ပညာရေး၊ လူမှုရေး စတဲ့ အရေးကိစ္စတွေမှာ အောင်မြင်မှု မရှိရင် ဘယ်လိုလုပ်မလဲ၊ ငွေတော့ရှိပြီး ပညာမတတ်ရင် အလကားပဲ ”

“ မင်းပြောတာတော့ ဟုတ်တယ်၊ ဒါပေမဲ့ ”

“ ဘာ ဒါပေမဲ့လည်း စကားကို ရှင်းအောင်ပြောပါ”

“ ဒီလိုကွ၊ အောင်မြင်မှုရှိရင် ဓနဥစ္စာဆိုတဲ့ ငွေကြေးကလည်းရှိလာမှာပဲ၊ ဒီလိုပဲ ဓနဥစ္စာရှိရင် လူတွေက အထင်ကြီးတတ်လို့ အောင်မြင်မှုကို ငွေကြေးနဲ့ ဖန်တီးနိုင်ပါတယ်။ ငါစိတ်ပူတာက ငွေကြေးနဲ့ အောင်မြင်မှုရှိပြီး မေတ္တာဆိုတဲ့ အေးချမ်းမှုမရှိပြန်ရင်လည်း အဲဒီငွေ အဲဒီအိမ်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမိသားစုရဲ့ ဘဝဟာ ပူလောင်နေမှာပေါ့ "

" ရှင်ပြောသလိုဆို ဘိုးမေတ္တာကိုပဲ ခေါ်ရမှာပေါ့"

" သုံးယောက်စလုံး ခေါ်လို့မရရင်တော့လည်း ဘိုးမေတ္တာပဲ ခေါ်ရအောင်ကွာ၊ ဘယ်လိုလဲ "

" ရှင့် သဘောပါပဲ "

သူမအိမ်အပြင်ကို ထွက်ခဲ့ပြီး

" ဘိုးမေတ္တာဝင်ပါ "

လို့ ခေါ်လိုက်တော့ ဘိုးမေတ္တာက ရှေ့ကဝင်လာပြီး သူ့နောက်က ဘိုးဓနနဲ့ ဘိုးအောင်မြင်ပါ နှစ်ယောက်စလုံးဝင်လာတာကို တွေ့တော့ သူမက . . .

" ဘယ်လိုဖြစ်တာလဲ "

သူမရဲ့ အံ့ဩတဲ့ အကြည့်နဲ့ စကားကို ဘိုးမေတ္တာက

" ဒီလို သမီးရဲ့ လူတစ်ယောက်မှာ ဒါမှမဟုတ် အိမ်တစ်အိမ်မှာ ဒါမှမဟုတ် အသင်းအဖွဲ့တစ်ခုမှာ မေတ္တာတရားမရှိရင် ငွေကြေးလည်း မရှိသလို အောင်မြင်မှုလည်း မရှိနိုင်ဘူး၊ တကယ်လို့ရှိခဲ့ရင်တောင်မှ မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ အဆင်မပြေဘူးပေါ့၊ မေတ္တာတရားသာရှိပါစေ ကျန်တာတွေ ရောက်လာမှာပါ ”

လူတစ်ယောက်မှာအဓိကဖြစ်ချင်တဲ့ဆန္ဒက

(၁) ငွေကြေးချမ်းသာမှု

(၂) အောင်မြင်ကျော်ကြားသောဘဝပိုင်ဆိုင်မှု၊

ဒီနှစ်ခုကိုများသောအားဖြင့် လိုချင်တပ်မက်ကြပါတယ်၊တချို့က ဒီနှစ်ခုထဲက တစ်ခုကိုလိုချင်ပြီး လူအများစုကတော့ နှစ်ခုစလုံးကိုလိုလား တပ်မက်ကြပါတယ်။

အကယ်၍

ဒီနှစ်ခုစလုံးကိုတော့ ရရှိပြီဆိုပါတော့၊ လူ့ဘဝတန်ဖိုးရှိပြီဟုပြော၍ ရနိုင်ပါ့မလား။

စဉ်းစားကြည့်ရအောင် . . . ။

ငွေဘုံပေါ်ထိုင်ပြီး စိတ်ဆင်းရဲနေတဲ့သူတွေ အများကြီးရှိသလို၊ အောင်မြင်တဲ့ဘဝတွေကိုပိုင်ဆိုင်ပါလျက် စိတ်ဖိစီးမှုရှိနေတဲ့သူတွေလည်း အလွန်များပြားပါတယ်။

ဒီတော့

ရလာတဲ့လူ့ဘဝ အခိုက်အတန့်ခဏလေးမှာ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘဝဟာ အေးချမ်းမှုမရှိရင် မိမိကိုယ်တိုင်လည်း အဆင်မပြေသလို၊ မိမိနဲ့ပတ်သက် ဆက်နွယ်သူတွေလည်း အဆင်မပြေနိုင်ပါ။

ဥပမာအားဖြင့်

မီးပုံပေါ်မှာထိုင်နေရတာနဲ့ မီးပုံဘေးရပ်နေရတာဟာအတူတူပါပဲ။

ဒါကြောင့်၊

လူဟာ အောင်မြင်ချင်တယ်၊ချမ်းသာချင်တယ်ဆိုရင်ပထမဆုံးမိမိရင်ထဲမှာ အေးမြမှု ရှိအောင်လုပ်ဆောင်သင့်ပါတယ်။

စိတ်အေးမှ

ဘဝက အေးချမ်းပါတယ်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

လူ့ဘဝမှာ
ကြောက်စရာအကောင်းဆုံးရန်သူဆိုတာ
ကြည်လင်ပြတ်သားတဲ့
ရည်မှန်းချက်မရှိခြင်းဘဲ။

(ရိုမိန်းရိုလန်)
Romain Rollland.
ပြင်သစ်စာရေးဆရာ



www.burmeseclassic.com

www.burmeseclassic.com

# ပြဿနာကြားမှာ အဖြေရှိသည်

တစ်ခါက ဥပဒေပညာရှင်ကြီးတစ်ဦးရှိခဲ့ဖူးပါတယ်။

ဥပဒေပညာရှင်ကြီးကအရမ်းတော်တော့ သူ့ထံမှာ ပညာသင်ကြားလိုတဲ့ တပည့်တွေကလည်း အရမ်းကိုများလှပါတယ်။ ဒါပေမဲ့ ပညာရှင်ကြီးကတော့ တပည့်တွေကိုရွေးချယ်ပြီးတော့ လက်ခံပညာသင်ကြားပေးပါတယ်။

ဒီလိုနဲ့

တစ်နေ့မှာတော့ ပညာရှင်ကြီးထံကို လူငယ်တစ်ယောက်ရောက်လာပြီး ဥပဒေပညာသင်ပေးဖို့ခွင့်တောင်းတော့၊ ပညာရှင်ကလူငယ်လေးကိုကြည့်ပြီး ပညာသင်ကြားပေးချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ပညာရှင်ကြီးက သင်တန်းကြေးတောင်းတော့ လူငယ်လေးက သူ့အနေဖြင့်ဆင်းရဲတဲ့အတွက် သင်တန်းကြေး လောလောဆယ်မပေးနိုင်တဲ့ အကြောင်းပြန်ပြောပါတယ်။

ပညာရှင်ကြီးက လူငယ်လေးရဲ့ဥပဓိရုပ်၊ စကားပြောပုံဆိုပုံ၊ သူ့ရဲ့လေ့လာမှတ်သားမှုအားများကို ကြည့်ပြီး ရှေ့နေဘာသာရပ်တွေသင်ပေးရင်သူလည်း တပည့်ကောင်းရဲ့ဆရာ ဖြစ်မယ်ဆိုတာကို တွေးလိုက်မိတယ်။

ဒါပေမဲ့

သင်တန်းကြေးက အခက်အခဲဖြစ်နေတယ်။

ဒီအခက်အခဲကို ဖြေရှင်းဖို့ သူတို့နှစ်ယောက် ဦးနှောက် မုန်တိုင်းဆင်လိုက်တာ နောက်ဆုံးတော့နှစ်ဦး သဘောတူလက်ခံနိုင်လောက်တဲ့ အဖြေတစ်ခုထွက်ကျလာ ခဲ့တယ်။

ဥပဒေ ပညာသင်ယူပြီးလို့ ပထမဆုံးလိုက်ရသော အမှုနိုင်တဲ့အခါ အဲဒီအမှုနိုင်ကြေးကို လူငယ်လေးက ပညာရှင်ကြီးကို သင်တန်းကြေးပေးရမယ်ဆိုတာပါပဲ။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ok အဆင်ပြေပြီ။

ဒီလိုနဲ့ ရှေ့နေပညာရပ်တွေကို လူငယ်လေးက သင်ယူလိုက်တာ နောက်ဆုံးတော့ အမှုလိုက်ရတဲ့ အနေအထားအထိ တက်မြောက်သွားပါတယ်။ ရှေ့နေပညာရပ် တတ်မြောက်သွားတာနဲ့ တစ်ပြိုင်နက် ‘ ဥပဒေအကျိုးဆောင်လုပ်ငန်း ’ ဆိုပြီး ဆိုင်းဘုတ်တပ်လိုက်တယ်။

ဒါပေမဲ့

ကံမကောင်းစွာဘဲ အမှုကမရဘူး။

ရက်ကနေတစ်ဆင့် လသို့ကူးပြောင်းခဲ့ပေမယ့် အမှုမလိုက်ရတော့ ဆရာဖြစ်သူက စိုးရိမ်လာပြီ။ သူစိုးရိမ်တာက တပည့်ဖြစ်သူ ရှေ့နေပညာရပ်တွေကို မေ့သွားမှာကို စိုးရိမ်တာမဟုတ်ဘူး။ သူသင်တန်းကြေးတွေ မရမှာကိုစိုးရိမ်တာပါ။

သတ်မှ[illegible]ချိန်ကာလတစ်ခုကို စောင့်ဆိုင်းပေးခဲ့ပေမယ့်လည်း အမှုသည်ရောက်မလာတာကို မစောင့်ဆိုင်းနိုင်တော့ ‘ အမှုနိုင်ရင်ပေးရမည် ’ ဆိုတဲ့ မူလပဋိညာဉ်စကားကို ဆရာဖြစ်သူက ဖောက်ဖျက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



" သင်တန်းကြေးမပေးပါက တရားစွဲမည် "

ဟု ပြောလိုက်ပါတယ်။

အဲဒါကမှ ပြဿနာ။

တပည့်ဖြစ်သူက အဲဒီလိုမလုပ်ဖို့ အမျိုးမျိုးရှင်းပြပေမယ့် ဆရာဖြစ်သူက လက်မခံ။ လက်မခံသည့်အပြင် . .

" ငါကတော့တရားစွဲမှာဘဲ အကယ်၍ ငါကအမှုရှုံးသွားရင် မင်းကတိအတိုင်းမင်းရဲ့ ပထမဆုံးအမှုနိုင်လို့ ငါ့ကိုပေးစရာရှိတာ ပေးရမယ်။

ငါနိုင်ရင်တော့ ပြောစရာမလို့တော့ဘူးပေါ့။ "

သွားပြီ။

ပြဿနာက ဖြေရှင်းရခက်နေပြီ.

ဘယ်လိုဖြေရှင်းမလဲ။

ဒီပြဿနာကိုတပည့်ဖြစ်သူက အောက်ပါအတိုင်း ပြန်ဖြေရှင်းလိုက်တယ်။ စကားလုံးတွေနဲ့ရှုပေါ့. . . ။

"ဆရာကြီးပြောသလို ဖြစ်မလာနိုင်ဘူး၊ဘာကြောင့်လည်းဆိုတော့ ကျွန်တော်က အမှုကိုနိုင်ရင် တရားရုံးရဲ့ အဆုံးအဖြတ်အရ ဆရာ့ကို သင်တန်းကြေး ပေးစရာ မလို



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး။ တကယ်လို့ ကျွန်တော်ရှုံးခဲ့ရင်တော့ ဆရာနဲ့ တပည့်ပေးထားတဲ့ကတိအရ ပထမဆုံးအမှုရှုံးလို့ ကျွန်တော် ပေးစရာ မလိုတော့ဘူးလေ ”

ဟုဆိုပါတယ်။

ဒီဇာတ်လမ်းလေးကိုတော့ ဒီနားမှာပဲအဆုံးသတ်ပါရစေ။

အောင်မြင်တဲ့ဘဝကို ပိုင်ဆိုင်ခွင့်ရချင်သူတိုင်းအတွက်တော့ ပြဿနာဆိုတာ မလွှဲမသွေခံစားရမှာပါ။

ပြဿနာကို ရှောင်လွှဲလို့မရပါဘူး။

အရေးကြီးတာက ပြဿနာကိုဖြေရှင်းဖို့ပါ။

ပြဿနာဖြေရှင်းဖို့စဉ်းစားတိုင်း ‘ ပြဿနာတွေထဲမှာပင် အဖြေရှိတယ် ’ ဆိုတာပါပဲ။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## ဝေဖန်ခြင်းနှင့် ပုတ်ခတ်ခြင်း

ဝေဖန်ခြင်းနှင့် ပုတ်ခတ်ခြင်းမတူဘူး၊ ဝေဖန်ခြင်းဆိုတာ သူ့အမှား သူပြန်စဉ်းစားနိုင်အောင် ယဉ်ယဉ်ကျေးကျေး အေးအေးဆေးဆေး၊ သုံးသပ်ပြတာ။ မေတ္တာ၊ ပညာ၊ အကြင်နာ အခြေခံတယ်။

ပုတ်ခတ်ခြင်းဆိုတာ သူ့များအမှားကို ချက်ကောင်းယူပြီး စော်ကားတာ။ အမုန်းတွေ၊ အာဃာတတွေ၊ ဒေါသတွေ အခြေခံတယ်။ ဝေဖန်ခြင်းက သူရောကိုယ်ပါ ချမ်းသာစေတယ်။ ပုတ်ခတ်ခြင်းက သူရောကိုယ်ပါ ဆင်းရဲစေပါတယ်။

(မဟာဗောဓိမြိုင်ဆရာတော်)



www.burmeseclassic.com

www.burmeseclassic.com

# လူစွမ်းမှ နတ်မ,မည်

သက္ကရာဇ် ၂၆၈ခုနှစ်။

ပုဂံပြည်၌ စလေငခွေးဆိုသူက တန်နက်မင်းကို လုပ်ကြံ၍နန်းတက်၏။ တန်နက်မင်း၏ မိဖုရားငယ်တစ်ဦးသည် ကိုယ်ဝန်အရင့်အမာနှင့် ထွက်ပြေးတိမ်းရှောင်၍ ကျောက်ဖြူအရပ်၌ ပုန်းအောင်းနေရသည်။

မကြာမီသားတော်ကလေးတစ်ပါး မွေးဖွားသည်။ မယ်တော်သည် တောလိုက်ဘဝချို့တဲ့စွာ စားသောက်နေထိုင်ရင်း သားတော်ကလေးအား စကားပီနားလည်လာသော အရွယ်မှစ၍ 'ပုဂံပုံပြင်'များကို မကြာခဏ ပြောပြလေ့ရှိသည်။ သားကိုပုံပြောရင်း ရုံခါမျက်ရည်များပင် မဆည်နိုင်ရှာပေ။

" မပူပါနဲ့ မယ်မယ်ဘုရားရယ်၊ သားလည်း ကြီး



www.burmeseclassic.com

www.burmeseclassic.com



ရှင်မင်း လုပ်မှာပေါ့"

သားငယ်သည်လည်း ပုဂံပြည်ကြီးအကြောင်း ကြားရတိုင်း ကလေးဘဝ 'ကြီးလျှင်မင်းလုပ်မည်' ဟု စိတ်အား ထက်သန်လျက်ရှိ၏။

"ငါ့သား မင်းလုပ်တယ်ဆိုတာ ကိုယ်ချင်းစားတရားနဲ့ တရားသဖြင့် မင်းလုပ်နိုင်မှ ကောင်းတာပါ သားရယ်"

မယ်တော်က သရဏာဂုံသုံးပါးနှင့် ငါးပါးသီလကို သင်ပြပေး၏ နောက်ဘုန်းကြီးကျောင်းသို့ ပို့အပ်၍ ပညာသင်ယူစေခဲ့သည်။

ထိုအချိန်ကား ဂိုဏ်းဘုန်းကြီးတို့၏ အမူအကျင့်ဆိုးများ ပုဂံပြည်တစ်ပြည်လုံးလွှမ်းဖုံး၍ လောကီဂိုဏ်းဘုန်းကြီးများသာ နေရာအနှံ့အပြားအုပ်စိုးလျက်ရှိ၏။ 'အရည်းကြီးများ ' ဟု ခေါ်ကြသည်။ မဟာယာနဘုန်းကြီးများဖြစ်၏။

သူတို့သည် ခေတ်ရိုက်ခေတ်ဆင်ဗေဒင်ဟော၏။ အင်္ဂလိရတ် ခေတ်လုံးထိုး၏။ ဆေးကု၊ အင်းချ၊ ရေမန်းတိုက်၊ အရက်သောက်၊ ညစာစားကြ၏။ ဘုန်းကြီးကျောင်းများ



www.burmeseclassic.com

www.burmeseclassic.com



လည်း တဖြည်းဖြည်း ရောနှောသွားကြသည်။ ထေရဝါဒ ခေါ်သော ဘုန်းကြီးကောင်းများကား တောစွန်အုံဖျားၖ မထင်မ ရှားနေကြရ၏။

## လူကိုဖျက်ဆီး ဂိုဏ်းဘုန်းကြီး

မင်းနှင့်မှူးမတ်တို့ကအစ လောကီဘုန်းကြီးများ ကိုကိုးကွယ်ကြသည်။ နဂါးရုပ်ကြီးများ၊ နတ်မဟုတ်ဘုရား မဟုတ်ရုပ်တုများ၊ ဟိန္ဒူရုပ်တုများ၊ အချွန်အတက်နှင့်ဘုရား ရုပ်ပွားပုံများစသည်ဖြင့် (ယခုအခါတိဗက်၊ တရုတ်၊ ဂျပန် ပြည်ရှိ) မဟာယာနများ ထုလုပ်ကိုးကွယ်သော ရုပ်လုံး ရုပ်တုမျိုးကို ကိုးကွယ်ကြသည်။

ထိုလောကီဂိုဏ်းဘုန်းကြီးများ၏ အင်းအိုင်ခါး လှည့်လက်ဖွဲ့မန္တန် အတတ်များကို မင်းများက တိုင်းပြည်ငြိမ် ဝပ်ပိပြားရေး၊ ရာထူးတိုးတက်ရေး၊ အန္တရာယ်ကင်းရေး စသည်တို့အတွက် အားကိုးအားထားပြုခဲ့ကြ၏။ အစစ် အမှန်များ မဟုတ်ကြ၍ တန်ခိုးပြရုံသာတတ်နိုင်ကြသည်။ ဆင်းရဲအောင်လည်း မလုပ်နိုင်၊ ချမ်းသာအောင်လည်း မ, မနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်စီး မြင်းတက်၊ လက်ဝှေ့သတ်၊ ဓားရေးလှံရေးအတတ်များကိုလည်း ထိုဘုန်းကြီးများထံ သင်ယူကြရသည်။ လောကီလူမှု အတတ်ပညာများကိုပါပေး၍ အကိုးကွယ်ခံ နေရာယူခဲ့ကြသည်။

ဝိနည်းသိက္ခာပုဒ်လည်းမရှိ၊ ဘုရားဟောအစစ်အမှန် အမူအကျင့်မှာ အနံ့အသက်မျှသာရှိ၍ ဗုဒ္ဓဘာသာဘုရားတပည့်ဟုသာ မှတ်ထင်၍ ကိုးကွယ်ခဲ့ကြရသည်။

တစ်စုံတစ်ခုသော အကုသိုလ်အပြစ်ကို လုပ်မိစေကာမူ အဆိုပါ ဂိုဏ်းဘုန်းကြီးတို့က ပရိတ်မန္တန်ရွတ်ဖတ်ပေးလျှင် အပြစ်ကလွတ်သည်ဟုလည်း အယူရှိကြသည်။

ဂါထာမန္တန်နှင့်အင်းများ၊ သိဒ္ဓိတန်ခိုးများကိုအားကိုလွန်းသဖြင့် ကိုယ်ကျင့်တရား၊ ကိုယ်ချင်းစာတရားများမလိုတော့။ ထို့ကြောင့်လည်း အဖေကိုသတ်သောမင်းများပင် ပုဂံရာဇဝင်၌ တိုင်းပြည်အုပ်ချုပ်မင်းလုပ်ခဲ့ကြဖူး၏။ ကံကံ၏ အကျိုးမလိုတော့ပြီ။ အိန္ဒိယ၌ သာသနာအမြစ်ပြတ်ကွယ်ခဲ့ရသည်မှာ ထိုဘုန်းကြီးများကြောင့်ပင်ဖြစ်၏။

သူတို့၏ ဂါထာမန္တန်နှင့် အင်းကွက်များမှာ-



www.burmeseclassic.com

www.burmeseclassic.com



၁။ ဘုရားဟောအစစ်ဒေ ၂ ၇များကိုပြင်ဆင်ထားခြင်း၊

၂။ ဘုရားဟောခဲ့သယောင်ပါဠိဘာသာဖြင့် ဆင်တူယိုးမှား ရေးသားထားခြင်းကို ယခုခေတ်အထိ တွေ့မြင်နိုင်ကြ၏။

အသိဉာဏ် ပညာနည်းပါးကြသဖြင့် 'အဘယ်အရာသည် အစစ်အမှန်' ဟု ယခုအထိ ခွဲခြားသိမြင်သူရှားနေပေသေးသည်။ အစစ်အတုခွဲခြား၍ မလွယ်အောင်လည်း ရောမွှေထားကြ၏။ ဆင်ယင်ဝတ်ဆင်မှုမှာလည်း အစစ်နှင့်ခွဲခြား၍ မရအောင် ဟန်ဆောင်နေကြသည်။

မိဖုရားသားအမိသည် ပုဂံပြည်တွင် မင်းမိဖုရား၊ မှူးကြီးမတ်ကြီးစစ်သူကြီးများမှအစ လူကုံထံ ဂုဏ်သရေရှိသူများနှင့် ပြည်သူအများ ကိုးကွယ်သော မဟာယာနဂိုဏ်းဘုန်းကြီးများ၏ မိစ္ဆာဒိဋ္ဌိဘေးကြီးမှ လွတ်ကင်းရသည်မှာ ကံကောင်းလှပေ၏။

တောစွန်အုံဖျား၌ ဘုရားသားတော်အစစ်အမှန် နှင့်တွေ့ကြုံရသဖြင့် တရားစစ်တရားမှန်များ ရရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူရဏာဂုံငါးပါးသီလမှအစ စစ်စစ်မှန်မှန်သိသလောက်တလေးကိုကျင့်ကြံနိုင်ကြ၏။ သားတော်ကိုလည်း ကျောင်းဖြူဘုန်းကြီးထံအပ်နှံ၍ ပညာသင်ယူစေခဲ့သည်။

"မယ်မယ်ဘုရား၊ သားတော်ရဲ့ဘုန်းမြတ်ကြီးဘုရား သင်ပေးတဲ့စာတွေနဲ့ သည့်ပြင်ဘုန်းကြီးတွေနေတာထိုင်တာနဲ့ တခြားစီပါလား။ ဘုန်းမြတ်ကြီးဘုရားနဲ့ သူတို့ဝတ်စားပုံလဲ မတူဘူးနော်"

သင်ပုန်းကြီး[illegible]နှ်၍ ဘုရားရှိခိုးစာ၊ မင်္ဂလသုတ်လောက်ရောက်လျှင် ဘုန်းကြီးအစစ်နဲ့ ဘုန်းကြီးအတုကိုကွဲပြားစွာ မြင်နေရပြီဖြစ်၏။

ငါးပါးသီလမျှမလုံ၊ကံကံ၏အကျိုးကိုမျှပင်မယုံသောမဟာယာနဂိုဏ်းဘုန်းကြီးများ၏ ညြဇာလွှမ်းနေပုံမှာစဉ်းစား၍မတတ်အောင်ရှိလေ၏။

မကြာမီထေရဝါဒ ဗုဒ္ဓဘာသာအရ အခြေခံတတ်သိရမည့် ဝတ်တက်၊ ဝတ်ကပ်၊ သီလယူ၊ ဂုဏ်တော်ပွားများမေတ္တာပွားပုံ၊ အမျှဝေပုံ စသည်ကို နှုတ်တက်ရလာ၏။ ပရိတ်ကြီး ၁၁ စောင် ပင်ကုန်ခါနီးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



" မယ်မယ်ဘုရား သားငယ်ငယ်က ပုဂံပြည်အကြောင်းများကို မယ်မယ်ဘုရားပုံပြောတာ ကြားရတော့ သားစိတ်ထဲ မင်းသိပ်ဖြစ်ချင်လာတယ်၊ ခုတစ်ခါဘုန်းမြတ်ကြီးဘုရားက ညတိုင်းပဲ ဘုရားတော်တတ်ပြီးတိုင်း မြတ်စွာဘုရား ထီးနန်းစွန့်လွှတ်ပြီး တောထွက်တဲ့အကြောင်း၊ မဇ္ဈိမဒေသရဟန်းတော်တွေ၊ မင်းတွေအကြောင်းမိန့်ဆိုတာ ကြားရတော့ သားတော်စိတ်ထဲမှာ ပိုပြီး မင်းဖြစ်ချင်လာတယ် မယ်မယ်ဘုရား။ အခုရှိနေတာနဲ့ ဘာမှမဆိုင်ဘဲဟာ။ ဒီတရားအလွဲတွေ လိုက်နေလို့ကတော့ မဂ်ဖိုလ်နိဗ္ဗာန်မပြောနဲ့ လူပြန်ဖြစ်ဖို့တောင် မလွယ်ပါဘူး။ ဒီတရားစစ်တရားမှန်တွေ ပုဂံတစ်ပြည်လုံးသိကြရအောင် သားသိပ်ပြီးမင်းလုပ်ချင်တာပဲ။ "

သားတော် စိတ်လိုက်မာန်ပါ ပြောနေသည်ကို မယ်တော်မှာ ဝမ်းထဲက ကျိတ်ပြီးဝမ်းသာနေမိ၏။

" တိုးတိုးပြောပါ သားရယ်။ မင်းဖြစ်တယ်ဆိုတာ လွယ်တာမဟုတ်ဘူး သားရဲ့၊ မင်းကို သတ်ရမှ မင်းဖြစ်တာ။ သားက သတ်ရဲလို့လား "



www.burmeseclassic.com

www.burmeseclassic.com



မယ်တော်လုပ်သူက လက်ရှိအစဉ်အလာကို အခိုင်အမာလုပ်၍ ပြောရင်းသားအကဲကို စမ်းလိုက်ခြင်း ဖြစ်သည်။

“ လူမပြောနဲ့ ပုရွက်ဆိတ်ကိုတောင် သားမသတ်ရဲပါဘူး ၊လူသတ်ဝံ့မှလဲ မင်းဖြစ်ရတာမဟုတ်ဘူး မယ်မယ်ဘုရားရယ်၊ ဘုန်းမြတ်ကြီးဘုရားက ပြောတယ်။

၁။ ဗြဟ္မစရိယခေါ်တဲ့ အကျင့်သီလကို နည်းနည်းကျင့်နိုင်ရင် လူမင်းဖြစ်သတဲ့။

၂။ အလယ်အလတ်ကျင့်ရင် ဗြဟ္မမင်းဖြစ်သတဲ့။

၃။ အကောင်းဆုံးကျင့်ရင် မင်းတကာ့မင်း ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ရသတဲ့။

သားတော်လည်း ငါးပါးသီလကို အမြဲစောင့်နေတာပဲဟာ အခုမင်းလုပ်နေတဲ့ လူတွေထက်တော့သာတာပဲ။ အဲဒီဘုန်းကြီးတွေဟာ အရက်လည်းသောက်တယ်။ သူတစ်ပါးသမီးပျိုကိုလဲ ‘ပန်းဦးလွှတ်’ တယ်ဆိုပြီး ကျူးလွန်ကြသတဲ့။ သတ်နိုင်တိုင်းလဲ မင်းဖြစ်တာမဟုတ်ပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



" တော်ပါတော့ သားရယ်၊ တော်ကြာ ရာဇဝတ် သင့်နေပါဦးမယ်၊ သီလရှိတဲ့လူဟာ ဘာမဆိုလိုချင်တာ ရနိုင်သတဲ့။ နောက် ဘုန်းမြတ်ကြီးဘုရားဟောတဲ့အတိုင်း သာ လိမ္မာအောင်နေပါ "

နေ့ရှိသမျှ သားအမိနှစ်ယောက်သား ရတနာသုံး ပါးဝတ်ကို ဖြည့်လျက်နေလာခဲ့ကြရာ သားတော်အရွယ် ရောက်၍ လာသဖြင့် ပုဂံနေပြည်တော် တက်၍ အလုပ် လုပ်ရန်စီစဉ်ရ၏။ ပုဂံနေပြည်တော်၌ တောင်သူကြီးမင်း နန်းတက်ချိန်ဖြစ်သည်။

ဆရာဘုန်းတော်ကြီးလည်း အသွင်မတူသော မိစ္ဆာဒိဋ္ဌိရဟန်းဆိုးတို့အကြားတွင် မနေလို၍ သထုံဘက်သို့ ထွက်ခွာသွားလေ၏။

သားတော်လည်း မယ်တော်ကို ကန်တော့၍ ပုဂံ နေပြည်တော်သို့ ထွက်ခွာလာခဲ့သည်။ မြန်မာစာအရေး အသားနှင့် အတွက်အချက်လည်း ကျွမ်းကျင်၍ ရုပ်ဥပမိ လည်း ခန့်ညား၊ ရိုးသားသော အမူအရာလည်း ပေါ်လွင် လှသဖြင့် နန်းတော်တွင် ကွမ်းဆော်ရာထူး၌ ခန့်အပ်ခံရ၏။



www.burmeseclassic.com

www.burmeseclassic.com



လွှတော်မှ နတ်မ

'ကွမ်းဆော်' ဆိုသည်မှာ -

အခွန်အကောက် နှိုးဆော်စီမံရသူဖြစ်သည်။

တောင်သူကြီးမင်းထံတွင် ကွမ်းဆော်ရာထူးဖြင့် အမှုတော်ကို ထမ်းရွက်ရင်း သင်ယူခဲ့ရသမျှ သရဏဂုံ-ငါးပါးသီလကိုလည်း ကြိုးစား၍ စောင့်ထိန်း၏၊ ဗုဒ္ဓါနုဿတိ (ဘုရားဂုဏ်တော်ကို အထပ်ထပ်အောက်မေ့ခြင်း) စသော အနုဿတိဆယ်ပါး 'အခြေခံအိမ်တွင်း ဝိပဿနာ' တရားကိုလည်း နေ့ရှိသမျှ ပွားများ၏။

အလုပ်ကိုလည်း ကြိုးစားလုပ်သည်။

ဘာသာတရားကိုလည်း တမင်ထမ်းထားရသည် မဟုတ်သဖြင့် အလုပ်လုပ်ရင်းပင် နှလုံးသွင်းနေ၏။ ထို့ကြောင့် တစ်ရွာဝင်တစ်ရွာထွက် ကွမ်းဆော်လုပ်ရာ၌ ခင်မင်သူ ကူညီသူပေါ၍ အလုပ်လည်း ပို၍အောင်မြင်နေတော့သည်။

ကွမ်းဆော်လုလင်သည် ကွမ်းဆော်ရန် ခရီးထွက်ရင်း မောမောရှိသည်နှင့် အရိပ်ကောင်းလှသော ညောင်းချမ်း



www.burmeseclassic.com

www.burmeseclassic.com



ပင်ကြီး တစ်ပင်အောက်၌ အပန်းဖြေနားနေလေ့ရှိသည်။

ထိုနေရာကား အပန်းဖြေနေကျဖြစ်သည်၊ အမော ပြေလျှင်ပါလာသော ထမင်းထုပ်ကို ဖြည်၍ စောင်းချမ်းပင် နတ်ကို ရည်မှန်းပြီး စားဦးစားဖျားဖြင့် ပသလေ့ရှိ၏။

(နတ်ကိုးကွယ်ခြင်းမဟုတ်၊ မြို့စောင့်နတ်၊ တော စောင့်နတ်များကို ပသကောင်း၏။ အမျှဝေကောင်း၏။ ဗုဒ္ဓရှင်တော်မြတ် ခွင့်ပြုပြီးဖြစ်သည်။ ယခုအခါကဲ့သို့ အရက်၊ ကြက်တို့ဖြင့် ပသခြင်းမျိုးမဟုတ်သည်ကို ခွဲခြားသတိပြုပါ၊ ကြက်၊ အရက်တို့ဖြင့် ပသခြင်းကိုမူ မလုပ်ကောင်း)

တစ်နေ့သောအခါ စောင်းချမ်းပင်စောင့်နတ်သည် ကိုယ်ထင်ရှားပြကာ -

" မင်းသား သင်သည် တစ်နေ့သောအခါ ဤပုဂံ ပြည်၌ မင်းဖြစ်လိမ့်မည်၊ သရဏဂုံသုံးပါးနှင့် ငါးပါးသီလ ကို လုံခြုံအောင် စောင့်ထိန်းပါ၊ အနုသာသတိဆယ်ပါးကို မပြတ်ပွားများပါလေ "

ဟု သတိပေးပြောဆိုကာ ပျောက်ကွယ်သွား၏။

ပျဉ်ပြားမင်း၏ မြေး၊ တန်နက်မင်း၏သားဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းဆော်လုလင်သည် ငယ်စဉ်ကပင် ဇာတိမာန် မင်းသွေး စိတ်နှင့် သာသနာ အစစ်အမှန်ကို ပြန့်ပွားစေလိုသော စိတ်ရှိသူပီပီ ပို၍စိတ်အားတက်လာ၏။

စောင့်ထိန်းနေကျ ငါးပါးသီလကိုလည်း ပို၍ လုံခြုံအောင် အထူးစောင့်ထိန်းသည်။ ရတနာသုံးပါး ကျေးဇူးတော်ဂုဏ်တော်များကိုလည်း ပို၍စူးစူးစိုက်စိုက်ပွားများလေ့ရှာသည်။

ရှေးကလည်းပါ၊ မှန်ရာကိုလုပ်နေသူအတွက် နတ်တို့လည်း မနေသာ ကူညီနှိုးဆော် မ-စကြရမြဲ ဖြစ်၏။

"နတ်မ၍ လူတော်လာရခြင်းမဟုတ်၊ လူတော်၍ နတ်မလာရခြင်းဖြစ်သည်" ကို ကေ-င်·စွာရှုမြင်သင့်သည်။

ကွမ်းဆော်လုလင်သည် တစ်နေ့ထက်တစ်နေ့ အကောက်အခွန်အလုပ်ကိုလည်း ပို၍ ကြိုးစားပြီးလုပ်၏။ တရားကိုလည်း တိုး၍စောင့်သည်။ မင်းဖြစ်လိုလဲဖြစ်၊ မဖြစ်လို့လဲ ကိုသိုလ်တိုးသည်ပဲဟုသာ အမှတ်တမဲ့ ပြုနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ပုဂံတစ်မြို့လုံးလေးပြင်လေးရပ် ကောလဟာလများ ဖြစ်နေ၏။ 'မင်းလောင်းပေါ်နေပြီတဲ့' မည်သည့်နေ့ရက် မည်သည့်နေရာမှာ လာလိမ့်မတဲ့။

ကွမ်းဆော်လုလင်သည် ထိုသတင်း ထိုကောလဟာလကို အသိချင်ဆုံး ဖြစ်၏။ ပုဂံတစ်ပြည်လုံးလည်း အုပ အုတ်သဲသဲ ဖြစ်နေ၏။ တစ်နေ့တွင် ပုဂံပြည်သူ ပြည်သားတို့သည် အုတ်စုဖွဲ့၍ပင် သူ့ထက်ငါ တူရွှင်းတောင်ဘက်သို့ သွားနေကြသည်။ မင်းလောင်းကို သူ့ထက်ငါ အလျင်ဖူးတွေ့ရန်၊ ပူဇော်ကန်တော့ရန် ဖြစ်၏။

ကွမ်းဆော်လုလင်သည်လည်း ရွာတစ်ရွာသို့ ကွမ်းဆော်အလုပ်သွားရင်း လူအများ ပွဲလမ်းတမျှ စည်ကားစွာ သွားလာနေကြသည်ကို တွေ့ရသည်။

ထိုနေ့ပြုလုပ်ရန် အလုပ်ကိစ္စလည်းပြီးပြီဖြစ်၍ 'မင်းလောင်းဖူး[illegible]ပင် နေပြည်တော်သို့ သွားတော့မည်' ဟုလည်း စိတ်ကူးထား၏။

ရေးကြီးသုတ်ပျာလာရင်းလမ်းတွင် မြင်းစီးလာသော အဘိုးအိုတစ်ဦးကို တွေ့ရ၏။ ရှောင်သွားမည်အပြု



www.burmeseclassic.com

www.burmeseclassic.com



" အမောင်၊ ငါ့မြင်းကို ပုဂံသို့ ယူဆောင်သွားစမ်းပါ၊ အဘိုးမှာ ကိစ္စတစ်ခု ရှိနေသေးလို့ "

အဘိုးအိုက မြင်းကိုရပ်၍ပြော၏။

မင်းလောင်းကြည့်လိုဇောဖြင့် အမောတကော သွားနေရစဉ် အရေးထဲ အရာပေါ်၍ စိတ်မရှည်တော့ဘဲ

" ဟာ . . . မဖြစ်ဘူး ဘိုးဘိုး အားတော့နာပါရဲ့ ကျွန်တော် တူရွှင်းတောင်ဘက်ကို မင်းလောင်းသွားကြည့်ချင်သေးတယ်၊ နေလဲ အတော်နည်းနေပြီ "

အဘိုးအိုကို မတတ်သာ၍သာ စကားဖက်ပြောနေရ၏။ စိတ်ကမူ တူရွှင်းတောင်ဘက် လူအုပ်ကြီးဆီသို့ ရောက်နေတော့သည်။

အဘိုးအိုက ဆိုပြန်၏။

" အမောင်၊ ဘယ်လိုပြောလိုက်တာလဲ အမောင် သွားမယ့်ခရီး၊ မြင်းပါတော့ ပိုပြီး မြန်မြန်မရောက်ရပါလား"

ကွမ်းဆော်လုလင်လည်း ထိုအခါမှ -

" ဟုတ်ပါရဲ့ ဘိုးဘိုး၊ ကျွန်တော် စိတ်စောနေလို့"

ဟု ဆိုကာ မြင်းကိုတက်၍ စီးလေ၏။ အပြေးစိုင်း



www.burmeseclassic.com

www.burmeseclassic.com



နှင်တော့မည်အပြုတွင် အဘိုးအိုသည် ပါလာသောအထုပ်ကို ဖြေကာ -

" ခဏလေးဆိုင်းပါဦး ငါ့မြေးရယ်၊ ဟောဒီ ပတ္တမြားလက်စွပ်ကလေးဝတ်ကြည့်စမ်းပါဦး၊ ငါ့မြေးနဲ့ တော်ရဲ့လား၊ နောက်ပြီးဟောဒီဥဿျှောင် (မင်းဆောင်းဦးထုပ် ) ကလေးရော၊ ဟောဒီပတ္တမြားကျောက်စီ လှံကလေးရော လက်စနဲ့ ယူသွားစမ်းပါ၊ ဘိုးဘိုးမြို့အဝင်က စောင့်နေမယ်၊ ဘိုးဘိုးနောက်ကျလို့ မမီလည်း စောင့်မနေနဲ့၊ မင်းနန်းပြင် ရောက်တော့တွေ့ကြတာပေါ့၊ နန်းပြင်ကိုသာ မောင်းလာခဲ့ပေတော့ "

အဘိုးအို ပြောသည်ကို စိတ်မရှည်တော့ဘဲ၊

" ဟုတ်ကဲ့ ဘိုးဘိုး "

ဟု ဆိုကာ ဘာမျှစဉ်းစားမနေတော့ဘဲ မြင်းကိုသာ ဒုန်းစိုင်း၍ ယွက်လွှားစေ၏။ ဥဿျှောင်ကိုလည်း အကိုင်ရခက်သဖြင့် ခေါင်းမှာပင် ဆောင်းထားပြီး ပတ္တမြားကျောက်စီလှံကိုလည်း လက်တစ်ဘက်ဖြင့် ထောက်၍ ကိုင်ကာ တူရွှင်းတောင်ခြေရှိ လူအုပ်ကြီးထံသို့ မြင်းကို ဒုန်းစိုင်း၍



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာခဲ့သည်။

## မင်းလောင်းမည်သူလဲ

တူရွှင်းတောင်ခြေ၌ စုရုံးနေကြသော လူအုပ်ကြီးမှာ ပန်းသပြေညောင်ရေလောင်းကာ ကွမ်းဆော်လုလင်အားဝိုင်း၍ ပူဇော်ကန်တော့ကြကုန်၏။ မင်းလောင်းကြည့်ရန်သွားသော ကွမ်းဆော်မှာ လွန်စွာ အံ့အားသင့်သွားသည်။

မင်းလောင်းကြည့်ချင်ဇောဖြင့် ကသောကမျော လမ်းကယူခဲ့သော ပစ္စည်းများကို ခုမှပင် သတိထား၍ ကြည့်မိရာ မင်းမြောက်တန်ဆာများဖြစ်နေပြီး မိမိကိုယ် တိုင်ပင် မင်းလောင်းဖြစ်နေကြောင်း သတိပြုမိလေတော့၏။

ထိုအခါမှပင် တစ်ချိန်က စောင်ချမ်းပင်စောင့် နတ်ပြောစကားကို ပြန်လည်သတိရလေတော့သည်။

လူအုပ်ကြီးကား သူ့ကိုပင် ဝိုင်း၍ ကန်တော့နေကြ၏။ ပုဂံမြို့ဘက်မှ လည်းကောင်း၊ တောရွာများဘက်မှလည်းကောင်း၊ လူစုလူဝေးကြီးများလည်း လာ၍မဆုံးသေးလာကြည့်နေကြတုန်းပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းဆော်လုလင်မှာလည်း မြင်းစီးလျက်က မင်သက်မိကာ ဘုမသိဘမသိတွေးပြီး . . . စဉ်းစားနေစဉ်နေလည်း ဝင်လုပြီဖြစ်၍ အကြံရခက်နေ၏။ မြင်းပေးလိုက်သော အဘိုးအိုက 'နန်းရင်ပြင်ကိုသာ မောင်းလာခဲ့ပေတော့' ဟု မှာသည်ကို သတိရကာ မြင်းဇက်ကြိုးဆွဲလှည့်ပြီး ရတနာသုံးပါးဂုဏ် အာရုံပြုလျက် ပုဂံနေပြည်တော်သို့ ထွက်ခဲ့လေတော့သည်။

တူးရွှင်းတောင်ခြေရှိ လူအုပ်ကြီးနှင့် ဟိုမှသည်မှ လာနေကြသော လူအုပ်များလည်း မြင်းနောက်ကပင် လိုက်ပါလာကြ၏။

နန်းရင်ပြင်အထိ လိုက်ပါလာသူများ ထွက်၍ ကြည့်နေကြသူများဖြင့် ပုဂံနေပြည်တော်တွင် အစည်ကား ဆုံးနေ့ကြီးတစ်နေ့ ဖြစ်သွားသည်။ တစ်နန်းတော်လုံး အုန်းမောင်းစည်သံများ ခြိမ့်ခြိမ့်ညံသွား၏။

တောင်သူကြီးမင်းလည်း အံ့အားသင့်ကာ နန်းဦးက ထွက်လာ၏။

" ငါကိုယ်တော်မြတ်ရှိနေပါလျက် အဘယ်သူက



www.burmeseclassic.com

www.burmeseclassic.com



မင်းပြုလိုဘိသနည်း ”

ဟု ကြိမ်းဝါးပြောဆို၏။

သူ၏ မင်းဖြစ် ရမည့် ကုသိုလ်ကံ အရှိန်အဝါလည်း ကုန်လေပြီဖြစ်၍ နန်းတော်၌ ထုလုပ်ထားသော တင်းပုတ်ထမ်းသည့် ကျောက်လူရုပ်ကပင် သူ့အားရိုက်ပုတ်၍ တွန်းချလိုက်သည်။

တောင်သူကြီးမင်းသည် သေလွန်၍ ကွမ်းဆော်လုလင်သည် မင်းဖြစ်လာလေ၏။ သက္ကရာဇ် ၃၂၆-ခုနှစ်။

## ကွမ်းဆော်လာပြီ

တောင်သူကြီးမင်း၏ မိဖုရားညီအမသုံးဦးကိုလည်း မိဖုရားအရာ ဆက်လက်ချီးမြှောက်တော်မူသည်။

အကြီးညီအမနှစ်ဦးတွင် ‘ ကြည်းစိုးနှင့် စုက္ကတေး’ မင်းသားနှစ်ပါးတို့ ကိုယ်ဝန်သန္ဓေများပါလာခဲ့၏။ တောင်သူကြီးမင်း၏ သားများဖြစ်သည်၊ အငယ်ဆုံးမိဖုရားတွင် ကွမ်းဆော်မင်းနှင့်မှ ‘အနော်ရထာ’ ကို ဖွား၏။

ရတနာသုံးပါးကျေးဇူးကြောင့် သကြားနတ်များပင် မနေနိုင်ဘဲ ကူညီစောင်မကြ၏။ ‘ကွမ်းဆော်မင်း ’ ဟု



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ ‘ကြောင်ဖြူမင်း’ ဟုလည်းကောင်း ခေါ်ဆိုကြ၏။ မင်းပြုလျက်ကပင် ရဟန်းဝတ်၍ ထေရဝါဒသာသနာအစစ်အမှန်များ ပြန့်ပွားထွန်းကားအောင်ဆောင်ရွက်လိုစိတ်များလည်း မကြာခဏဖြစ်ပေါ်နေ၏။

နန်းစံ ၂၂-နှစ် ရှိသောအခါ ကြည်းစိုးနှင့် စုတ္တတေးမင်းသားနှစ်ဦးသည် ကျောင်းဆောက်လုပ်ကြ၏။ ကျောင်းပြီးလျှင်

“ ခမည်းတော်ဘုရား၊ သားတော်များ ဆောက်လှူထားတဲ့ ကျောင်းတော်ကို လိုက်၍ ကြည့်ညှိလှဲ့ပါဦး၊ သာဓုခေါ်ပါဦး ”

ဟု ပင့်ခေါ်ကာ ကျောင်းကိုပြသကြကုန်၏။

ကျောင်းသို့ရောက်လျှင် အသင့်စီစဉ်ထားသောသင်္ကန်းများပေးအပ်၍ အတင်းအကြပ်ရဟန်းပြုခိုင်းကြလေ၏။ ‘ သူ့အလိုအလျောက်ရဟန်းပြုသွားပြီ ’ ဟုနေပြည်တော်၌ ကောလာဟလလုပ်၍ သားအကြီးကြည်းစိုးက မင်းပြုသည်။

ထို့နောက် စုတ္တတေးမင်းပြုရာ စုတ္တတေးသည်



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်တော်သူအနော်ရထာ၏ မိခင်ကိုပင် မိဖုရားတင်မြှောက်ရန် ကြံစည်သဖြင့် အနော်ရထာနှင့် မသင့်မတင့်ဖြစ်ကြ၏။ ဆင်စီးချင်းထိုးကြရာ စုက္ကတေးကျဆုံးသွားသည်။

" ခမည်းတော်ဘုရား၊ ယခုအခါ ဘေးရန်များလည်း ကင်းရှင်းနေပြီဖြစ်၍ ရဟန်းဝတ်ချတ်လဲကာ မင်းပြုတော်မူပါဘုရား "

သားတော်ဖြစ်သူ အနော်ရထာသည် ရဟန်းပြုနေပြီဖြစ်သော ခမည်းတော်ထံသွား၍ လျှောက်၏။ ကွမ်းဆော်ဘုန်းတော်ကြီးကား ရှေးယခင်ကပင် ရဟန်းပြုရန် ဆန္ဒလည်းရှိ၊ တရားပီတိလည်း ရတော်မူနေပြီဖြစ်၍ သားတော်၏ လျှောက်ထားတောင်းပန်သည်ကို ငြင်းပယ် လိုက်တော့သည်။

" သားတော်၊ ခမည်းတော်ဟာ ငယ်စဉ်ကပင် တရားသဖြင့် မင်းပြုရသည်ကိုသာ လိုလားခဲ့သည်။ ပုဂံနေပြည်တော်တစ်ခွင်လုံး မစင်မကြယ် မဖွယ်မရာ ယုတ်မာညစ်ညမ်းသော ရဟန်းဆိုး၊ ရဟန်းယုတ်များရဲ့ တရားများ



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂျင့်များကိုလဲ ရှေးယခင်ကအနည်းက သုတ်သင်လိုခဲ့တယ်။

ခမည်းတော်လည်း အသက်ကြီးပြီ။ မင်းလည်းမလုပ် လိုတော့၊ ငါ့သားတော်သာ တရားသဖြင့် မင်းပြုပြီးမြတ် စွာဘုရားရဲ့ အတုမရှိတဲ့ သာသနာတော်ကြီး စည်ပင်ပွင့်လင်းအောင် ဆောင်ရွက်ပေတော့ ”

ဟုဆိုကာ သားတော်ကိုပင် မင်းပြုစေ၏။

## ကွမ်းဆော်မင်း၏ သင်္ချိုင်းခန်းစာ

သက္ကရာဇ် ၄၀၆-ခုနှစ်မှစ၍ အနော်ရထာမင်း မင်းပြုခဲ့၏။ စားရေရိက္ခာအတွက် ချောင်းကန်ဆည်မြောင်းများကိုလည်း ဆည်ဖို့ခဲ့သည်။

မင်းဆက်ပေါင်း လေးဆယ်နီးပါး ဂိုဏ်းဘုန်းကြီး၊ အရည်းကြီးများ၏ ' မဟာယာန ဗုဒ္ဓဘာသာ ' အမည်ခံ မိစ္ဆာဒိဋ္ဌိဝါဒဆိုးကြီး လွှမ်းမိုးလာခဲ့သည်ကို သာသနာပြုရှင်အရဟံမထေရ်နှင့် တိုင်ပင်၍ ထေရဝါဒသာသနာ ထွန်းကြယ်အောင် ဆောင်ရွက်တော်မူခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းဆော်လုလင်သည် နတ်မ,၏ သိကြားကူ၍သာ ဘုရင်ဖြစ်ရသည်ဟု မမှတ်သင့်။ နတ်သိကြားကူမ,မှုသည် အပယိကဖြစ်သည်။ ကွမ်းဆော်လုလင်၏ ရှေးဘုန်းကံ မည်မျှကြီးမားသည်ကို ခန့်မှန်းလည်သင့်သည်။

ဂိုဏ်းဘုန်းကြီးများကို ချေမှုန်းကာ အရှေ့တောင်အာရှတစ်ခွင်လုံး၌ 'ထေရဝါဒ သာသနာမြန်မာပြည်' ဟု တစ်ကမ္ဘာလုံးက အားကိုးနိုင်လောက်အောင် ထေရဝါဒကို သူမတူမြှောက်စားခဲ့သော အနော်ရထာမင်း၏ ကျေးဇူးသည် အလွန်ကြီးမားလှသည်။

ယင်းသို့ဆိုသော်

အနော်ရထာ၏ ခမည်းတော် ကွမ်းဆော်လုလင်သည် ဘယ်မှာလျှင် ရှေးဘုန်းကံ သိမ်ငယ်သူ ဖြစ်ပါလိမ့်မည်နည်း။

ကွမ်းဆော်သည် မမြင်ရသော ရှေးဘုန်းကံကိုသာ အားကိုးပြုသူမဟုတ်။ တတ်သိနားလည်သော အရွယ်မှစ၍ သရဏဂုံ ငါးပါးသီလစောင့်ထိန်းကာ အနုသာသတိအသီးပါးပွားများခြင်းစသည်ဖြင့် ရတနာသုံးပါးကျေးဇူးဂုဏ်ကို

www.burmeseclassic.com



အမြတ်တမ်းအာရုံပြုသူဖြစ်သည်ကို တွေ့ခဲ့ရပြီ။ အရွယ်နှင့်မလိုက်သော လူသူတော်ကောင်း ကလေးပင်တည်း။

ထိုမျှသာလား၊ မဟုတ်ချေ။

မိဘကို ကောင်းမွန်စွာ ယုပ်ကျွေးသောသူလည်းဖြစ်သည်။ အရှင်သခင်၏ အလုပ်ကို လေးစားကျိုးနွံစွာ သစ္စာရှိရှိ ကတိတည်တည်လုပ်၏။ ကိုယ်ပိုင်အလုပ်ကဲ့သို့ သဘောထား၏။ စည်းကမ်းကို ရိုသေ၏။ လူကြီးသူမတို့၏ စကားကို နာယူ၏။ ရိုးသားဖြောင့်မတ်၏။ ထိုဟာသည်ပင် သီလဖြစ်သည်။

ထိုအရည်အချင်းများတွင် တစ်ခုနှစ်ခုတည်းဖြင့်လည်း အရာရာ၌ အထွတ်အထိပ်သို့ ရောက်နိုင်၏။ အထွတ်အထိပ်သို့ ရောက်နေသူများကို ချဉ်းကပ်လေ့လာလျှင် အနည်းဆုံး ထိုတစ်ခုကောင်းများကို တွေ့နိုင်သည်။

ထိုမျှသာလား။ မဟုတ်သေး။ ဘာသာရေးကျင့်ဝတ်အရ မိမိပြုလုပ်သမျှ ကုသိုလ်အဖို့ကို မြို့စောင့်နတ်၊ တောစောင့်နတ်က အစနတ်များကို အမျှပေးဝေလေ့ တရားသဖြင့်ပသ၏။



www.burmeseclassic.com

www.burmeseclassic.com



နတ်ချစ်ဆေး

မြတ်စွာဘုရားကိုယ်တော် ပါဌလိပုတ်ပြည်တည်စဉ်က-

" အကျင့်ရှိသော သူမြတ်တို့ထံ ဆည်းကပ်ကျွေးမွေးခြင်း၊ မြို့စောင့်နတ်စသည်တို့အား တရားသဖြင့် ပသခြင်းပြုလုပ်သူအား နတ်တို့သည် ကျေးဇူးတုံ့ပြန်၍ စောင့်ရှောက်ကြ၏။ သားသမီးကဲ့သို့ ချစ်မြတ်နိုးကြ၏။

(ဒေဝတာနုကမ္ပိတော ပေါသော၊ သဒါဘဒြာနိ ပဿတိ)

နတ်ချစ်ခံရသူသည် ထာဝစဉ် အကောင်းချည်းသာ ဖြစ်ရတတ်သည်။ "

ဟု ဟောတော်မူဖူးသည်။

ကွမ်းဆော်လုလင်သည် အတိတ်ကံရော ပစ္စုပ္ပန်ကံပါ လုံလောက်သူဖြစ်သည်။ ရတနာသုံးပါးကျေးဇူးဂုဏ်အရည်အချင်းကောင်းတွေချည်း စုပုံပြုသူဖြစ်၏။

ထိုသူမျိုးကို နတ်များ အဘယ်ကြောင့် မ,မနေရဲကြပါမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူတော်လူကောင်းမျိုးသည် အဘယ်မှာ မကြီးပွား မတိုးတက်ဘဲရှိပါလေမည်နည်း ။ ။

(နှာ -၅၁)

အထက်ပါ အရေးအသားနဲ့ အကြောင်းအရာတွေကတော့ ဆရာကြီးမေမှာစရိယ ဦးဖွေးလှိုင်ရဲ့ ' ရတနာသုံးပါးကျေးဇူး ကိုယ်တွေ့ဝတ္ထုများ ' စာအုပ်ထဲမှ တဆင့်ပြန်ပြီးတော့ ဖော်ပြခြင်း ဖြစ်ပါသည်။

ဘာကြောင့် ဖော်ပြတာလဲ ?

အကြောင်းအရာပိုင်းကို ကြည့်တော့ ' ပုဂံမင်းဆက်' ဖြစ်နေပါတယ်၊ ပုဂံမင်းခေတ်၊ ပုဂံရာဇဝင်တို့ကို ပြောရင် အငြင်းပွားစရာတွေရှိတယ်လို့ အစဉ်အလာပိုင်းအရ ပြောဆိုကြပါတယ်။

ဒါပေမဲ့

ပထမမြန်မာနိုင်ငံကို တည်ထောင်ခဲ့တဲ့ 'အနော်ရထာမင်း ' ရဲ့ ဖခင် ' ကွမ်းဆော်မင်း 'ရဲ့ ဘဝဖြတ်သန်းမှုပုံရိပ်တစ်စိတ်တစ်ဒေသကို ဖော်ထုတ်ထားတာဖြစ်လို့ စိတ်ဝင်စားစရာကောင်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ကွမ်းဆော်မင်း' ဟာ သာမန်အခြေအနေတစ်ခုကနေ တိုင်းပြည်ရဲ့ ခေါင်းဆောင်ဖြစ်ဖို့ အဓိကအထောက်အပံ့နှစ်ခုရခဲ့ပါတယ်။

(၁) ပစ္စုပ္ပန်ကြိုးစားမှု

(၂) နတ်တို့ရဲ့ စောင့်မမှု

'ပစ္စုပ္ပန်ကြိုးစားမှု' အရ သူဟာ အလုပ်ကို ကြိုးစားပြီးလုပ်ကိုင်တဲ့အတွက် တိုင်းပြည်ကို အုပ်ချုပ်နိုင်သောအရည်အသွေးတွေ ရှိနေခဲ့ပါတယ်။ ဒါတွေကလည်း အလိုအလျောက် ဖြစ်ပေါ်တတ်သောအရာများ မဟုတ်ပါဘူး။

လိုအပ်တဲ့အရာတွေကို တိတိကျကျလေ့လာပြီး လုပ်တတ်မှ ရှိလာသောအရာတွေဖြစ်ပါတယ်။

ဥပမာအားဖြင့်

သူဟာ တိုင်းပြည်ကို ခေါင်းဆောင်နိုင်မဲ့ ( ပန်းတိုင်ကို ရောက်ရှိနိုင်သောအခြေအနေတစ်ခုကို ရောက်နိုင်သောအနေအထား) အခွင့်အရေးရလာပေမယ့်လည်း ခေါင်းဆောင်တစ်ယောက်မှာ ရှိသင့်ရှိထိုက်သော အရည်အသွေးများရှိမထားပါက အဲဒီရလာတဲ့ အခွင့်အရေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ဟာ အလကားဖြစ်သွားတတ်ပါတယ်။

တချို့ပြောလေ့ရှိတဲ့ စကားရှိပါတယ်။

" အဲဒီတုန်းက ဒီလိုမျိုးသာဆိုရင် "

ဒါတွေက နောက်ကျခဲ့ပြီ။

ဒီတော့

အောင်မြင်ချင်သူဆိုတာ ဘယ်လိုအခြေအနေမျိုးမှာမဆို အလုပ်ကိုစနစ်တကျကြိုးစားပြီး လုပ်ဆောင်ပါတယ်။

နောက်တစ်ချက်က 'နတ်တို့၏ စောင့်မမှု ' ပါ

မိဘကို ပြုစုလုပ်ကျွေးတယ်၊ ရတနာသုံးပါးကို ဆည်းကပ်တယ်။ (အခြားဘာသာဝင်များဖြစ်ပါက မိမိတို့ဘာသာတရားက ဆုံးမသည်များကို လေးစားလိုက်နာကျင့်သုံးပါက) ဆိုပါက မမြင်ရတဲ့ နတ်တွေရဲ့ စောင့်ရှောက်မှု အကူအညီပေးမှုတွေကို ရရှိတတ်ပါတယ်။

တစ်ခါတစ်လေကျရင် မိမိတို့ဘဝမှာ အမှတ် မထင်တွေ့ကြုံရတဲ့ ' ကံကောင်းမှု ' တွေဟာ မမြင်ရသော နတ်များရဲ့ စောင့်ရှောက်မှုတွေလည်း ဖြစ်နေတတ်ပါ တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် နတ်ကစောင့်ရှောက်တာလဲ ?

လူကိုယ်တိုင်က အစွမ်းအစရှိလို့ပါ။

အစွမ်းအစဆိုတာ ပစ္စုပ္ပန်အလုပ်ကို ကြိုးစားမှု၊ မိဘကို ပြုစုလုပ်ကျွေးမှု၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း တို့ကို ဆိုလိုတာပါ၊ ဒါကိုပင် 'လူ့စွမ်း' ဟု ခေါ်တာပါ။

လူမစွမ်းရင်တော့

နတ်ကလည်း ဘာသိဘာသာပါပဲ။

နတ်တွေရဲ့ အစောင့်အရှောက်အကူအညီရဖို့ဆို ရင် မိမိကလည်း နတ်တွေချစ်အောင် နေရပါတယ်။

ရတနာသုံးပါးကို ယုံကြည်စွာကိုးကွယ်သူ၊ မိဘကို လုပ်ကျွေးသူ၊ မှန်သောစကားကို ပြော-ူ လုပ်သူတွေကို နတ်တွေက ချစ်ခင်မြတ်နိုးပါတယ်။

နတ်ချစ်ရင်တော့

လာဘ်ဖြစ်ပါတယ်။

လာဘ်ဖြစ်တယ်ဆိုတာ၊

ပန်းတိုင်ကို ရောက်တာပါ ။ ။

* * *



www.burmeseclassic.com

www.burmeseclassic.com

အခွင့်အရေးတစ်ခုကို
ဆုံးရှုံးလက်လွှတ်လိုက်ရပြီဆိုရင်
သင့်မျက်လုံးကို
မျက်ရည်တွေပြည့်မနေပါစေနဲ့.
နောက်ထပ် ပိုကောင်းတဲ့
အခွင့်အရေးတစ်ခုကို
မျက်ရည်တွေက ကွယ်ပစ်သလိုဖြစ်သွားလိမ့်မယ်။

(ကြယ်တစ်ပွင့်)



www.burmeseclassic.com

www.burmeseclassic.com

# ယုံကြည်တာတွေ မစွန့်လွှတ်လိုက်ပါနဲ့

(၁)

အေဘရာဟမ်လင်ကွန်း (Abrahanc Lincoln)

ဒီနာမည်က ဟောဒီကမ္ဘာကြီးကို လွှမ်းခြုံထားတယ်။ ကမ္ဘာမြေပေါ်က ဘယ်နိုင်ငံမဆို ဒီနာမည်ကို သိကြတယ်။

ဘာကြောင့်သိတာလဲ ၊

သူက ကမ္ဘာ့စူပါ, ပါဝါနိုင်ငံကြီး ဖြစ်တဲ့ အမေရိကန်နိုင်ငံရဲ့ (၁၆)ယောက်မြောက်သမ္မတတစ်ဦးဖြစ်ခဲ့လို့ပါ။

သို့သော်

အမေရိကန်နိုင်ငံရဲ့ သမ္မတဖြစ်တိုင်း သူ့နာမည်ကို ကမ္ဘာကြီးက သိတာမဆန်းပေမယ့်၊ ဒီလိုသိတာကလည်း အခိုက်အတန့်ကာလလေးတစ်ခုမျှသာဖြစ်ပါတယ်။ သမိုင်းတွင်လောက်အောင်တော့ အမေရိကန်သမ္မတတိုင်းက



www.burmeseclassic.com

www.burmeseclassic.com



မကြီးကျယ်မခမ်းနားခဲ့ပါဘူး။

အနည်းစုသော သမ္မတတွေလောက်သာ သမိုင်းဝင်ပြီး သမိုင်းတွင်ခဲ့တာပါ။ အဲဒီအနည်းစုသော သမ္မတတွေထဲမှာ 'အေဘရာဟမ်လင်ကွန်း' က ထိပ်ဆုံးက ရှိနေခဲ့သူတစ်ယောက်ပါ။

မြန်မာနိုင်ငံမှာ 'ဗိုလ်ချုပ်အောင်ဆန်း' ကို ခေတ်အဆက်ဆက်က လူတွေက လေးစား၊ အားကျ၊ တန်ဖိုးထားမြတ်နိုးကြသလို၊ အမေရိကန်နိုင်ငံသားတွေ ကလည်း 'အေဘရာဟမ်လင်ကွန်း' ကိုခေတ်အဆက်ဆက် လေးစား၊ အားကျ၊ တန်ဖိုးထားမြတ်နိုးလေ့ရှိကြပါတယ်။

'အေဘရာဟမ်လင်ကွန်း' ရဲ့ အထင်ရှားဆုံးလုပ်ရှားမှုတစ်ခုကတော့ 'ကျွန်စနစ်' ကို ဖျက်သိမ်းဖို့ တိုက်ဖျက်ခဲ့တာပါ။

'လင်ကွန်း' သမ္မတမဖြစ်ခင်က အမေရိကန်အပါအဝင် ကမ္ဘာ့နိုင်ငံအချို့မှာ 'ကျွန်စနစ်' တွေက အထင်အရှားရှိနေခဲ့တယ်။

ဆင်းရဲသား လူတန်းစားတွေကို တိရစ္ဆာန်တွေလို၊



www.burmeseclassic.com

www.burmeseclassic.com



ရောင်းတယ်၊ ဝယ်တယ်၊ နှိပ်စက်တယ်၊ ခိုင်းတယ်၊ လူသား တွေလို တန်းတူမဆက်ဆံဘူး၊ ခွဲခြားဆက်ဆံတယ်၊ လူတွေ ကို (ကြက်၊ ဝက်၊ ငါး၊ အသီးအရွက်တွေကဲ့သို့) ဈေးထဲမှာ ချရောင်းကြတယ်။ ဒါတွေဟာ 'ကျွန်စနစ်' ရဲ့ အစိတ် အပိုင်း အချို့ပဲ။

(အမေရိကန်နိုင်ငံရဲ့ ကျွန်စနစ်အကြောင်းကို အကျယ်ချဲ့ပြီး ရေးမယ်ဆိုပါက စာမျက်နှာများစွာကို အသုံးပြုရမှာဖြစ်သလို ထိခိုက်၊ နာကျည်း၊ ရင်နင့်ဖွယ်ရာ တွေကိုလည်း ဖတ်ရမှာပါ။ ဒီနေရာမှာတော့ မရေးပြ တော့ပါ)

သူသမ္မတဖြစ်လာတော့ 'ကျွန်စနစ်' ကို တိုက် ဖျက်ခဲ့တယ်။ ဒီစနစ်ကိုလည်း အလွယ်တကူတိုက်ဖျက်ခဲ့ ရတာ မဟုတ်ပါဘူး။ အခက်အခဲတွေများစွာ ကြားကနေ တိုက်ဖျက်ခဲ့ရတာပါ။

နောက်ဆုံးမှာတော့ ဆင်းရဲသား၊ အသားမည်းတဲ့ လူတွေကို တိရစ္ဆာန်တစ်ကောင်လို ဆက်ဆံတဲ့ 'ကျွန်စနစ်' ကို တိုက်ဖျက်နိုင်ခဲ့လို့ ကမ္ဘာကြီးကပါ သူ့ကို အလေး



www.burmeseclassic.com

www.burmeseclassic.com



အနက်ထားခဲ့ကြပါတယ်။

'လင်ကွန်း' ဟာ ကျွန်စနစ်ကို တိုက်ဖျက်ခြင်း အပါအဝင်များစွာသော ခေါင်းဆောင်ကောင်းတစ်ဦးရဲ့ လုပ်သင့်လုပ်ထိုက်တာများကိုပါ လုပ်ဆောင်ခဲ့ပါတယ်။

ဆိုရလျှင် -

အေဗရာဟမ်လင်ကွန်းဆိုတာ -

အောင်မြင်တဲ့ လူတစ်ယောက်ပါ

ပြောချင်တာက အဲဒီနေရာရောက်အောင် သူ ဘယ်လိုဖြတ်သန်းခဲ့ရထာယ်ဆိုတာကို နည်းနည်း လောက် လေ့လာကြည့်ရအောင်။

[၂]

အေဘရာဟမ်လင်ကွန်း (1809 - April ls 1865) ကို ၁၈၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့ မှာ Kentucky ပြည်နယ်က လယ်သမားမိဘနှစ်ပါးက မွေးဖွားခဲ့ပါတယ်။

သူ့မိဘနှစ်ပါးစလုံးက ပညာမတတ်သလို တော



www.burmeseclassic.com

www.burmeseclassic.com



သား၊ လယ်သမားတစ်ဦးဖြစ်တဲ့ ' လင်ကွန်း ' ဟာလည်း (၁၈) လလောက်ပဲ ပညာသင်ယူခဲ့ရတယ်။ ဒီအနေအထား ရေးတတ်, ဖတ်တတ်ရုံပါဘဲ။

ဒါပေမဲ့

သူက အတန်းပညာတက်ခွင့်မရပေမဲ့၊ အခြားတတ်သင့်၊ တတ်ထိုက်တဲ့ ပညာရပ်တွေကို သိရှိ နားလည်, တတ်မြောက်စေဖို့ ' စာဖတ်အားကောင်းခဲ့တယ်' ၊ စာဖတ်တယ်ဆိုတာကလည်း ကိုယ်တိုင်သင်ယူမှုတစ်ခုပဲ။

ကျေးလက်တောရွာမှာ စာဖတ်ဖို့ဆိုတာ သာမန်စိတ်ဓာတ်နဲ့တော့ မဖြစ်နိုင်ပါဘူး၊ ဘာကြောင့်လည်းဆိုတော့ တောရွာအသိုင်းအဝိုင်းရဲ့ ပင်ကိုယ်သဘာဝပတ်ဝန်းကျင်အနေအထားအရ စာဖတ်အားနည်းသလို၊ စာအုပ်တွေကလည်း ရှားပါးလှပါတယ်။

သို့သော်

တကယ်တတ်ချင်၊ သိချင်၊ သင်ယူချင်တဲ့ 'လင်ကွန်း' အတွက်ကတော့ အခက်အခဲတွေကြားမှာ အခွင့်အရေးကို ရအောင်ယူတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရွာမှာ စာအုပ်မရှိရင်၊ စာအုပ်ရှိတဲ့ရွာတွေကို လမ်းလျှောက်သွားပြီးရှာဖတ်တယ်။ ကျက်သင့်တဲ့စာတွေကို ကျက်၊ မှတ်၊ လေ့လာခဲ့တယ်။

ဒီလိုနဲ့

ဆင်းရဲသားကောင်လေးတစ်ယောက်ဟာ ကိုယ်တိုင်လေ့လာသင်ယူမှုနဲ့ အတူ အဆုံးစွန်သော ဇွဲလုံ့လများနဲ့ ကြိုးစားလိုက်တာ ၁၉၃၆-ခုနှစ်မှာတော့ ရှေ့နေတစ်ယောက်အဖြစ် အသက်မွေးဝမ်းကြောင်းပြုလာနိုင်ခဲ့တယ်။

ဒီလိုအနေအထားလေးတစ်ခုရောက်အောင် သူအများကြီးကြိုးစားခဲ့ရတယ်။ ဘာကြောင့်လည်းဆိုတော့ သူ့မှာ အရင်းအနှီးနဲ့ မိတ်ဆွေအပေါင်းအသင်းဆိုတာ ဆင်းရဲသားနဲ့ လယ်သမားတွေပဲရှိခဲ့တာကိုး။

ဘာမှမရှိတဲ့အနေအထားကနေ တစ်ခုခုရှိအောင် ကြိုးစားရတာကပင် သူ့အတွက် သေရေး, ရှင်ရေးပဲ။

သူက ဘာမှ မရှိခဲ့တာကိုး။



www.burmeseclassic.com

www.burmeseclassic.com



## [၃]

လယ်ကွက်ထဲကနေ မြို့ပေါ်ကိုရောက်လာတော့ သူ့ရဲ့ 'ပန်းတိုင်' က ပြောင်းသွားတယ်။ တစ်ကိုယ်ရေး အောင်မြင်မှု, ချမ်းသာမှုကို မလိုလားဘူး၊ အဖိနှိပ်ခံ လူတန်းစားတွေ ဘဝကို သူကယ်တင်ချင်ခဲ့တယ်။ သူကိုယ်တိုင်ကလည်း ဆင်းရဲသားတစ်ယောက်ဖြစ်ခဲ့လေတော့ ဘဝတူ ဆင်းရဲသားတွေရဲ့ ဒုက္ခကို ကယ်တင်ပေးချင်တယ်။

ဒီလိုလုပ်ပေးဖို့ သူ မှာငွေကြေးနဲ့ လုပ်ပိုင်ခွင့်မရှိဘူး။

ငွေကြေးရှိရင်တောင်မှ အလုပ်အကိုင်တချို့ကို သာဖန်တီးပေးနိုင်ပြီး၊ ကျွန်စနစ်ကို တိုက်ဖျက်ပေးလို့ရမှာမဟုတ်။ လုပ်ပိုင်ခွင့်ရှိလို့ကတော့ အလုပ်အကိုင်အခွင့်အလမ်းနဲ့ မကောင်းတဲ့ စနစ်တွေကိုပါ ပြောင်းလဲလို့ရမယ်ဆိုတာကိုပါ သူက သိထားလိုက်တယ်။

အဲဒီအတွက် လုပ်ဆောင်ရမှာ တစ်ခုပဲရှိတယ်။

အဲဒါ နိုင်ငံရေးသမားလုပ်ဖို့ပဲ။

နိုင်ငံရေးသမားဖြစ်ဖို့ဆိုပါက ရွေးကောက်ပွဲဝင်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့

သူရွှေးကောက်ပွဲကို စတင်ပြီးတော့ဝင်ခဲ့တယ်။ ပထမဆုံးရလဒ်က ' အရှုံး ' နဲ့ စတင်ခဲ့တယ်။ သူလို မထင်ရှားတဲ့, လူသိနည်းတဲ့ လူတစ်ယောက် ရွှေးကောက်ပွဲမှာ ' ရှုံး ' တာကမဆန်း။ နောက်တစ်ကြိမ်ထပ်ပြိုင်တယ်။ ဒီတစ်ခါလည်း သူအနိုင်မရခဲ့ပြန်ဘူး။

တစ်ဖက်က ရွှေးကောက်ပွဲဝင်သလို တစ်ဖက်မှာတော့ ကိုယ်ပိုင်စီးပွားရေးကို ထူထောင်ခဲ့တယ်။

ကံကြမ္မာကောင်းက သူ့ဘက်မှာရှိမနေခဲ့ဘူး။

သူ့ကိုယ်ပိုင်စီးပွားရေးက တစ်နှစ်အတွင်းမှာ အရှုံးတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ သူအများကြီးမျှော်လင့်ပြီး၊ ရင်းနှီးမှုတွေများစွာ လုပ်ထားတဲ့ အလုပ်ရဲ့ အဆင်မပြေမှုက သူ့ကို အကြွေးနွံထဲကို နစ်သွားတယ်။ အဲဒီအကြွေးကျေဖို့ သူ (၁၇) နှစ် ဆပ်ခဲ့ရတယ်။

တစ်ဖက်က အလုပ်, လုပ်၊ ရတဲ့ငွေကို အကြွေးဆပ်ရင်း ၁၈၃၅-ခုနှစ်မှာ မိသားစုဘဝကို ဖန်တီးဖို့ ချစ်သူနဲ့ စေ့စပ်ခဲ့တယ်။ မင်္ဂလာဆောင်ခါနီးမှာ သတိုးသမီးလောင်း



www.burmeseclassic.com

www.burmeseclassic.com



က သေသွားခဲ့တယ်။

ရွေးကောက်ပွဲရဲ့ အရှုံးဒဏ်၊ အကြွေးရဲ့ဖိနှိပ်မှု၊ ဘဝလက်တွဲဖော်ရဲ့ သေဆုံးမှုတွေက သူ့ရဲ့ စိတ်ဓာတ်တွေကို ဟိုး ..... အောက်ဆုံးရောက်အောင်တွန်းပို့ခဲ့တယ်၊ ဘဝတစ်ခုမှ မလုပ်ချင်တော့။ အားလုံးကိုလက်မြှောက်အရှုံးပေးချင်စိတ်တွေ ဖြစ်စေခဲ့တယ်။

တကယ်လည်း အရှုံးပေးခဲ့တယ်။

၁- နှစ်

၂- နှစ်

၃- နှစ်ဆိုတဲ့ ကာလတွေကို အဓိပ္ပါယ်မဲ့စွာ ဖြတ်သန်းခဲ့တယ်။

၁၈၃၈- ခုနှစ်မှာတော့ သူကိုယ်သူ ပြန်အားပေးတယ်။ ' ဒီအတိုင်း နေရင် ဒီဘဝက မတက်နိုင်ခဲ့ဘူး ' ဆိုတာ၊ သူ့ဘဝကို တစ်ကနေ ပြန်စဖို့ ဆုံးဖြတ်လိုက်တယ်။ သုံးနှစ်ဆိုတဲ့ ကာလတစ်ခုဟာ သူ့ကို စိတ်ပိုင်းနှင့် ရုပ်ပိုင်းကို ရင့်ကျက်မှုဖြစ်စေခဲ့ပြီလေ။

မူလပန်းတိုင်ကို ပြန်လျှောက်ဖို့ ရုန်းထခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



၁၈၃၈- ခုနှစ်မှာ တိုင်းလွှယ်တော်အမတ်အဖြစ် ဝင်အရွေးခံတယ်။

ရလဒ်က အရှုံးပဲ။

သူပြန်ထတယ်။ ထပ်ပြိုင်တယ်။

ထပ်ပြီးတော့ ရှုံးတယ်။

အကြိမ်ကြိမ် ကြိုးစားခဲ့တယ်။ (အားလုံး ၈- ကြိမ်) သူကြိုးစားခဲ့သမျှ အကြိမ်တိုင်းဟာ အရှုံးတွေနဲ့ ချည်း ရင်ဆိုင်ခဲ့ရတယ်။

သာမန်လူတစ်ယောက်ဆိုပါက ထပ်ပြီးတော့ ယှဉ်ပြိုင်ဖို့ စိတ်ဝင်စားတော့မှာ မဟုတ်တော့ပေ။

သူ့အတွက် အနိုင်မှ မရှိခဲ့တာကိုး။

[၄]

အောင်မြင်ချင်တဲ့သူတွေမှာ 'ရည်မှန်းချက်ပန်း တိုင်' ဆိုတာရှိကြပါတယ်။ အဲဒီပန်းတိုင်ကို ရောက်အောင် အကောင်အထည်ဖော်တဲ့ အချိန်တွေမှာ အဆင်မပြေမှုတွေ, အခက်အခဲတွေ, အတားအဆီးတွေ, အရှုံးတွေနဲ့ ရင်ဆိုင်ကြရမှာဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းတိုင်သွားတဲ့ ခရီးလမ်းက

အမြဲတမ်းခက်ခဲပြီး ကြမ်းရှပါတယ်။

ဒါကို စိတ်ပျက်တဲ့ သူတွေကတော့ ပန်းတိုင်ကနေ အဝေးဆုံးကို ရောက်သွားတတ်ကြပါတယ်။

'လင်ကွန်း' ကတော့ အရှုံးတွေကနေ သင်ခန်းစာယူတယ်။ ထပ်ပြီးတော့ ရွေးကောက်ပွဲဝင်တယ်။ ၁၈၄၆-ခုနှစ်မှာ ကွန်ဂရက်လွှတ်တော်အမတ်အဖြစ်သူ အရွေးခံရတယ်။

၂- နှစ် တာဝန်ထမ်းဆောင်ခဲ့တယ်။

၁၈၅၄-ခုနှစ်မှာ ဝင်ရွေးတယ်။ ရှုံးတယ်။

လင်ကွန်းဟာ ၁၁- ကြိမ် ရွေးကောက်ပွဲ ဝင်တယ်။ ၂- ကြိမ်ပဲ အောင်မြင်ခဲ့တယ်။

၁၈၆၀ မှာ သူ သမ္မတဖြစ်ခဲ့တယ်။

[၅]

လူတစ်ယောက်အနေဖြင့် မိမိယုံကြည်သောအရာ တစ်ခုရဖို့ ဆောင်ရွက်တဲ့အခါမှာ ကြုံလာနိုင်တဲ့ အခက်အခဲတွေကို ဖြေရှင်းရတာဟာ သိပ်ပြီးတော့မခက်



www.burmeseclassic.com

www.burmeseclassic.com



ခဲလှပါဘူး။

ဒါပေမဲ့

အခက်အခဲတွေက ထုထည်ကြီးမားစွာ ကြုံတွေ့လာပြီဆိုရင်တော့ မိမိတို့ရဲ့ ယုံကြည်မှုတွေကို သံသယရှိလာပါတယ်။

" သဲထဲရေသွန်သလို ဖြစ်နေပြီလား "

ဒီစိတ်ဓာတ်ဝင်လာတာဟာ အောင်မြင်ရမည်ဆိုသော မူလယုံကြည်ချက်ကို ပျက်ဆီးစေနိုင်တယ်။

ဒီလိုမဖြစ်စေဖို့ဆိုပါက ဇွဲသတ္တိနှင့် ကြံ့ခိုင်ခြင်းရှိဖို့ အထူးလိုအပ်ပါတယ်။ ဇွဲသတ္တိရှိတဲ့သူဟာ ပန်းတိုင်မရောက်မခြင်းဘာပဲတွေ့ကြုံပါစေ ကြံ့ခိုင်သော စိတ်ဓာတ်ဖြင့် တုံ့ပြန်ပါတယ်။

အဲဒီတုန့်ပြန်မှုကပဲ ယုံကြည်မှုကို အားကောင်းစေပြီး အောင်မြင်မှုကို ရစေတာဖြစ်ပါတယ်။

အောင်မြင်ချင်သူတွေဟာ

ဒီအချက်ကို သတိပြုသင့်ပါတယ်။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

အတွေးကို သတိထား၊
အတွေးက ' စကားလုံး ' ဖြစ်လာတယ်။
စကားလုံးကို သတိထား
စကားလုံးက ' အပြုအမူ ' ဖြစ်လာတယ်။
အပြုအမူကို သတိထား
အပြုအမူက ' အကျင့် ' ဖြစ်လာတယ်။
အကျင့်ကို သတိထား
အကျင့်က ' ကိုယ်ကျင့်တရား ' ဖြစ်လာတယ်။
ကိုယ်ကျင့်တရားကို သတိထား
ကိုယ်ကျင့်တရားက ' ကံ ' ဖြစ်လာတယ်။

(လပြည့်ဝန်း၊ သာစည်)



www.burmeseclassic.com

www.burmeseclassic.com

# စီးပွားတိုးတက်ရေးအကြောင်းတရားလေးပါး

စီးပွားရေးတိုးတက်စေနိုင်သော အကြောင်းတရားများစွာရှိသည့်အနက် အဓိကကျသော အကြောင်းတရား (၄) ပါးကို ဖော်ပြလိုပါသည်။

၁။ မိမိအတွက် အကျိုးရှိမည့် အလုပ်တစ်ခုကို လုပ်နည်းလုပ်ဟန်နှင့် တကွ၊ ပိုင်ပိုင်နိုင်နိုင်၊ ကျွမ်းကျွမ်းကျင်ကျင်၊ စိတ်ပါလက်ပါလုပ်ကိုင်ပါ။ ကျရှုံးမှု နစ်နာမှုများနှင့် ကြုံတွေ့လျှင် စိတ်မပျက်ဘဲ ဇွဲနှင့် ဝီရိယကို ပိုကဲပြီး ကြိုးစားလုပ်ကိုင်ပါ။

တစ်ချိန်တွင် ထိုအလုပ်ကပင် သင့်အားပြန်သင်ကာ လုပ်ငန်းကြီးထွားတိုးတက်လာမည်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



များစွာသော ကမ္ဘာကျော်သူကြွယ်ကြီးများသည် သူတို့လုပ်နေသော အလုပ်က သူတို့ကို ပြန်သင်ကာ မျက်စိပွင့်၊ နားပွင့်လာပြီး အထွတ်အထိပ်သို့ ရောက်ခဲ့ရသူများ ဖြစ်သည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။

ဥပမာ -

ဘဝအစတွင် ဆင်းရဲလွန်း၍ ဖိနပ်အရောင်းဆိုင်၌ ဖိနပ်အရောင်းသမားလေးဘဝမှ ငွေရင်းဆယ်ကုဋေကျော်ဖြင့် အလုပ်သမား (၄၀၀၀) ကျော်၊ တစ်နှစ်ဖိနပ်အရံပေါင်း ငါးသန်းမျှထုတ်ပေးနိုင်သည့် ဖိနပ်စက်ရုံကြီးကို တည်ထောင်ကာ သူဌေးကြီးဖြစ်လာသူ မစ္စတာဒေါက်ကလပ်။

သစ်တောဌာနတွင် ထမင်းချက်လုပ်နေရင်း သစ်အကြောင်းတွေ လေ့လာကာ နောက်ဆုံး၌ သစ်သူဌေးကြီးနှင့် သင်္ဘောသူဌေးကြီးဖြစ်လာသူရောဘတ်ဒေါ်လာ။

ငယ်စဉ်က မီးရထားလမ်းတစ်လျှောက်၊ ဇာဝီလှည့်အောက်တန်းစား မီးရထားသံလမ်း အလုပ်သမားလေးတစ်ယောက်ဘဝမှ ကမ္ဘာတစ်ဝှမ်းလုံးအတွက် မီးရထား



www.burmeseclassic.com

www.burmeseclassic.com



သံလမ်းများ ထုတ်လုပ်ပေးခဲ့သည့် သံမဏိဘုရင် သူဌေးကြီး အင်ဒရူးကာနက်ဂျီ။

စသည့် ပုဂ္ဂိုလ်ကြီးများကို ကြည့်ပြီး သိသာထင်ရှားနိုင်ပါသည်။

ထို့ကြောင့် -

စီးပွားရေး အောင်မြင်လိုလျှင် မိမိလုပ်နေသော လက်ရှိအလုပ်ကိုပင် ရှိရှိသေသေ၊ လေးလေးစားစား လုပ်ကိုင်ပါဟု အကြံပြုလိုပါသည်။

၂။

မိမိအလုပ်အကိုင်ကြီးပွားတိုးတက်လိုပါလျှင် မိမိအလုပ်နှင့် ဆက်စပ်နေသော ပုဂ္ဂိုလ်အသီးသီးနှင့် သင့်တင့်မျှတအောင် ပေါင်းသင်းဆက်ဆံနိုင်ဖို့လိုပါသည်။

လူချစ်လူခင်များပြီး မိမိ၏ လုပ်ငန်းဆိုင်ရာ အခက်အခဲများကို ညှိနှိုင်းတိုင်ပင် ဖြေရှင်းနိုင်ရန် ကောင်းသော အကြံဉာဏ်များ ၊အကူအညီ ပံ့ပိုးမှုများကို စိတ်ရင်းစေတနာရင်းနှင့် ဝိုင်းဝန်းဖြေရှင်းပေးနိုင်မည့် မိတ်ဆွေအပေါင်းအသင်းများ အမှန်ပင်လိုအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းအတိုင်းအတာချင်း တူလာလျှင် မိတ်ကောင်းဆွေကောင်းရှိသူများက ပို၍ အောင်မြင်နိုင်ပါသည်။

မိတ်ကောင်းဆွေကောင်းများထဲတွင် မိမိနှင့် တွဲဖက် လုပ်ကိုင်နေသော မိသားစုများ၊ အလုပ်သမားများလည်း ပါဝင်ပါသည်။

သူတို့အပေါ် စေတနာ၊ မေတ္တာများထားပြီး လက်တွဲလုပ်ကိုင်သွားခြင်းဖြင့် အောင်မြင်ခြင်းအသီးအပွင့်များကို ရယူခံစားနိုင်ကြောင်း သတိချပ်သင့်ပါသည်။

ထိုမိတ်ကောင်း၊ ခင်ပွန်းကောင်းများနှင့် အတူ မိမိ၏ လုပ်ငန်းကြီးပွားတိုးတက်အောင် [illegible]ဆောင်နိုင်ပါသည်။

ထို့ကြောင့် စီးပွားရေးတိုးတက်ကြောင်းတရားတစ်ခုအဖြစ် မိတ်ကောင်းဆွေကောင်း ရရှိနိုင်အောင် ကြိုးပမ်းအားထုတ်ကြပါဟု တိုက်တွန်းလိုပါသည်။

၃။ လုပ်ငန်းဆိုင်ရာ အလုပ်ကို ကျွမ်းကျင်ပြီး မိတ်ကောင်းဆွေကောင်းများ ရရှိထားရုံနှင့် မပြီးသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



မိမိလုပ်ငန်းမှ ရရှိထွန်းပေါ်လာသော အမြတ်အစွန်းငွေကြေးများကို စနစ်တကျ ကိုင်တွယ်သုံးစွဲတတ်ရန် လိုပေသေးသည်။

လုပ်ငန်းအဆင်ပြေ၍ ဝင်ငွေမည်မျှပင် ကောင်းနေစေကာမူ ထိုဝင်ငွေကို မည်သို့ အသုံးချရမည်ကို ကောင်းစွာမသိလျှင် ပလိုင်းပေါက်နှင့် ဖားကောက်သူပမာ အချည်းနှီးဖြစ်ရပေမည်။

အောင်မြင်ကြီးပွားသော လုပ်ငန်းရှင်ကြီးများသည် သူတို့ရလာသောဝင်ငွေကို စနစ်တကျ သုံးစွဲတတ်သည်။

ဝင်ငွေထဲတွင် မည်မျှကို စုဆောင်းမည်။ မည်မျှကို လုပ်ငန်းစရိတ်အဖြစ် ပြန်သုံးမည်၊ မည်မျှကို အိမ်ထောင်စု စားဝတ်နေရေးတွင် သုံးမည်၊ မည်မျှကို သာရေး၊ နာရေး လူမှုရေးတို့တွင် သုံးမည်ကို တိတိကျကျ ရေးဆွဲထားတတ်ကြသည်။

ထို့ကြောင့် သူတို့သည် လုပ်ငန်းနှင့် လူမှုရေးဘဝကို အချိုးကျကျ တိုးတက်ဖွံ့ဖြိုးစေပြီး အောင်မြင်သော လုပ်ငန်းရှင်ကြီးဘဝသို့ တက်လှမ်းလာနိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် စီးပွားရေးတိုးတက်ရေး အခြေခံအကြောင်းတရားတစ်ရပ်အဖြစ် ရသည့်ဝင်ငွေကို မည်သို့ကိုင်တွယ်သုံးစွဲမည်ဆိုသော အစီအမံတစ်ရပ်ကို ချမှတ်ဆောင်ရွက်ရန် လိုကြောင်း အကြံပြုလိုပါသည်။

၄။ အချို့သော စီးပွားရေးလုပ်ငန်းရှင်များသည် လုပ်ငန်းအဆင်ပြေအောင် မြင်နေပါလျက်နှင့် လုပ်ငန်းတိုးတက်လာခြင်းမရှိဘဲ ရပ်တန့်၍လည်းကောင်း၊ တစ်စ တစ်စကျဆင်းသွား၍လည်းကောင်း၊ ကြီးပွားသင့်သလောက် မကြီးပွားဘဲ ရှိနေတတ်ကြသည်။

ထိုသို့ဖြစ်ရသည်မှာ အခြားကြောင့်မဟုတ်၊ လုပ်ငန်းတိုးတက်အောင် ကြံဆောင်ကြိုးပမ်းနိုင်ခြင်းမရှိသောကြောင့် ဖြစ်ပါသည်။

အောင်မြင်သော လုပ်ငန်းရှင်များသည် မိမိတို့လုပ်ငန်းကြီးပွားတိုးတက်ရေးအတွက် အစီအစဉ်များချမှတ်ကာ စုဆောင်းထားသော ငွေများကို လုပ်ငန်းအရင်းအနှီးအဖြစ် ထည့်သွင်းအသုံးပြုခြင်းနှင့် လုပ်ငန်းကိုပိုမိုကြီးထွားစေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြားတစ်ဖက်မှာလည်း လုပ်ငန်းကျဆင်းမှုမရှိအောင် နည်းလမ်းများရှာ၍ အချိန်မီ ပြုပြင်တားဆီးလေ့ရှိကြသည်။

လုပ်ငန်းကြီးများ တိုးတက်ရေးတွင် ငွေရင်းငွေနှီးသည် အဓိကအချက်တစ်ချက်အနေနှင့် ပါဝင်ကြောင်းနားလည်သဘောပေါက်ကာ အရင်းအနှီး တောင့်တင်းခိုင်မာအောင် နည်းလမ်းရှာကြံတတ်ကြသည်။

၄င်းနည်းဖြင့် မိမိလုပ်ငန်းကျဆုံးမှုမရှိဘဲ တစ်စတစ်စ တိုးတက်နေအောင် ကြံဆောင်ကြသည်။

ထို့ကြောင့် -

စီးပွားရေး တိုးတက်ရေးအတွက် နည်းလမ်းတစ်ရပ်သည် မိမိရရှိဝင်ငွေဖြင့် မိမိလုပ်ငန်း ပိုမို တိုးတက်အောင် ကြံဆောင်ကြိုးစားနိုင်ခြင်းပင်ဖြစ်ကြောင်း သတိမြူကြ စေလိုပါသည် ။ ။

(ဦးဝဏ်ထိန်)

(တစ်နေ့တစ်ခါ နေပါမှ)

* * *

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

မကောင်းကြီးပဲလည်း မမြင်နဲ့၊
အကောင်းကြီးပဲလည်း မမြင်နဲ့၊
မကောင်းကြီးပဲ မြင်ရင်
အကုသိုလ် ဖြစ်မယ်၊
အကောင်းကြီးပဲ မြင်ရင်
သစ်န်းစာမရဘဲ ဖြစ်နေမယ်။

(မွန်ကျောင်းဆရာတော်)



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်အတွက်အလှ၊ သူ့အတွက်ဘဝ

အမေရိကန်နိုင်ငံ၊ လော့(စ်)အိန်ဂျလိ(စ်) { Los Angeles }မြို့ အနီးနားမှာ ဗင်းနစ် (စ်) {Venice} ဆိုတဲ့ အပန်းဖြေပင်လယ်ကမ်းခြေကြီးတစ်ခုရှိပါတယ်။ ကမ်းခြေဖြစ်တော့ စားသောက်ဆိုင်တွေကလည်း အများကြီးရှိပါတယ်။

အဲဒီများစွာသော စားသောက်ဆိုင်တွေထဲမှာ နာမည်ကြီး ကော်ဖီဆိုင်ကြီး တစ်ခုရှိပါတယ်။

နာမည်ကြီးတယ်ဆိုတာ ပစ္စည်းကောင်းကို သုံးစွဲမှု၊ ဆိုင်အပြင်အဆင်သပ်ရပ်မှု၊ နေရာအချက်အချာကျမှုတွေကြောင့်ဖြစ်ပါတယ်။ ဒီလိုအနေအထားကို ကြည့်သောအားဖြင့် ဒီကော်ဖီဆိုင်ကို ငွေကြေးကြွယ်ဝချမ်းသာသူတွေသာ သောက်နိုင်တယ်ဆိုတာ ပေါ်လွင်စေမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့

တစ်နေ့မှာတော့ အဲဒီကော်ဖီဆိုင်ထဲကို ပိုက်ဆံရှိသောလူငယ်လေးတစ်ယောက်ကဝင်လာပြီး

" ကော်ဖီနှစ်ခွက်ပေးပါ၊ တစ်ခွက်ကို နံရံပေါ် ချိတ်ထားလိုက် "

ဆိုင်ဝန်ထမ်းက ကော်ဖီတစ်ခွက်လာချပေးတယ်။ အဲဒီလူငယ်လေးက ကော်ဖီသောက်ရင်း ကမ်းခြေရဲ့ အလှအပကို ငေးကြည့်နေတယ်။ အေးအေးဆေးဆေးကော်ဖီသောက်ပြီးတော့ ဆိုင်ထဲက ပြန်ထွက်သွားတယ်။

သူဆိုင်ထဲက မထွက်ခင် ကော်ဖီနှစ်ခွက်ဖိုးကို ရှင်းလိုက်ပေမယ့်၊ သူ့လက်ထဲမှာ ကော်ဖီပါဆယ်တစ်ခွက်က ပါမသွားဘူး၊ ဒါဟာ မေ့ကျန်ခဲ့တာမဟုတ်ပါဘူး၊ တမင်ထားခဲ့တာပါ။

ဆိုင်ဝန်ထမ်းက ' ကော်ဖီတစ်ခွက်ရှင်းပြီး 'ဆိုတဲ့ စာရွက်ကို နံရံပေါ်မှာချိတ်ထားလိုက်တယ်။

ခဏပါဘဲ။

ကော်ဖီဆိုင်ထဲ လူကြီးတစ်ယောက်ဝင်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ သွင်ပြင်သဏ္ဍာန်ကို ကြည့်ရုံနဲ့ ဆင်းရဲနွမ်းပါးသူတစ်ယောက်ဆိုတာ နှုတ်က ထုတ်မပြောပေမယ့် အလွယ်တကူ သိနိုင်ပါတယ်။ ဆိုင်ဝန်ထမ်းက လူကြီးထံသွားပြီး

" မင်္ဂလာပါ ဘာသုံးဆောင်မလဲ "

" နံရံပေါ်မှာချိတ်ထားတဲ့ ကော်ဖီရှိလား "

" ရှိပါတယ် "

" ရှိရင် တစ်ခွက်လောက် "

" ဟုတ်ကဲ့ "

ဆိုင်ဝန်ထမ်းက ကော်ဖီတစ်ခွက်လာချပေးတယ်။ အဲဒီလူကြီးက ကော်ဖီသောက်ရင်း ကမ်းခြေက အလှအပကို ငေးကြည့်တယ်။ အေးအေးဆေးဆေးကော်ဖီသောက်ပြီးတော့ ဆိုင်ထဲကပြန်ထွက်သွားတယ်။

ကော်ဖီဖိုး မရှင်းခဲ့ဘူး။

သူ့ထွက်သွားတော့ ဆိုင်ဝန်ထမ်းကောင်လေးက နံရံပေါ်မှာ ချိတ်ထားတဲ့ ' ကော်ဖီတစ်ခွက်ရှင်းပြီး ' လို့ ရေးထားတဲ့ စာရွက်ကို ဖြုတ်လိုက်တယ်။ သူက တစ်ရွက်



www.burmeseclassic.com

www.burmeseclassic.com



ဖြုတ်လိုက်တော့ အောက်မှာ စာရွက်က သုံးလေးရွက်ပဲ ရှိတော့တယ်။

နံရံပေါ်က ကော်ဖီ။

ငွေကြေးရှိတဲ့ သူတွေက ကော်ဖီလာသောက်ရင်း တခြားသူတွေအတွက်ပါ ပြန်ပြီးတော့ အလှူပေးခဲ့တာ။ ငွေကြေးမရှိတဲ့ လူတွေလည်း ကော်ဖီသောက်ချင်ရင် အလွယ်တကူသောက်လို့ရအောင် ပြုလုပ်စီမံထားတာ ဘယ်လောက်ချစ်စ...ကောင်းတဲ့ အလေ့အထပါပဲ။

ပြောချင်တာက ။

ကော်ဖီဆိုတာ လူတစ်ယောက်ရဲ့ဘဝမှာ မရှိမဖြစ် လိုအပ်သော အရေးကြီးသော အစိတ်အပိုင်းတစ်ခုမဟုတ် ပါဘူး။ မသောက်လည်းဖြစ်၊ သောက်လည်းဖြစ်တဲ့ အနေ အထားတစ်ခုပါ။

ဒါပေမဲ့

အောင်မြင်တဲ့ အနေအထားတစ်ခုရှိအောင် ကြိုး စားလုပ်ကိုင်ဆောင်ရွက်ကြတာ လူသားတိုင်းရဲ့ သဘာဝ တစ်ခုပါ။



www.burmeseclassic.com

www.burmeseclassic.com



တချို့လည်း ကြိုးစားဟဲ့အတွက် ထိုက်သင့်သလောက် အောင်မြင်, ကြီးပွားချမ်းသာကြပါတယ်။

သို့သော်

ကိုယ်က အဆင်ပြေတဲ့အနေအထားတစ်ခုရောက်ရင် ကိုယ့်ထက်နိမ့်ပါးသူတွေကို ပြန်ပြီးတော့ အကူအညီပေးဖို့ထက်, ကိုယ့်ဘဝဒီထက်မက ချမ်းသာအောင်မြင်ဖို့ ဘယ်အရာကို ပိုပြီးတော့ လုပ်ဆောင်ကြပါသလဲ ?

အဖြေကရှင်းပါတယ်။

ကျွန်တော်တို့အားလုံးဟာ ကိုယ့်အတ္တကြီးမားသည်ထက် ပိုကြီးမားအောင်ပိုပြီး လုပ်ဆောင်ကြပါတယ်။

တကယ်ဆိုရင် ကိုယ်အခြေအနေကောင်းသလို ကိုယ်ပတ်ဝန်းကျင်က လူတွေလည်း အခြေအနေကောင်းအောင် ကျွန်တော်တို့ (တတ်နိုင်သလောက်) တွဲခေါ်သင့်ပါတယ်။ ကူညီသင့်ပါတယ်။

အနည်းဆုံးတော့ 'နံရံပေါ်မှာ ချိတ်ဖို့' ကော်ဖီတစ်ခွက်တော့မှာပေးသင့်ပါတယ်။

အဲဒီကော်ဖီတစ်ခွက်ဟာ ကိုယ့်အတွက်ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မပြောပလောက်တဲ့ အနေအထား (ငွေကြေး) ဖြစ်ပေမယ့် သူ့အတွက် (အဆင်မပြေသူအတွက်တော့ ) ထူးထူးခြားခြား မနက်စာဖြစ်နေမှာပါ။

ကိုယ့်အတွက် မထူးခြားပေမဲ့
သူ့အတွက် ထူးခြားသွားတယ်လေ။
ဥပမာအားဖြင့်

ကိုယ့်အလှအပအတွက် အသုံးပြုလိုက်တဲ့ ငွေကြေးဟာ (ဖန်စီပစ္စည်းလေးတွေကားမှာ ကပ်တာ စသည်) သူ့အတွက် ဘဝတစ်ခု ( ကျောင်းစာအုပ်၊ မနက်စာ ) ဖြစ်နေတတ်လို့ပါဘဲ။

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားဖြစ်ရုံ သက်သက်နဲ့လည်း
မြင့်မြတ်သူတစ်ယောက်မဖြစ်သလို၊
မိန်းမဖြစ်ရုံ သက်သက်နဲ့လည်း
ယုတ်နိမ့်သူတစ်ယောက်ဖြစ်မသွားနိုင်ပါ။
ယောက်ျားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ်
မြင့်မြတ်တဲ့ အလုပ်လုပ်ရင် မြင့်မြတ်သူဖြစ်ပြီး
ယုတ်နိမ့်တဲ့ အလုပ်လုပ်ရင်
ယုတ်နိမ့်သူ ဖြစ်မှာသေချာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ထက်မြက်သူနဲ့ ညှို့ဖျင်းသူ

ထက်မြက်သူက နားထောင်ကောင်းသူတစ်ဦး ဖြစ်တယ်။

ညှံ့ဖျင်းသူက မပြတ်ညည်းတွားတိုင်တန်းတယ်။

ထက်မြက်သူက သင့်လျော်တဲ့ အချိန်မှာ ထုံအ,ချင် ဟန်ဆောင်တယ်။

ညှံ့ဖျင်းသူက ဘယ်အချိန်ဖြစ်ဖြစ် ကိုယ့်ကိုယ်ကို ထက်မြက်သူ လုပ်တယ်

ထက်မြက်သူက ဘဝရဲ့ အသေးစိတ်အချက် အလက်ကို မှတ်သားတယ်။

ညှံ့ဖျင်းသူက တစ်ဖက်သားရဲ့ အားနည်းချက် တိုင်းကို မှတ်သားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ထက်မြက်သူက ကိုယ့်ကိုယ်ကို ဟာသလုပ်တယ်။

ညံ့ဖျင်းသူက တစ်ဖက်သားကို ဟာသလုပ်တယ်။

ထက်မြက်သူက ဆင်းရဲနွမ်းပါးချိန်မှာလည်း ဣန္ဒြေ ထိန်းနိုင်တယ်။

ညံ့ဖျင်းသူက ချမ်းသာကြွယ်ဝချိန်မှာ ဝင့်ကြွား ဂုဏ်မောက်တယ်။

ထက်မြက်သူက အချစ်ဆုံးရှုံးသွားလည်း ကိုယ် ကိုယ်တိုင် မဆုံးရှုံးအောင်နေတယ်။

ညံ့ဖျင်းသူက အချစ်ဆုံးရှုံးရှုံး၊ မရှုံး ရှုံး ကိုယ့်ကိုယ်ကို အမြဲ ဆုံးရှုံးတယ်။

ထက်မြက်သူက မကောင်းတဲ့ အတိတ်ကို လက် လွှတ်ပြီး ရှေ့ကို ခရီးဆက်တယ်။

ညံ့ဖျင်းသူက အတိတ်မှာတင်နစ်ပြီး အနာဂတ်ကို လျစ်လျူရှုတယ်။

ထက်မြက်သူက တခြားသူရဲ့ အစွမ်းအစကို အောက်ကျို့ သင်ယူတယ်။

ညံ့ဖျင်းသူက တခြားသူရဲ့ ရှေ့မှာ ကိုယ့်အစွမ်း



www.burmeseclassic.com

www.burmeseclassic.com



အစကို ကြွားဝါတယ်။

ထက်မြက်သူက သင်ယူဖို့ရာ အားသန်တယ်။ ကိုယ့်ထက် မသိသူဆီကလည်း သင်ယူဖို့ဝန်မလေးဘူး။

ညံ့ဖျင်းသူက လူတွေနဲ့ အမြဲငြင်းခုန်တယ်။ ကိုယ့်ထက် မသိသူနဲ့လည်း ငြင်းခုန်ရန်ဖြစ်တယ်။

ထက်မြက်သူက ပေးဆပ်ဖို့ နားလည်တယ်။

ညံ့ဖျင်းသူက ရယူဖို့ပဲကြံတယ်။

ထက်မြက်သူက အရှုံးထဲက အတွေ့အကြုံ သင်ခန်းစာယူတယ်။

ညံ့ဖျင်းသူက အရှုံးထဲကနေ ကိုယ့်ကိုယ်ကို လက်လွှတ်ဆုံးရှုံးတယ်။

ထက်မြက်သူက ကိုယ့်စိတ်ကူးအိပ်မက်တွေ အကောင်အထည်မပေါ်မချင်း ကြံကြံခံတယ်။

ညံ့ဖျင်းသူက ဘာလုပ်လုပ် ဇွဲ၊ လုံ့လမရှိဘူး။

ထက်မြက်သူက ကံတရားက ဆိုးတယ်လို့ တစ်ခါတစ်လေမှာ ထင်မြင်မိလည်း အပြုံးဆောင်စိတ်ဓာတ်နဲ့ ရင်ဆိုင်ဖို့ နားလည်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ညံ့ဖျင်းသူက ကံတရားက ဇာတ်မြူးလို့ ထင်မိလည်း နောက်ဆုံးမှာ မပြုံးမရယ်နိုင်ဖြစ်ရတယ်။

ထက်မြက်သူက ဘယ်အချိန်မှာ စတင်ပြီး ဘယ်အချိန်မှာ စွန့်လွှတ်ရမယ်ဆိုတာကို သိတယ်။

ညံ့ဖျင်းသူက မရေမရာချိန်မှာ စတင်ပြီး ဘယ်အချိန်မှာ စွန့်လွှတ်ရမယ်ဆိုတာကို နားမလည်ဘူး၊

ထက်မြက်သူက မွေးရာပါ ပါရမီတစ်ဝက်ရှိလည်း ကျန်တစ်ဝက်ကို ကျင့်ယူရတယ်ဆိုတာကို နားလည်တယ်။

ညံ့ဖျင်းသူက မွေးရာပါ ပါရမီရှိလည်း နောက်ပိုင်းမှာ တုံးအညံ့ဖျင်းအောင် ကျင့်တယ်။

(Nine Nine Sanay)

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ထက်သန်မှု စွမ်းအားနှင့်

ရဲဝံ့ပြတ်သားမှုပေါင်းစပ်ထားသူကို

ဘယ်သူမျှ တားဆီးမထားနိုင်၊

မိမိနှင့် ပန်းတိုင်အကြား

ရှိသမျှ အတားအဆီးကို တွန်းတိုက်ဖယ်ရှားကာ

အောင်မြင်မှုကို သူအရယူသွားမည်ဖြစ်သည်။

(မေဖမြင့်)



www.burmeseclassic.com

www.burmeseclassic.com

# ကတိတည်ပါစေ

## (၁)

ဟင်းမလင်းမြို့။

အခုရက်ပိုင်းအတွင်း သည်မြို့မှာ ကြွက်တွေ တဖြည်းဖြည်းများလာတာကို တစ်မြို့လုံးက သတိထားမိလာကြတယ်။

" ငါတို့အိမ်မှာ ကြွက်တွေအများကြီးပဲကွာ "

" မင်းအိမ်က ကြွက်များတာ ငါ့အိမ်ကို လာမကြည့်သေးလို့ပါ၊ ငါ့အိမ်မှာ ကြွက်တွေပေါလိုက်တာ၊ တစ်မြို့လုံးက ကြွ[illegible] ငါ့အိမ်မှာ အစည်းအဝေးလာလုပ်နေသလားထင်ရတယ် "

" မင်းတို့နှစ်အိမ်မှာ ကြွက်တွေပေါတယ်ဆိုတာ၊



www.burmeseclassic.com

www.burmeseclassic.com


ငါ့အိမ်ဝိုင်းထဲက ကြွက်တစ်ဝက်နီးပါးလောက်တောင် ရှိရဲ့လား ”

စသည် စသည်ဖြင့် ဟင်းမလင်းတစ်မြို့လုံးက လူတွေက ‘ ကြွက်စကား ’ချည်းပဲ ပြောနေကြရတယ်။

ညတွေဆိုရင်လည်း ကြွက်ခြောက်သံတွေက သံစုံတီးဝိုင်းတွေလို အိမ်ပေါင်းစုံက ထွက်လာနေတယ် ”

“ ဟဲ့ကလေး အိမ်ပေါ်မတက်ဘူး၊ ကြွက်ကြီးကိုက်လိမ့်မယ် ”

အမေတွေရဲ့ကလေးတွေကို ခြိမ်းခြောက်တဲ့ စကားကလည်း ‘ ကြွက်စကား ’ ပဲ ဖြစ်နေတယ်။

ဟုတ်တယ်။

တစ်မြို့လုံးမှာ ကြွက်တွေက ပေါနေတာဆိုတော့ သူတို့ မြို့အတွက် ကြွက်စကားကလွဲပြီး တခြားပြောစရာ စကားမရှိဘူး။

ဒီတော့

ဟင်းမလင်းမြို့က မြို့မိမြို့ဖတွေ တိုင်ပင်ပြီးတော့ သူတို့မြို့မှာ ‘ ကြွက်ကင်းမဲ့ဇုန် ’ ဖြစ်အောင် ‘ ကြွက်စစ်


www.burmeseclassic.com

www.burmeseclassic.com



ဆင်ရေး ’ ခေါ် ကြွက်တွေနှိမ်နင်းဖို့ နည်းလမ်းပေါင်းစုံ တင်ပြကြတယ်။

တင်ပြချက်တွေထဲ အကောင်းဆုံးနည်းလမ်းတွေကို စုစည်းပြီးတော့ ကြွက်နှိမ်နင်းရေးကို လက်တွေ့ အကောင်အထည်ဖော်ကြတယ်။

ထူးဆန်းတာက ‘ကြွက်နှိမ်နှင်းရေးနည်းလမ်း’ တွေသာ လက်တွေ့အသုံးချတာကုန်သွားတယ်။ မြို့လေးမှာကတော့ ကြွက်တွေကတော့ သောင်းကျန်းမြဲ ဒုပါများဆဲ။

ဘာလုပ်ကြမလဲ ၊

ကြွက်တွေရှိနေသရွေ့ သူတို့မြို့သားတွေရဲ့ စား၊ ဝတ်၊ နေ၊ ရေး၊ ကျန်းမာရေး အားလုံးကို ထိခိုက်သွားစေနိုင်တယ်။ ခက်တာက ကြွက်တွေမရှိအောင် ဘယ်လိုလုပ်ရမလဲ ဆိုတာကို သူတို့အဖြေရှာလို့ မရဘူးဖြစ်နေတယ်။

ဒီလိုနဲ့. . . .

(၂)

တစ်နေ့မှာတော့ ဟင်းမလင်းမြို့ထဲကို လူစိမ်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရောက်လာတယ်။ မြို့ဖြစ်လို့ လူစိမ်းရောက်တာ ဟာ ဘယ်လိုမှ မထူးဆန်းပါဘူး။

ဒါပေမဲ့

လူစိမ်း ဖြစ်တဲ့ ဧည့်သည်ရဲ့ ပြောစကားကတော့ မြို့သူမြို့သားတွေကို ထူးဆန်းစေတယ်။

“ ပိုက်ဆံသာရရင် ကြွက်တစ်ကောင်မှ မကျန် အောင် ရှင်းပေးမယ် ”

နည်းလမ်းပေါင်းစုံနဲ့ ကြွက်တွေကို တိုက်ထုတ် တာ နည်းလမ်းသာကုန်သွားတယ်။ ကြွက်မကုန်လို့ စိတ် ညစ်နေရတဲ့သူတွေ ဧည့်သည်စကားကို စိတ်ဝင်စားသွား ကြတယ်။

“ ဘယ်လိုလုပ်ကြမလဲ ”

“ စကားပြောကြည့်တာပေါ့ ”

ဒါနဲ့ မြို့ပေါ်က လူတွေနဲ့ ဧည့်သည်နဲ့ ‘ကြွက် တန်ဖိုး ’ စကားပြောကြတာ နောက်ဆုံးမှာတော့ ငွေအသ ပြာ (၅၀)နဲ့ ဈေးတည့်သွားတယ်။

တကယ်လို့ ဧည့်သည်ဖြစ်သူက ကြွက်တွေကို



www.burmeseclassic.com

www.burmeseclassic.com



အောင် နှိမ်နှင်းသွားရင် ငွေကို အကြေချေမယ်။ ကုန်ကျမယ့် ငွေကြေးကိုလည်း မြို့ပေါ်က လူတွေက ပူပြီးတော့ပေး။

နှစ်ဦးနှစ်ဖက် ကတိပြုကြတယ်။

စပါပြီ . . .

တစ်ကိုယ်တော် ကြွက်နှိမ်နှင်းရေး။

(၃)

" . . . . . "

စူးစူးဝါးဝါးအသံတစ်ခုက စွဲငင်စွာ ထွက်ပေါ်လာတယ်။

မြို့လေးရဲ့ လမ်းပေါ်မှာလည်း လူတွေက ရှင်းနေတယ်။

အဲ . . . ။

လမ်းပေါ်မှာတော့ လူတစ်ယောက်က ရှိနေတယ်။ သူက ဒီမြို့ကမဟုတ်ဘူး။ ညှိသည်တစ်ယောက်။ ဟင်းမလင်းမြို့ကို အလည်ရောက်လာတဲ့ ညှိသည်၊ ကြွက်ပပျောက်အောင်လုပ်မယ့် ညှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲမှာ ပလွေတစ်ချောင်း။

သူက ပလွေတစ်ချောင်းဖြင့် မှုတ်တဲ့အခါ၊ ပလွေမှ စူးစူးဝါးဝါးအသံတစ်ခုက စွဲငင်စွာထွက်ပေါ်လာတယ်၊ ဒီအသံကြားတော့ မြို့ပေါ်က ကြွက်တွေထွက်လာကြတယ်။

အိမ်ပေါ်က၊ သစ်ပင်ပေါ်က၊ မြောင်းကြားက၊ တွင်းထဲက၊ နေရာဒေသအသီးသီးက ကြွက်တွေ ပလွေသံရှိရာကို တဖြည်းဖြည်း လာကြတာ မြင်မကောင်းဘူး၊ အုန်းအုန်းကို ထနေတာပဲ။

မြို့လေးက လူတွေကလည်း မိမိတို့အိမ်အဝိုင်းအတွင်းကနေ အဲဒီဖြစ်စဉ်ကို လှမ်းကြည့်နေကြတာ အချင်းချင်းစကားပြောဖို့တောင် မေ့နေကြတယ်။ ဒီလောက်ထူးဆန်းတာကို သူတို့ တစ်သက်မှာ တစ်ခါမှ မမြင်ဘူးတာကိုး။

ဧည့်သည်ဖြစ်သူက ပလွေကို မှုတ်ရင်းမြို့အပြင်ဘက်ကို ခြေဦးလှည့်လိုက်တယ်။ တဖြည်းဖြည်းလျှောက်တယ်။ ကြွက်တွေကလည်း ဧည့်သည်နောက်က တကောက်ကောက်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ ညည့်သည်က ခြလှမ်းကို ရပ်ပြီး ပလွေသံကို တိုးပြီးမှုတ်လိုက်တယ်။ အဲဒီအသံကြောင့် ဟိုး အနောက်မှာ ကျန်နေတဲ့ ကြွက်တွေက တဖြည်းဖြည်းရှေ့ကို ရောက်လာတယ်။

သူက ရှေ့ကိုဆက်လျှောက်တယ်။

မြို့အပြင်ကို ရောက်ပြီ။

မြို့လေးရဲ့ အပြင် ချောင်းကမ်းစပ်မှာ လှေတစ်စီးက အဆင်သင့်ရပ်ထားတယ်။ ညည့်သည်က လှေပေါ်ကို တက်ပြီး လှော်တက်နဲ့ အသာလှော်ခတ်သွားတယ်။

ပလွေမှုတ်တာလည်း မပြတ်ဘူး။

ကြွက်တွေက လှေမရှိတော့ ရေထဲကို အတင်းခုန်ဆင်းကြတာ အတုံးအရုံးပဲ။ ချောင်းရေက စီးအားကောင်းတော့ ရေစီးနဲ့ အတူ ကြွက်တွေ သေပြီးမျောသွားတယ်။

တစ်ကောင်မှ မကျန်တော့ဘူး။

ညည့်သည်တစ်ယောက် သူ့တာဝန်ကျေတော့ ပလွေကို သိမ်းပြီးမြို့ထဲကို ပြန်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့တာဝန်ကျေပြီလေ။

တန်ရာတန်ကြေးရဖို့ မြို့အတွင်းကို ဝင်လာခဲ့တယ်။

သို့သော် . . . . ။

(၄)

" ခင်ဗျား လုပ်သွားတာ ချီးကျူးပါတယ် "

" . . . . "

မြို့ပေါ်က လူကြီးတစ်ယောက်က ချီးကျူးစကားကို သူဘာမှမတုန့်ပြန်မိ။

" ဘာမှတော့ မပင်ပန်းဘူးနော် "

" ဟုတ်တယ် "

ဟုတ်တယ်ဆိုတဲ့ စကားကို သူပြောတာမဟုတ်၊ သူတို့မြို့သားအချင်းချင်းပြောပြီး အချင်းချင်းထောက်ခံ တဲ့ ' ဟုတ်တယ် ' ဆိုတဲ့ စကား၊ သူတို့စကားတွေက တစ်ယောက်တစ်ပေါက်နဲ့ ဆိုတော့ လိုရင်းကို မရောက်ဘူး ဖြစ်နေတာနဲ့ သူက



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်တော့် လုပ်အား ခပေးပါ "

" . . . . . . "

သူ့စကားကြားတော့ ဝိုင်းဆူနေတဲ့ လူအုပ်ကြီး အသံက တိတ်ဆိတ်သွားတယ်။ သူ့လေသံ မမာဘူးဆိုတာ သူအသိဆုံးပင်။

" ဒီလို ငါ့တူရဲ့ "

လူကြီးတစ်ယောက်ရဲ့ အသံက လွင့်လာတယ်။

" ဟုတ်ကဲ့ ပြောပါဦးလေး "

ဘာပြောမလဲ သူနားစွင့်လိုက်တယ်။

" ငါ့တူပြောတဲ့ ငွေက များသလားလို့ "

" ဗျာ "

သူ့ အံ့အားသင့်သွားတယ်။

" ဘာကို ပြောတာလဲ ဦးလေး "

" အော် . . . , ကြွက်နို့မ်နှင်းခအနေနဲ့ ပေးရမဲ့ ငွေအသပြာငါးဆယ်ဟာ များလွန်းတယ်ကွာ၊ ပြီးတော့ ငါ့တူလဲ ဘာမှပင်ပန်းတာမဟုတ်ပါဘူး၊ ပလွေလေးနဲ့ မှုတ်ရုံပါ "

www.burmeseclassic.com

www.burmeseclassic.com



“ ဒါကတော့ ကျွန်တော် ပညာလည်း ”

သူ့စကားမဆုံးလိုက် တခြားမြို့သားတစ်ယောက်က

“ပညာဆိုပေမဲ့လည်း အပန်းမှ မကြီးတာကိုးကွ”

“ ကြာပါတယ်ဗျာ၊ စကားတွေ ရှည်မနေနဲ့ နွေအသပြာ ၂၀ ပေးမယ် ကြိုက်ရင်ယူ၊ မကြိုက်ရင် တို့ကြွက်တွေ ပြန်ခေါ်ကွာ ”

အသားနီစပ်စပ်နဲ့ မြို့သားတစ်ယောက်ရဲ့ ပြောစကားကို သူ့ရင်ဝကို ဆောင့်ကန်သလိုခံစားရတယ်။ ကြွက်တွေအကုန်လုံးသေမှ ဒီစကားပြောတတ်တာကိုလည်း သူ အံ့ဩလို့မဆုံး။

“ မဖြစ်နိုင်တာ မပြောနဲ့ဗျာ ”

သူလေသံကို အတတ်နိုင်ဆုံး ဖျော့ပြီး ဆိုလိုက်တယ်။

“ မဖြစ်နိုင်တာ၊ ဖြစ်နိုင်တာတွေ ဆိုမနေနဲ့ မင်း အသပြာ ၂၀ ယူချင်ယူ, မယူချင်နေကွာ ”

“ ဒီကောင်နာချင်ပြီထင်တယ် ”



www.burmeseclassic.com

www.burmeseclassic.com



" ဧည့်သည်ကများ အိမ်ရှင်ကို "

တစ်ယောက်တစ်ပေါက်ပြောဆိုနေသော စကားတွေကြားမှာ 'တစ်မြို့နဲ့ တစ်ယောက်' ဖြစ်တဲ့သူ့အတွက် ပြန်ပြောရင် အသက်ရှုလို့တောင် ရမှာမဟုတ်ဘူးဆိုတာကို နားလည်လိုက်တယ်။

သူတို့ပေးတဲ့ ပိုက်ဆံကိုလည်း မယူဘဲ အဲဒီမြို့လေးကနေ သူထွက်ခွာလာခဲ့တယ်။ စကားတစ်ခွန်းကိုတော့ မြို့သားတွေ ကြားအောင် သူပြောခဲ့တယ်။

" ခင်ဗျားတို့ ကတိဖျက်တဲ့ ဒဏ်ကိုပြန်ခံရမှာပါ"

(၅)

အထက်ပါ အဖြစ်အပျက်တွေ ဖြစ်ပျက်ပြီး သိပ်မကြာခင်ကာလတစ်ခု။

တိတိပပပြောရလျှင်

၁၂၈၄ - ခုနှစ်၊ ဇူလိုင်လထဲက တစ်ရက်။

ဂျာမန်နိုင်ငံအတွင်းက မထင်ရှားတဲ့ ဟင်းမလင်းမြို့ (Hamelin) လေးအတွင်းကို ဧည့်သည်ပရွှေ့ဆရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် မသိမသာပြန်ရောက်လာခဲ့ပြန်ပါတယ်။

သူပြန်ထွက်သွားတော့ မြို့ပေါ်က ကလေးငယ် (၁၃၀) ပါသွားတယ်။

ဖြစ်ပုံက ဒီလို ”

(၆)

“ . . . . ”

သာယာဖွယ်အသံတစ်ခုက စွဲငင်စွာ ထွက်ပေါ်လာတယ်။

မြို့ပေါ်ရဲ့ လမ်းတွေပေါ်မှာ လူတွေက ရှင်းနေတယ်။

အဲ . . . ။

လမ်းပေါ်မှာတော့ လူတစ်ယောက်က ရှိနေတယ်၊ သူက ဒီမြို့ကမဟုတ်ဘူး။ ညှို့သည်တစ်ယောက်၊ ဟင်းမလင်းမြို့ကို အလည်ရောက်လာတဲ့ ညှို့သည်။ ကြွက်ပပျောက်အောင် လုပ်ပေးခဲ့ဖူးတဲ့ ညှို့သည်။

သူ့လက်ထဲမှာ ပလွေတစ်ချောင်း။



www.burmeseclassic.com

www.burmeseclassic.com



သူက ပလွေတစ်ချောင်းဖြင့် မှုတ်သည့်အခါ သာယာဖွယ် ပလွေသံကစွဲငင်စွာ ထွက်ပေါ်လာတယ်။ ဒီအသံကြားတော့ မြို့ပေါ်က ကလေးတွေ ထွက်လာခဲ့ကြတယ်။

နေ့ခင်းဘက်ဆိုတော့ မိဘတွေအမှုမဲ့ အမှတ်မဲ့ဘဲ။

ပလွေဆရာက မြို့အနောက်ဘက်ကို ထွက်ခွာသွားတယ်။ ကလေးတွေကလည်း ပလွေဆရာနောက်ကို လိုက်ကြတယ်။

မြို့အပြင်မှာ တောအုပ်တစ်ခုရှိတယ်။

တောအုပ်အတွင်းမှာ ကျောက်တောင်ကြီးတစ်ခုရှိတယ်။ ပလွေဆရာက ကျောက်တောင်အတွင်းဝင်တော့ ကလေးတွေပါ လိုက်ဝင်ကြတယ်။

အဲဒီအချိန်

" ငါ့ကလေး နင့်အိမ်မှာလား "

" မရှိဘူး "

" တို့အိမ်က ကလေးကော "



www.burmeseclassic.com

www.burmeseclassic.com



" ပလွေသံကြားတယ် "

" ဟာ ဒါဆို လိုက်ကြ "

မြို့အပြင် တောအုပ်ဘက်ရောက်တော့ ကလေး တစ်ယောက်ငိုနေတာကို တွေ့လိုက်တယ်။

" တခြားကလေးတွေကော "

သူက ကျောက်တောင်ကို လက်ညှိုးထိုးပြတယ်။ ကျောက်ဂူကြီးက ပိတ်နေပြီ။

" ပလွေဆရာနဲ့ ကလေးတွေ အဲဒီကျောက်ဂူထဲ ဝင်သွားတယ်"

" ဘာ "

မြို့သူမြို့သားတွေ ကျောက်ဂူအ ◌ွ ်ႉသို့ ဝင်တော့ မရတော့။

" သွားပြီး "

" ညှိသည်ပလွေဆရာ ပလွေသံနဲ့ မှုတ်ပြီး ခေါ် သွားတာ ဖြစ်မယ်။ ဒါတို့ငွေမပေးလို့ ကလဲ့စားချေတာ ဖြစ်မယ် "

" ဟုတ်လောက်တယ် "



www.burmeseclassic.com

www.burmeseclassic.com



ကျန်ခဲ့တဲ့ ကလေးတောင်မှ ခြေထောက်က မ ၊
သဖြင့် လွတ်သွားတာ။

(၇)

အဲဒီအဖြစ်အပျက်တွေ ဖြစ်ပျက်ပြီးတဲ့ နောက်မှာ
တော့ ဟင်းမလင်းမြို့သားတွေဟာ ကတိတစ်ခုကို
အလွယ်တကူမပေးမိဖို့၊ အကယ်၍ ပေးမိတယ်ဆိုရင်
လည်း မပျက်ဖို့ ဘဝနဲ့ ရင်းရသော သခ်န်းစာတစ်ခုကို
ရခဲ့ကြတယ်။

ဒီလိုနဲ့ ၊

အချိန်ကာလတွေ ကြာလာပေမယ့်လည်း ဟင်း
မလင်းမြို့သားတွေကတော့ ' ကတိ ' နဲ့ ပတ်သက်လာ
တိုင်း ' ပလွေဆရာ ' အကြောင်းကို ပြောနေကြဆဲ။

(၈)

အောင်မြင်တဲ့လူတစ်ယောက်ဖြစ်ဖို့ဆိုတာ အများ
နဲ့ ဆက်ဆံပြီးမှ ဖန်တီးယူရတာပါ။ ဘာကြောင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ လူဟာ လူသားပတ်ဝန်းကျင်မှာပဲ နေကြရတာ ကိုး။

ဒီတော့

မိမိလိုချင်တာရဖို့ဆိုပါက လူအများရဲ့ ယုံကြည်မှုကို ဖန်တီးထားနိုင်ဖို့ အထူးလိုအပ်ပါတယ်။

လူအများရဲ့ ယုံကြည်မှုဆိုတာ -

- ကတိတည်မှုရှိမှ ဖြစ်မှာပါ။

- ကတိမတည်တဲ့ လူကို ဘယ်သူကမှ မယုံကြည်ပါဘူး။

- ဘယ်သူမှ မယုံကြည်တဲ့သူဟာ

- ဘာမှ မဖြစ်ပါဘူး။ ။

◆ ◆ ◆ ◆ ◆

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ကိုယ်ကို ယုံကြည်သူဟာ
တစ်ပက်သားကို အသားလွတ်
အထင်မသေးတတ်ပါဘူး။
ဘဝင်မြင့်သူကတော့
တစ်လောကလုံးမှာ ငါ့အပြင်မရှိလို့
ယုံမှတ်ပြီး အခြောက်တိုက်
ခေါင်းမော့နေတတ်တယ်။
လူအများက ကိုယ်ကို ယုံကြည်
လေးစားလာစေချင်ရင် ကိုယ်တိုင်က
လည်း သူတစ်ပါးကို ယုံကြည်လေးစား
တတ်ဖို့ အထူးလိုအပ်ပါတယ်။

(အတ္တကျော်)

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

## မိတ်ဆွေ ဒကာင်းများကို ပေါင်းပါ။

တစ်ခါက ဂရိတွေးခေါ်ပညာရှင်ကြီးဆောခရတ္တိထံကို လူတစ်ယောက်ရောက်လာပါတယ်။ သူက ဆောခရတ္တိထံကို အရင်ကလည်း မရောက်ဘူးသလို၊ တစ်ခါမှလည်း မတွေ့ဖူးပါဘူး။

ဒါပေမဲ့ -

အတွေ့အကြုံဗဟုသုတနဲ့ ပညာအရာမှာ နာမည်ကြီးပြီးထင်ရှားတဲ့အတွက် တွေ့ဖူးချင်လို့ လာတာပါ။

ဆောခရတ္တိရဲ့ အိမ်ကိုတွေ့တော့ သူအရမ်းအံ့ဩသွားပါတယ်။

ဂရိနိုင်ငံတွင်မက တစ်ကမ္ဘာလုံးက လူအများစုက ပါ အလေးထားပြီး လေးစားအားကျနေတဲ့ ပညာရှင်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



သူက ချမ်းသာတဲ့ သူဌေးတစ်ယောက်လို့လည်း ထင်မှတ်ထားတာကိုး။

(ဒီလို ထင်မှတ်ထားလောက်အောင်လည်း သူ့အတွေးအခေါ်ကနိမ့်ပါးနေတာလည်း ဖြစ်လိမ့်မယ်)

လက်တွေ့သူမြင်တွေ့လိုက်ရတဲ့ အနေအထား က သူ့ကို အံ့ဩသွားပြီး၊ အဲဒီအံ့ဩမှုကို စိတ်ထဲမသိမ်းထားဘဲ။

" အိမ်က ငယ်လှသေးလှချည်လားဗျ "

ဟု နှုတ်က ဖွင့်ပြောလိုက်တယ်။

သူ့စကားကြားတော့ ဆော့ခရတ္တိက ပြန်ပြောတယ်။

" ကျုပ်အိမ်က သေးပေမယ့် မိတ်ကောင်းဆွေကောင်းတွေ လာရင်တော့ နေလောက်ပါတယ် " တဲ့။

မိတ်ကောင်းဆွေကောင်းဆိုတာ

လူတိုင်းအတွက် လိုအပ်သောအရာဖြစ်ပါတယ်။

ဘာကြောင့်လည်းဆိုတော့ ငှက်တွေဟာ လေနဲ့ကင်းပြီးနေလို့ မရသလို၊ ငါးတွေဟာလည်း ရေနဲ့ကင်းပြီးနေလို့မရပါဘူး၊ ဒီအတိုင်းပဲ လူတွေဟာလည်း လူသားတွေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကင်းပြီးနေလို့ မရပါဘူး။

ကင်းလို့မရတာခြင်းအတူတူ၊ ရန်သူတွေနဲ့နေရတာ ထက်စာရင် မိတ်ဆွေတွေနဲ့ နေရတာဟာ ပိုပြီးတော့ မိမိအောင်မြင်မှု, မိမိဘဝအဆင်ပြေမှုကို ပိုမိုအထောက်အကူဖြစ်စေပါတယ်။

မိတ်ကောင်းဆွေကောင်းဆိုတာ -

မိမိကို အင်မတန်ပေးနိုင်ခက်တဲ့အရာကို ပေးတတ်တယ်။

အင်မတန်ပြုနိုင်ခက်တဲ့ အမှုမျိုး၊ အကူအညီမျိုးကို လုပ်ဆောင်ပေးတတ်တယ်။

မိမိက သတိလက်လွတ်လို့ပဲဖြစ်ဖြစ်၊ စိတ်ခံစားမှုအခြေအနေတစ်ရပ်ရပ်ကြောင့်ပဲဖြစ်ဖြစ်၊ မကောင်းတဲ့စကားကိုပြောဆိုမိရင်လည်း သည်းခံပေးတတ်ပါတယ်။

အကယ်၍

ကိုယ်က လျှို့ဝှက်ထားစေချင်တဲ့၊ မပေါက်ကြားစေလိုတဲ့ စကားကိုပြောတဲ့အခါမှာလည်း အဲဒီစကားမပေါက်ကြားရအောင် လျှို့ဝှက်ပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘေးအန္တရာယ်ရှိရင် ကိုယ့်ဘေးမှာ အတူရှိတယ်။

အဆင်မသင့်လို့ မိမိနိမ့်ကျသွားရင်လည်း မိမိကို အထင်သေးတဲ့ အပြောအဆို၊ အပြုအမူတွေ မလုပ်ဘူး။

မိမိချမ်းသာ အောင်မြင်ရင် ဂုဏ်ယူတယ်။

သဒ္ဓါတရားရှိတယ်။

ကိုယ်ကျင့်သီလကောင်းတယ်။

ဗဟုသုတများတယ်။

ဝန်တိုခြင်း မရှိဘူး။

ပညာနဲ့ ပြည့်စုံတယ်။

ဒါတွေဟာ မိတ်ကောင်းဆွေကောင်းတွေမှာ ရှိနေတတ်တဲ့ အမူအကျင့်ကောင်းတွေပါ။

ဒီလိုအမူအကျင့်ကောင်းရှိသူတွေနဲ့သာ အတူတကွလက်တွဲနေထိုင်ရမယ်ဆိုပါက မိတ်ကောင်းဆွေကောင်းတွေဟာ မိမိဘဝကိုမြင့်မားအောင် ဆောင်ရွက်ပေးမှာပါ။

အကယ်၍

ကိုယ်က တွင်းထဲရောက်နေမယ်ဆိုပါက မိတ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းဆွေကောင်းတွေက မိမိကို တွင်းအပေါ်ကို ပြန်တက်နိုင်အောင် လုပ်ပေးမဲ့ လှေကားထစ်တွေပါ။

သို့သော်

တစ်ခု သတိပြုပါ။

မိတ်ကောင်းဆွေကောင်းများနဲ့ ပေါင်းသင်းဖို့ဆိုပါက ပထမဆုံးလုပ်ထားရမှာပါက မိမိကိုယ်တိုင်က မိတ်ကောင်းဆွေကောင်းအင်္ဂါနဲ့ ညီညွတ်သူဖြစ်ဖို့ပါပဲ။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## အောင်မြင်ချင်ရင် ရှောင်ပါ

၁။ အငြင်းကိုရှောင်ပါ။
၂။ အတင်းကို ရှောင်ပါ။
၃။ အပျင်းကို ရှောင်ပါ။
၄။ သက်ပြင်းကို ရှောင်ပါ။
၅။ ရပ်တန့်မှုကို ရှောင်ပါ။
၆။ လှည့်ပြန်မှုကို ရှောင်ပါ။

(Facebook)

www.burmeseclassic.com

www.burmeseclassic.com

# ဘာကြောင့်ကံကောင်းတာလဲ ?

(၁)

" သူတို့ကျတော့ ကံကောင်းလိုက်တာ "

အောင်မြင်, ကြီးပွားနေတဲ့ လူတွေကို ကြည့်ပြီး တချို့က အထက်ပါစကားကို အလွယ်တကူပြောမိလေ့ ရှိကြတယ်။

ဘာကြောင့် ပြောမိသလဲဆိုပါက သူတို့ရဲ့ လက်ရှိ အနေအထားက အရာရာအဆင်ပြေနေတော့ ကံကောင်းတယ်ဟု ထင်ရတာပေါ့။

ဒါပေမဲ့

ဒီအနေအထားရောက်အောင် သူတို့ ဘယ်လိုကြိုး



www.burmeseclassic.com

www.burmeseclassic.com



စားခဲ့ရသလဲဆိုတာကို တကယ်သိရင်တော့ သူတို့ကို ကံကောင်းတယ်ဟု ဆိုပါမလား?

အောင်မြင်တဲ့ လူတစ်ယောက်အကြောင်း ပြော ချင်ပါတယ်။

သူက ဘောလုံးသမား၊

အင်္ဂလန်နိုင်ငံ, ပရီးမီးယားဘောလုံးပွဲတွေကို ကြည့်တဲ့သူဆိုရင်တော့ လီဗာပူးလ်က ဂျရတ် (Steven Gerrard) ကို ကောင်းကောင်းသိမှာပါ။ သူက အခုဆိုရင် ဘောလုံး လောက,ကနေ အနားယူဖို့အဆင်သင့်ဖြစ်နေပါပြီ။ လီဗာ ပူးလ်အသင်းမှာလည်း သူမရှိတော့ပါဘူး။

သို့သော်

လီဗားပူးလ်သမိုင်းကြောင်းကို ပြောမယ်ဆိုရင် တော့ သူက ဘယ်လိုမှ ချန်ထားလို့မရတဲ့ သမိုင်းထုထည် ကြီးမားခဲ့သူတစ်ယောက်ဖြစ်နေလို့ပါပဲ ။

၂၀၀၅-ခုနှစ်၊ ချန်ပီယံလိပ်ဗိုလ်လုပွဲမှာ လီဗား ပူးလ်က အေစီမီလန်အသင်းနဲ့ တွေ့တယ်။ ပထမပိုင်း (၄၅) မိနစ်ပြီးတော့ လီဗားပူလ်းက သုံးဂိုး, ရှုံးနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘက်က တစ်ဂိုးမှ မရှိဘူး။

ဥရောပဘောလုံးလောကရဲ့ အမြင့်ဆုံးအဆင့်ပြိုင်ပွဲမှာ ကမ္ဘာ့အကောင်းဆုံးထဲက တစ်သင်းဖြစ်တဲ့ အေစီမီလန်လို အသင်းကို (၃) ဂိုးရှုံးနေတာဟာ လီဗာ့ပူးလ်အသင်းအတွက် မျှော်လင့်စရာမရှိတော့။

တစ်ဖက်အသင်းမှာက ကမ္ဘာကျော် ဘောလုံးသမားတွေဖြစ်တဲ့ ကာကာတို့ အင်ဇာဂီတို့ရှိနေတဲ့ အသင်းကို သုံးဂိုးပြတ်ရှုံးတော့၊ ပြိုင်ဆိုင်မှုအပြင်းထန်ဆုံးပြိုင်ပွဲမှာ ဂိုးတစ်ဂိုးရဖို့တောင် လွယ်ကူမှုမရှိတာ သုံးဂိုးပြတ်အနေအထားက လီဗာပူးလ်အသင်းကို ' အရှုံး' လို့ တစ်ကမ္ဘာလုံးက ဘောလုံးပရိတ်သတ်တွေက တစ်ထစ်ချသတ်မှတ်လိုက်တယ်။

အဲဒီပွဲမှာ ဂျရတ်က အသင်းခေါင်းဆောင်။

တစ်ကမ္ဘာလုံးက လူတွေက ' ရှုံးပြီ ' ဘယ်လိုမှ မဖြစ်နိုင်တော့ ဟု သတ်မှတ်ချက်တွေ အောက်မှာ သူတို့ရုန်းထခဲ့တယ်။

တိုက်စစ်၊ ကွင်းလယ်၊ နောက်တန်း အားလုံးကို



www.burmeseclassic.com

www.burmeseclassic.com



ဂျရတ်က ဦးဆောင်ပြီး တော်လှန်ခဲ့တယ်။ ဒုတိယပိုင်းမှာ သူတို့ သုံးဂိုးသွင်းတယ်။ နောက်ဆုံးချန်ပီယံက သူတို့ပဲ။

ဒါက လီဗာပူးလ်အသင်းနဲ့ ပတ်သက်ပြီး ဂျရတ်ရဲ့ အမြင့်ဆုံးအောင်မြင်မှုတွေထဲက တစ်ခု။

ပြောမယ်ဆိုရင် အများကြီးပါပဲ။

သူရဲ့ အောင်မြင်တဲ့ အနေအထား၊ အခြေအနေတွေကို မပြောတော့ဘူး၊ မအောင်မြင်ခင်ဘဝမှာ သူ ဘယ်လို လှုပ်ရှားခဲ့ရတယ်ဆို တာကို ပြောပြချင်ပါတယ်။

၂၀၁၅-ခုနှစ်မှာ ထုတ်ဝေခဲ့တဲ့ Steven Gerrard ရဲ့ My story ကို ဆရာကြွယ်ဖြူမိုးထက် ဘာသာပြန်တဲ့ ' ဂန္ထဝင်တစ်ဦးရဲ့ ကိုယ်တိုင်ရေးပုံတူ ' ထဲက စာသားအနည်းငယ်ကို ထုတ်ပြချင်တယ်။

ဖတ်ကြည့်ပါဦး။

(၂)

ကျွန်တော် (၁၄) နှစ်သားမှာ လီဗာပူးလ်လူငယ်စီမံချက် (YTS) ကိုရောက်တယ်။ ကြမ်းတိုက်၊ ဖောလုံး



www.burmeseclassic.com

www.burmeseclassic.com



ဆေး၊ ဖိနပ်ဆေးအလုပ်လည်း လုပ်ခဲ့ဖူးတယ်။

တစ်ချိန်လုံးဘောလုံးပြီးရင် ဘောလုံးကစားခဲ့ရတယ်။ အဲဒီမှာ ကုန်ဆုံးခဲ့တဲ့ အချိန် (၂) နှစ်ဟာ ဘဝမှာ ပျော်စရာအကောင်းဆုံးအချိန်တွေပါ။ တာဝန်မရှိဘူး၊ ဖိအားမရှိဘူး၊ ဘောလုံးကို လွတ်လွတ်လပ်လပ် ရှုးသွင်းနိုင်တယ်။

နောက်ပိုင်းမှာ ပရိုစာချုပ်ချုပ်ပြီး ပရိုကစားသမားဖြစ်လာတယ်။ မဲလ်ဝုဒ်မှာ လေ့ကျင့်ခန်း ဆင်းခွင့်ရလာခဲ့တယ်။ အိမ်ကနေ မဲလ်ဝုဒ်ကို သွားဖို့ ကားနှစ်ဆင့်စီးရတယ်။ Taxi မစီးနိုင်ဘူး။ မီအောင်မနည်းသွားရတယ်။ ကျွန်တော့်လစာက တစ်ပတ် (၄၇. ၅၁ )ပေါင် ။

(၂၀၁၄-ခုနှစ်တုန်းက ကာတာကလမ်းလှမ်းမှု တစ်ခုရတော့ ဒီလစာကို ကျွန်တော်မှတ်မိသေးတယ်။ ကာတာမှာကစားရင် (၂) နှစ်စာအတွက် ယူရို (၁၃)သန်းရမယ်။

ပထမဆုံးနှစ်မှာတော့ တွမ်မီကာရှောလ်ခိုတဲ့ ကစားဖော်က ကျွန်တော့်ကို သူ့ကားနဲ့ လမ်းကြုံခေါ်တာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါက လောကုတ္တရာလမ်းကြောင်းကို အမိကဦးတည်နေတာကို အထင်အရှား တွေ့မြင်နေရပေမယ့်လည်း၊ ဒီနေရာမှာတော့၊ ဒီကဗျာကို ဒီခေတ်လူငယ်တွေရဲ့ လက်တွေ့ဘဝထဲမှာ အသုံးပြုလို့ရအောင် ဖွင့်ဆိုပါရစေ၊

ကံမှာလည်း အခြေခံအားဖြင့်

(၁) ကောင်းတဲ့ကံ၊

(၂) မကောင်းတဲ့ကံ ဆိုပြီးနှစ်မျိုးရှိတယ်။

ကောင်းတာလုပ်ရင် ကောင်းတဲ့ကံ၊ မကောင်းတာလုပ်ရင် မကောင်းတဲ့ကံပါ။ ဒါကို အိုင်းစတိုင်းရဲ့ ကမ္ဘာကျော်သီအိုရီအရဆိုရင် 'တန်ပြန်သက်ရောက်မှု' ပါပဲ။

ဒီတော့

ကောင်းတာလုပ်ရင် ကောင်းကျိုးရမယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုးရမယ် ( တစ်နည်းအားဖြင့်ဆိုရလျှင် ) အလုပ်ကောင်းကောင်းလုပ်ရင် အထက်တန်းဘဝကို ရောက်မယ်၊ အောင်မြင်မယ်၊ အလုပ် ကောင်းကောင်းမလုပ်ရင် အောက်တန်းရောက်မယ်၊ ကျရှုံးမယ်ပေါ့။ ဒီသဘောတရားကို ရည်ညွှန်းပြီး 'ကိုယ့်ကံ အလျောက်၊



www.burmeseclassic.com

www.burmeseclassic.com



ထက်အောက်ရောက် ' ဟု ဆိုတာပါ။

' ချင့်ထောက်ပုံနှိုင်း၊ ပမာခိုင်း ' ဆိုတာကတော့ ' ဥပမာအားဖြင့် ' ကိုဆိုလိုတာပါ။ သူက ' နမူနာ ' လေး တစ်ခုထုတ်ပြလိုက်ပါတယ်။

ကဗျာဆရာရဲ့ ဥပမာကလှတယ်။

နံရံတွေကို အုတ်စီတဲ့သူဆိုတာ အောက်ခြေကနေ တစ်ဆင့် တဖြည်းဖြည်းအပေါ်ကို (အမြင့်) ကို ရောက်သွား တယ်။

တွင်းတူးတဲ့သူတွေကတော့ အပေါ်ကတစ်ဆင့် တဖြည်းဖြည်းအောက်ကို (အနိမ့်)ကို ရောက်သွားပါတယ်။

ဆိုရလျှင် -

ကြိုးစားတဲ့သူဟာ အမြင့် (ပန်းတိုင်) ကိုရောက် တယ်၊

မကြိုးစားတဲ့သူဟာ အနိမ့် (ပန်းတိုင်မှ ဝေးရာ) ကို ရောက်တယ်။ ဒီသဘောတရားကို အခြေခံပြီး ' တံတိုင်းလုပ်သူ၊ တွင်းတူးသူ ) ဟု ဆိုလိုတာပါ၊

ကဗျာတစ်ပုဒ်လုံးကို ချုံ့ပြီး သုံးသပ်ပါက လူဟာ



www.burmeseclassic.com

www.burmeseclassic.com



(၃) ဦးဖြစ်တဲ့ ဒေ့ဗ်ရှန်နွန်၊ မက်အော်လေနဲ့ စတိဗ်ဟိုဟ်ဝေးတို့က လေ့ကျင့်ပေးတာပါ။

သူတို့ရဲ့ လေ့ကျင့်သင်ကြားမှုအောက်မှာ ကျွန်တော့်ရဲ့ တိုးတက်မှုနှုန်းက အားရစရာပါ။ သူတို့က မင်းအသင်းကြီးရဲ့ အဓိက ကစားသမားနေရာကို အချိန်တိုအတွင်းရလိမ့်မယ်လို့ အားပေးခဲ့ကြတယ်။

ကျွန်တော့်ရဲ့ ငယ်ဘဝဟီးရိုးဖြစ်တဲ့ ဂျွန်ဆန်းစ်နဲ့ လေ့ကျင့်ရေးကွင်းမှာ ဆုံဖြစ်နေပြီ။ သူက လီဗာပူးလ်မှာ ကစားလာတာ (၁၅) နှစ်ပြည့်တော့မယ်။ လေ့ကျင့်ရေးကွင်းမှာ အပြန်အလှန်ဘောလုံးပေးကစားနေရပြီ။

ကျွန်တော်က သူကိုဝင်ရောဖို့ ဘယ်တော့မှ နောက်တွန့်မနေဘူး။ မရှက်ဘူး။ သူကလည်း လိုလိုလားလားကို လက်ခံတယ်။ ပြီးတော့ ဂျေမီရက်နက်ပ်။ သူနဲ့ တွဲခွင့်၊ ထိတွေ့ခွင့်ရခဲ့တာလောက် ကံကောင်းတာမရှိဘူး။

သူက ညာတာတတ်တယ်။ လူငယ်တွေကို တွဲခေါ်တယ်။ သင်ကြားပေးတယ်။ ကွင်းလယ်လူတစ်ဦးဟာ ဘယ်လိုနေရာယူပြီး ဘောလုံးအမြင်ရှိရမယ်ဆိုတာတွေကို



www.burmeseclassic.com

www.burmeseclassic.com



သေချာရှင်းပြတယ်။ နောက်ဆုံးဖိနပ်အသစ်တွေပါ လက်ဆောင်ပေးတတ်တယ်။

လက်ဖျားခါရတဲ့ ပါရမီရှင်နောက်နှစ်ဦးက ရော်ဘီဖောင်လာနဲ့ မက်မက်နာမန်ပါ။ သူတို့ရဲ့ ဘောလုံးကျွမ်းကျင်မှုကို ပေးမောအားကျခဲ့ရတယ်။

အရင်ကတော့ သူတို့က လီဗာပူးလ်မြို့မှာ လူမှုရေးလုပ်ငန်းတွေ လုပ်တဲ့အချိန်တွေ၊ ဆေးရုံတွေမှာ လာကူညီပေးတဲ့ အချိန်တွေမှာပဲ ဆုံတွေ့ခွင့်ရခဲ့တာပါ။

ကွင်းထဲမှာ သူတို့လေ့ကျင့်ခန်းဆင်းတာကို တွေ့ရတာကျေနပ်မဆုံးဘူး၊ သူတို့လို တစ်နေ့ဖြစ်ရမယ်ဆိုတဲ့စိတ်ကို အမြဲခေါင်းထဲထည့်ထားတယ်။

(၃)

ဂျရတ်ရဲ့ မအောင်မြင်သေးခင် ကာလတွေကို လှမ်းကြည့်ပါက ချို့တဲ့စွာဖြတ်သန်းခဲ့ရတာကို အထင်အရှားတွေ့ရတယ်။

ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



သူက ကြိုးစားတယ်။

သူ့ကြိုးစားမှုတွေထဲမှာ ' အောင်မြင်ရမည် ' ဟူတဲ့ စိတ်ဓာတ်ကိုပါ အမြဲတမ်း ရိုက်ထည့်ထားခဲ့တယ်။

ဒီတော့

ဂျရတ်ကို ထီပေါက်သလို၊ ငွေပုံကြီးလမ်းမှာ ကောက်တွေ့ရသလို ကံကောင်းတဲ့သူဟု ပြောလို့မရ ပေ။

သူကြိုးစားလို့ ကံကောင်းခဲ့တာပါ။

သူဇွဲရှိလို့ ကံကောင်းခဲ့တာပါ။

သူမပျင်းလို့ ကံကောင်းခဲ့တာပါ။

♦ ♦ ♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

ချီးမွမ်းတယ် ကဲ့ရဲ့တယ်ဆိုတာ
သူတစ်ပါးအလုပ်
သူတစ်ပါးလက်ထဲမှာ ရှိတယ်။
ကိုယ့်အတွက် အရေးအကြီးဆုံးက
ဘယ်သူ ဘာပြောပြော
သဘောထားအမှန်နဲ့
လုပ်သင့်တာကို လုပ်နေဖို့ပဲ
အဲဒါ ကိုယ့်လက်ထဲမှာ ရှိတယ်။

(Upan Dita )



www.burmeseclassic.com

www.burmeseclassic.com

# ဘာကြောင့် သူတို့ အောင်မြင်တာလဲ

## (၁)

" ငါ့အနေအထားနဲ့ ဖြစ်ပါ့မလား "

" မဖြစ်နိုင်တာကို မလုပ်တာကောင်းတယ် "

" လုပ်နိုင်မယ် မထင်ပါဘူး "

ဒီလို စကားမျိုးတွေကို ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ကြားဖူးသလို၊ တစ်ခါတစ်လေကြရင် ကျွန်တော်တို့ကိုယ်တိုင်ပင် နှုတ်ကနေ အလွယ်တကူပြောမိလေ့ရှိကြပါတယ်။

ရည်မှန်းချက်တစ်ခုကို စိတ်ဓာတ်တက်ကြွနေစဉ်မှာ ထားတတ်ကြပြီး တကယ်လက်တွေ့ဆောင်ရွက်တော့



www.burmeseclassic.com

www.burmeseclassic.com



မယ်ဟု ထင်မှတ်ထားတဲ့ အချိန်မှာ အခက်အခဲများကို ပြေးမြင်ပြီး အထက်ပါစကားတွေကို ကျွန်တော်တို့တွေ ပြောမိကြပါတယ်။

ကိုယ်ရည်မှန်းချက် ခရီးလမ်းတွေဆက်ဖို့ ပြင်တဲ့အခါ၊ ကိုယ့်မိသားစုက မထောက်ပံ့ပေးနိုင်တဲ့အခါ၊ ကိုယ့်ပတ်ဝန်းကျင်က အားမပေးတဲ့အခါ၊ စိတ်ပျက်အားငယ်နေတဲ့အခါ၊ ရှေ့ဆက်ဖို့ခက်နေတဲ့အခါ၊ ယုံကြည်မှုတွေ ကျဆင်းနေတဲ့အခါ ဒီလိုအခါမျိုးတွေမှာ အထက်ပါစိတ်ဓာတ်တွေ ဝင်လာတတ်ပါတယ်။

လူတိုင်းက အောင်မြင်ချင်ကြပါတယ်။

လူတိုင်းဟာ ကြီးပွားချင်ပါတယ်။

ဘာကြောင့် မအောင်မြင်၊ မကြီးပွား၊ မတိုးတက်ပါသလဲဆိုပါက အောင်မြင်, ကြီးပွား, တိုးတက်ရမည်ဆိုသောယုံကြည်မှုအားနည်းသွားလို့ပါ။

ဒီလိုယုံကြည်မှု အားနည်းတဲ့အခါတွေမှာ ' သူတို့ဘာကြောင့်အောင်မြင်ကြတာလဲ ' ဆိုတာကို ကြည့်ဖို့၊ သူတို့တောင် အောင်မြင်ကြသေးတယ်ဆိုရင် အတွေးရှိဖို့



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာ အောင်မြင်သူတချို့အကြောင်းကို ဖော်ပြပေးလိုက်ပါတယ်။

(၂)

**ခြေထောက်မပါသော ချန်ပီယံ**

" သင့်နှလုံးသား (စိတ်) ကသာ တကယ်ခိုင်မာစမ်းပါ။ လက်တွေ၊ ခြေတွေ မရှိတောင် သင်ဖြစ်ချင်တာတွေ အကုန်ဖြစ်ရပါလိမ့်မယ်."

ဤစကားရပ်ကို လေးလေးနက်နက် ပြောလိုက်သူကား ဩစတြေးလျနိုင်ငံ၊ မဲလ်ဘုန်းမြို့သူလေး အင်ကာရီပင်ဖြစ်ပါသည်။

ဤစကားရပ်ကလေးတစ်ခုကို ယခုလိုရဲရဲဝံ့ဝံ့ပြောနိုင်ရန်အတွက် အင်ကာရီတစ်ယောက် လပေါင်းများစွာမည်သို့ ကြိုးစားအားထုတ်ခဲ့ရသည်ကို ဆက်လက်လေ့လာကြည့်ကြပါစို့။

အင်ကာရီကား မွေးကတည်းက ဒူးအောက်ခြေနှစ်ဖက်လုံး ပါမလာခဲ့သူပင်ဖြစ်ပါသည်။ သို့သော် စိတ်



www.burmeseclassic.com

www.burmeseclassic.com



မာတ်ပျော့ညံ့သော သူများကဲ့သို့ အိပ်ရာထဲ ခွေကာဘဝ ကို အရှုံးပေးသူများထဲတွင် အင်ကာရီမပါခဲ့ပေ။

ထို့ကြောင့်လည်း (၁၂) နှစ်သမီးအရွယ်သာသာ လောက်တွင် အင်ကာရီတစ်ယောက် သူ၏ ဘဝရည်မှန်း ချက်ကို အားလုံးသိအောင် အံ့တိအလင်းကြေညာလိုက် တော့သည်။

သူ၏ ရည်ရွယ်ချက်ကား -

ကမ္ဘာ့ရေကူးချန်ပီယံဖြစ်ရမည်ဟူသတည်း။

သူ၏ ရည်မှန်းချက်ကို သိသွားသူမှန်သမျှက ခြေ လက်အင်္ဂါစုံသောသူများပင် ရရန်မလွယ်သော ချန်ပီယံ အဖြစ်ကို ခြေလက်အင်္ဂါမစုံသော အင်ကာရီအနေဖြင့် ဘယ်လိုမှ မရနိုင်၊ မဖြစ်နိုင်ကြောင်း သူတို့စိတ်နှင့် နှိုင်း၍ ပြောဆိုကြသည်။

စိတ်ဓာတ်ညံ့သောသူအချို့ကလည်း အကျိုးဆော့ အကျန်းမော့လုပ်သည်။ ခြေလက်အင်္ဂါချို့တဲ့သောသူသည် ချို့တဲ့သောသူလိုမနေ၊ စသောစကားများဖြင့် တိုးတိုးတစ် မျိုး ကျယ်ကျယ်တစ်ဖုံကဲ့ရဲ့ရှုတ်ချကြသည်။ အောင်မြင်မှု



www.burmeseclassic.com

www.burmeseclassic.com



ရချိန်အထိ အင်ကာရီဘက်မှ ရပ်တည်အားပေးခဲ့သောသူ ဆို၍ အင်ကာရီ၏ စိတ်ဓာတ်တစ်ခုသာရှိပေသည်။

ကဲ့ရဲ့ရှုတ်ချမှုများ ပြစ်တင်မှုများကြားမှပင် နည်းပြ တစ်ယောက်ကို ခေါ်၍ အပြင်းအထန်လေ့ကျင့်ကာ ပြိုင်ပွဲ ဝင်လိုက်ရာ ဩစတြေးလျစံချိန်သစ် (၁၃) ခု၊ ကမ္ဘာ့စံချိန် သစ် (၂)ခုပင် တင်နိုင်သော ကမ္ဘာ့ရေကူးချိန်ပီယံ တစ် ယောက် ဖြစ်လာခဲ့ပါသည်။

ထို့ကြောင့်

'သင့်နှလုံးသား (စိတ်)သာ တကယ်ခိုင်မာစမ်းပါ၊ လက်တွေ၊ ခြေတွေမရှိတောင် သင်ဖြစ်ချင်တာတွေ အ ကုန် ဖြစ်ရပါလာလိမ့်မယ်' ဆိုသော အင်ကာရီ၏ ဘဝနှင့် ရင်းနှီးပြီးမှ ဖြစ်ပေါ်လာရသော စာပုဒ်လေးကို ကျွန်ုပ်တို့ နှလုံးသားတွင် ကမ္ပည်းတင်ကာ ကြိုးစားသင့်လှပေသည်။

မျက်မမြင်၊ နားမကြား၊ ဆွံ့အသောသူက တက္က သိုလ်ပါမောက္ခတစ်ယောက်ဖြစ်နိုင်ပါ့မလား၊

အမေရိကန်နိုင်ငံမှ ဟယ်ရီကဲလင်းလို အမျိုးသမီး တစ်ဦးသာ မပေါ်ခဲ့ပါလျှင် အထက်ပါမေးခွန်းကို မဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါဟုသာ ဖြေရပါလိမ့်မည်။ ယခုကားဖြစ်နိုင်ပါသည်ဟူ၍ ရဲရဲဝံ့ဝံ့ဖြေနိုင်ပေပြီ။

ဟယ်ရီကဲလင်းကား မွေးကတည်းက ဆွံ့အ၊ နားမကြား၊ မျက်မမြင်တစ်ယောက်ဖြစ်ခဲ့ရရှာပါသည်။

သို့သော်

ဘဝကို အရှုံးပေးပြီး လူတောမတိုးဝံ့သော စိတ်ဓာတ်မျိုးကို ဟယ်ရီကဲလင်းလက်မခံ။ စိတ်ပညာ အသုံးအနှုန်းအရဆိုလျှင် အ ူကျ်စိတ်ကို ဟယ်ရီကဲလင်း လက်မခံ။ အပြုစိတ်ထားကိုသာ ဘဝတစ်လျှောက်လုံး ဟယ်ရီကဲလင်း မွေးမြူခဲ့သည်။

ထို့ကြောင့်လည်း တစ်နေ့နေ့မှာ တက္ကသိုလ်ပါမောက္ခတစ်ယောက် မုချဖြစ်ရမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဆွံ့အနားမကြားစာသင်နည်း၊ မျက်မမြင် စာသင်နည်းတို့ကို အပတ်တကုတ်လေ့လာသင်ကြား အားထုတ်ကြိုးစားခဲ့သည်။

စိတ်ဓာတ်မကျဘဲ အမြဲမပြတ် ကြိုးစားအားထုတ်သော ပုဂ္ဂိုလ်အား ပျက်စီးဆုံးရှုံးမှုနှင့် မအောင်မြင်မှုသည်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏသာဖြစ်၏။ ထိုတစ်ခဏသာဖြစ်ခြင်းသည်ပင် သေချာပေါက်ရလဒ်ဖြစ်၏။ နောက်ဆုံးရလဒ်ကား အောင်မြင်မှုပင်။

ဟူသော လမ်းညွှန်ဩဝါဒအတိုင်း ဟယ်ရီကဲလင်း တစ်ယောက် သူအလွန်ဖြစ်ချင်သော တက္ကသိုလ်ပါမောက္ခကြီး တစ်ယောက်ဖြစ်ခဲ့ရပါတော့သည်။

လွန်ခဲ့သော နှစ်အနည်းငယ်ကပင် မြန်မာနိုင်ငံ သို့ အရောက်လာကာ သူနှင့်ဘဝတူ ပုဂ္ဂိုလ်များကို အားပေးစကားများ ပြောကြားခဲ့ပါသေးသည်။

လက်မပါသော သေနတ်သမား –

စိတ်ကူးယဉ်ဆန်သော ခေါင်းစဉ်တစ်ခုလို့ မမှတ်လိုက်ပါနှင့်။ တကယ့်ဖြစ်ရပ်ပါ။ သူကတော့ ဗြိတိန်နိုင်ငံသား ရော်နီဝက်စ်ပင်ဖြစ်သည်။ သူ့တွင်မွေးကတည်းက လက်နှစ်ဖက်လုံး ပါမလာခဲ့ပေ။

သို့သော် -

ဘဝအောင်မြင်မှုကို အပြည့်အဝပေးမည့် ထက်သန်ခိုင်မာသော စိတ်ဓာတ်ကတော့ ရာနှုန်းပြည့်ပါလာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

ထို့ကြောင့်လည်း ဘဝကို အားလျော့စိတ်ပျက် မနေဘဲ ကြိုးစားလိုက်ရာ ကားမျိုးစုံကို ကျွမ်းကျွမ်းကျင် ကျင် မောင်းနှင်နိုင်ခဲ့ပါသည်။ ထို့ပြင် ဗြိတိန်နိုင်ငံ၊ မီတာ (၅၀)တွင် ရေကူးစံချိန်တင်နိုင်ခဲ့သည်။ ဆေးရုံပေါင်းစုံ ရေ ကူးပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်ငါးခုရခဲ့သည်။

နိုင်ငံတကာအဆင့်မီ လက်ဖြောင့်တစ်နည်းအား ဖြင့် ခြေဖြောင့်သေနတ်သမားဘဝအဖြစ် ဗြိတိသျှသေနတ် ပစ် အဖွဲ့ဝင်တစ်ဦးလည်းဖြစ်ခဲ့ပြန်ပါသည်။

ဘဝအောင်မြင်မှု၏ အားဆေးတစ်မျိုးဖြစ်သော ဖော်ပြပါစာပိုဒ်လေးများကို လေးနက်စွာ ဖတ်ကြည့်လိုက် ပါ။

ထမြောက်အောင်မြင်မှုရဲ့ ပထမအခြေခံတာ ခံယူ မှုစိတ်ဓာတ်ပဲ၊ စတင်ယုံကြည်တာနဲ့ တစ်ပြိုင် နက်အောင် မြင်မှုစတာပဲ။

(စီရော်ဘာ့စ်)

ဆင်းရဲဒုက္ခအပေါင်းတို့သည် လောကလူများ၏



www.burmeseclassic.com

www.burmeseclassic.com



အစွမ်းကို ညွှစ်ထုတ်သော ဆေးကောင်းကြီးပင်ဖြစ်တော့ ၏။ ၎င်းတို့က ကျွန်ုပ်တို့အား လိမ္မာရေးခြားစေ၏။

(လောကဓံဦးထွန်းလှ)

တောင့်တမျှော်လင့်ချက်ပြင်းထန်ခြင်းကား ကျွန်ုပ်၏ အရင်းနှီးဆုံးသော မိတ်ဆွေကြီးပင်ဖြစ်သည်။

(တစ်တာလာ)

**ခြေထောက်မပါသော စကိတ်စီးသမား**

စိတ်ဝင်စားရန်ကြံဖန်တပ်ထားသော ခေါင်းစဉ်ဟု မမှတ်လိုက်ပါလေနှင့်။ ထိုပုဂ္ဂိုလ်ကား အခြားမဟုတ်၊ အမေရိကန်မရိန်းတပ်သားတစ်ယောက်ဖြစ်သော ချက်ကော်လီပင်ဖြစ်ပါသည်။

တကယ်တမ်းကျတော့ ခေါင်းစဉ်တပ်တာပင် လိုပါသေးသည်။ ချက်ကော်လီမှာ ခြေနှစ်ဖက်သာမက လက်တစ်ဖက်လည်း အရင်းကပင် ပြတ်နေပါသေးသည်။

ဗီယက်နမ်စစ်ပွဲတွင် မိုင်းထိခဲ့သဖြင့် ခြေနှစ်ဖက်နှင့် လက်တစ်ဖက်ကို တိုင်းပြည်အတွက် စွန့်လွှတ်ခဲ့ရခြင်းပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ မိုင်းဗုံးသည် ချက်ကော်လီ၏ခြေနှင့်လက်ကို ပြတ်အောင် ဖြတ်နိုင်ခဲ့သော်လည်း ထက်မြက်သော ချက်ကော်လီ၏ စိတ်ဓာတ်ကိုကား ကျဆင်းသွားစေခြင်းငှာ မတတ်နိုင်ခဲ့ပါချေ။

ထို့ကြောင့်လည်း ချက်ကော်လီတစ်ယောက်တပ်မှ အနားယူချိန်တွင် တစ်ဖက်တည်းသာ ကျန်ခဲ့သော လက်ဖြင့် အပြင်းအထန်ကြိုးစားလေ့ကျင့်ပြီး ပြိုင်ပွဲဝင်ခဲ့ရာ ဂုဏ်ထူးဆောင် ရွှေတံဆိပ်ဆုများကို အကြိမ်ကြိမ်ဆွတ်ခူးရရှိသော နာမည်ရ ချန်ပီယံစကိတ်စီးသမားတစ်ယောက် ဖြစ်လာခဲ့ရပါသည်။

## ရွယ်စုံပညာရှင် ဦးပဂျိုင်

လောကီ၊ လောကုတ္တရာ စာပေလောကမှ ပုဂ္ဂိုလ်အားလုံးအလေးထားရသော ပုဂ္ဂိုလ်ကြီးတစ်ယောက်ဖြစ်ပါသည်။ ငယ်စဉ်က ပေပေတေတေနေခဲ့သော်လည်း အသိဉာဏ်ရင့်ကျက်လာသော အချိန်တွင် -

'ငါသည် ယနေ့မှစ၍ အသက် (၄၀) အတွင်း



www.burmeseclassic.com

www.burmeseclassic.com



တိုက်ဆောက်၊ ကားစီးနိုင်သော သူဌေးတစ်ယောက် ဖြစ်ကို ဖြစ်ရမည် '

ဟူသော ယုံကြည်ချက်ဖြင့် အပတ်တကုတ်ကြိုးစားခဲ့ရာ အသက် (၄၀) မပြည့်မီမှာပင် တိုက်ဆောက်၊ ကားစီးနိုင်သော သူဌေးကြီးတစ်ယောက်ဖြစ်လာခဲ့ပါသည်။

တိုက်နှင့် ကားနှင့် သားနှင့် မယားနှင့် ဖြစ်သွားသောအချိန်တွင် ရင့်ကျက်သထက် ရင့်ကျက်လာသော အသိဉာဏ်၏ တိုက်တွန်းမှုဖြင့် -

'လောကီ လူ့လောက၌ ဗုဒ္ဓညွှန်ပြသော ချမ်းသာအစစ်အမှန်တရားထက် ကောင်းသော တရားကားလုံးဝမရှိ၊ ငါသည် ယခုအသက်(၄၀)မှ သေဆုံးချိန်ထိ ချမ်းသာအစစ်အမှန်ဖြစ်သော တရားကို ရအောင်ရှာ၍ သူတစ်ပါးကိုလည်း ဟောပြောပြသ လမ်းညွှန်နိုင်သောသူဖြစ်အောင် ကြိုးစားအံ့။

ဟု ဆုံးဖြတ်ကာ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ပါဠိတော်မြန်မာပြန်ပါမကျန်အားလုံးကို ဝယ်ယူ၍ ချင့်ချိန်ကြံရင်း ကြည့်ရှုလေ့လာခဲ့ရာ မိမိကိုယ်တိုင်ပင်တရား၏



www.burmeseclassic.com

www.burmeseclassic.com



အရသာကို ခံစားရသည့်အပြင် ရဟန်းတော်များကိုပါ တရားပြန်လည်ပို့ချလမ်းညွှန်ပေးနိုင်သော နိုင်ငံကျော် တရားသင်တန်းနည်းပြ ဆရာကြီးတစ်ယောက်ပင် ဖြစ်လာခဲ့ပါသည်။

စာရေးသူ၏ မိတ်ဆွေ (ဘုန်းကြီး) စာရေးဆရာ တစ်ယောက်သည် ဆရာကြီးဦးပဂိုနှင့် သွားရောက်တွေ့ဆုံမှာ စာပေဆွေးနွေးခဲ့ရာ ဦးပဂိုက

" တပည့်တော်ဟာ အရှင်ဘုရားများလို သဒ္ဒါ၊ သင်္ဂြိုဟ်များကို လုံးစေ့၊ ပတ်စေ့သင်ကြားဖူးသူ တစ်ယောက်မဟုတ်ပါ။ ဗုဒ္ဓတရားတော်များကို သိချင်တဲ့ စိတ်ဆန္ဒအားကြီးပြင်းထန်သောကြောင့် အင်္ဂလိပ်တကုတ် လေ့လာကြည့်ရှု ကျင့်ကြံခဲ့လို့သာ ယခုလို သင်တန်းနည်းပြ ဆရာတစ်ယောက် ဖြစ်လာခဲ့ခြင်းပါဘုရား "

ဟု လျှောက်ထားခဲ့ကြောင်း သိရှိရပါသည်။

ဦးပဂို၏ စာကြည့်ခန်းအဝင်ပေါက်တွင်လည်း အောက်ပါစာတန်းကို ချိတ်ဆွဲထားကြောင်း သိရှိရပါသည်။

" လောကီရေးနှင့် ပတ်သက်လျှင် အိမ်ရှင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရန် လောကုတ္တရာရေးနှင့် ပတ်သက်မှသာ ဤစာ ကြည့်ခန်းသို့ ဝင်လာရန် ”

ဟူ၍ ဖြစ်ပါသည်။

ဤ၌ အဓိကသိစေလိုရင်းမှာ ဖြစ်ချင်သော စိတ်သာ တကယ်ရှိပါက လောကီရေးမဆိုထားနှင့် လောကုတ္တရာရေးမှာပင် အောင်မြင်မှုရလာနိုင်သည်ဟူသော အချက်ပင်ဖြစ်ပါသည်။”

(၃)

တစ်ခုခုကို လုပ်ဆောင်ဖို့ ခက်ခဲနေတယ်၊ တွေဝေနေတယ်၊ ဆုံးဖြတ်ချက်မချနိုင်ဘူး၊ ‘ ဖြစ်ပါ့မလား ’ ဟု စိတ်တွေရှိနေမယ်ဆိုရင် ခြေထောက်မပါဘဲ ရေကူးချန်ပီယံဖြစ်တဲ့ အင်ကာရီ၊ ဆွံ့အနားမကြားပညာရှင်ဟယ်ရီကဲလင်း၊ လက်မပါတဲ့ သေနတ်သမားရော်နီဝက်စ်၊ ခြေထောက်မပါသော စကိတ်စီးသမားချက်ကော်လီတို့ရဲ့ အနေအထားနဲ့ ယှဉ်ကြည့်ပါက မိမိအနေအထားက ပိုပြီး အဆင့်အတန်းမြင့်တာကို တွေ့ရပါလိမ့်မယ်။

ဒါဆိုလျှင် -



www.burmeseclassic.com

www.burmeseclassic.com



သူတို့က အောင်မြင်ပြီး ကိုယ်ကဘာကြောင့် အခုထိ အောင်မြင်သူမရသေးတာလည်းဆိုတာကို ဆန်းစစ်ပါ။

သေချာပါတယ်၊

ကိုယ်က သူတို့လို အောင်မြင်ရမယ်ဟူသော စိတ်ဓာတ်ခိုင်မာမှု၊ အောင်မြင်ရမည်ဟူသော ယုံကြည်ချက်၊ အောင်မြင်အောင်လုပ်မည်ဟူသော စိတ်ဓာတ်နှင့် လက်တွေ့ဆောင်ရွက်မှု မရှိလို့ပါ။

တကယ်သာ အဲဒီစိတ်ဓာတ်ရှိရင်
သူတို့တောင် အောင်မြင်သေးတာပဲ။
ကိုယ်လည်းအောင်မြင်နိုင်ပါတယ်။

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

သင့်မှာ -

ခိုင်မာပြတ်သားတဲ့ ဆုံးဖြတ်ချက်ရှိပြီး

ဖြစ်အောင်လုပ်မယ်ဆိုတဲ့ ယုံကြည်ချက်ရှိပြီဆိုရင်

အဆက်ဆက်ကနေ အင်အားတွေ၊ ခွန်အားတွေက

ရှုန်းထလာပြီး

အကောင်အထည်ဖြစ်မြောက်တဲ့ လမ်းဆီ

သင့်ကို တွန်းပို့ပေးမှာပါ။

(နိုင်းနိုင်းစနေ)



www.burmeseclassic.com

www.burmeseclassic.com

# အတွေ့အကြုံဆိုတာ

(၁)

" ကျွန်တော့်ကို တစ်ခုလောက်ကူညီပါဗျာ ကျွန်တော့် နောက်မှာ ရန်သူတွေ လိုက်လာလို့ ဒီခြံထဲမှာ ခဏလောက်ဝင်ပုန်းပါရစေ "

သူ့အသံက တုန်ရီပြီး ခါထွက်နေတယ်။

အိမ်ရှင်က လူစိမ်းရဲ့ အနေအထားကို ကြည့်ပြီး

" ဟို အောက်ထဲဝင်ပုန်းလိုက်ပါ "

အိမ်ရှင်ညွှန်ပြသောနေရာကို ကြည့်လိုက်တော့ သားမွေးပုံကြီး။ အိမ်ရှင်ကို ဘာမှပြန်မပြောမနေတော့ဘဲ သားမွေးပုံကြီးအောက်ကို သူဝင်လိုက်တယ်။ သားမွေး



www.burmeseclassic.com

www.burmeseclassic.com



ပုံကြီးကကြီးတော့ သူလည်း ဟိုးအောက်ထဲအထိ တိုးဝင်လိုက်တယ်။

" ---------- "

စစ်ဖိနပ်သံတွေက သူ့ပတ်ဝန်းကျင်မှာ ရပ်နေတာကို သတိထားမိလိုက်တယ်။ အိမ်ရှေ့မှာ ရုရှားစစ်သားတွေ

" အိမ်ပိုင်ရှင်ဘယ်သူလဲ "

" ကျွန်တော်ပါ "

" ခုနအိမ်ထဲကို ပြင်သစ်စစ်သားတစ်ယောက်ဝင်လာတယ် မဟုတ်လား "

သားမွေးဆိုင်ပိုင်ရှင်သိလိုက်ပြီ၊ ခုနတုန်းက သူ့ကိုဝင်ပုန်းခွင့်တောင်းတာ ပြင်သစ်စစ်သားတစ်ဦးကိုး။ ခုချိန်မှာက ပြင်သစ်တွေနဲ့ ရုရှားစစ်သားတွေက အပြန်အလှန်တိုက်ခိုက်နေကြတာ။ သူကသာ ပုန်းတဲ့နေရာကို ညွှန်ပြလိုက်ရင် ပြင်သစ်စစ်သားရဲ့ ဘဝက တွေးဝံ့စရာပင်မရှိတော့။ လူ့အသက်တစ်ချောင်း ကယ်တင်ကောင်းပါတယ်ဟူသော အသိဖြင့် . . .

" ဘယ်သူမှ မဝင်ပါဘူးခင်ဗျား "



www.burmeseclassic.com

www.burmeseclassic.com



" မညာနဲ့နော် "

" မညာပါဘူး "

မညာဘူးလို့ ပြောလိုက်ရပေမယ့် သူ့အသံက ဖျော့တော့နေတာကို သူကိုယ်တိုင်သတိထားမိလိုက်တယ်။

" မယုံဘူးကွာ "

" . . . "

ခေါင်းဆောင်ဖြစ်သူရဲ့ အသံက ပြင်းထန်စွာ ထွက်လာတော့ အိမ်ရှင်လည်း ဘာမှ ပြန်မပြောရဲဘူး၊ တစ်ခုခုပြောရင် သူ့အသက်ပါ စိတ်ချရတဲ့ အနေအထား တစ်ခု မဟုတ်တော့တာကို သူကိုယ်တိုင်သိတယ်။

" တစ်အိမ်လုံးရှာ "

ရှရှားစစ်ခေါင်းဆောင်ရဲ့ စကားဆုံးတာနဲ့ စစ်သည်တွေဟာ တစ်အိမ်လုံးဝိုင်းရှာတယ်။ မတွေ့ဘူး၊ ရှာစရာက သားမွေးထည်ပုံကြီးသာ ရှိတော့တယ်။

" အဲဒီပုံအောက်ရှာ "

သားမွေးပုံအောက်ကို ဓားနဲ့ ထိုးကြတာများ အိမ်ရှင်အနေဖြင့် အသက်ရှူသံတောင် ရပ်နေသလားမှတ်



www.burmeseclassic.com

www.burmeseclassic.com



ရတယ်။

" စွပ် . . . စွပ် "

တစ်စွပ်စွပ်အသံတွေက သားမွေးပုံကြီးကို ထိုးစိုက်နေတာ ဘယ်အချိန်များ ' အား . . . " အသံကြားမလဲဆိုတဲ့ အသိကလည်း သူ့တစ်ကိုယ်လုံးအေးစက်လို့"

အကယ်၍ ရုရှားစစ်သားတွေရဲ့ ထိုးလိုက်တဲ့ လှံစွပ်၊ ဓားတွေဟာ သားမွေးပုံအောက်က ပြင်သစ်စစ်သားကို ထိုးမိရင်၊ အိမ်ရှင်လည်းမလွယ်။

စိတ်တိုင်းကျရှာဖွေပြီးတဲ့အခါ မတွေ့တာနဲ့ ရုရှားစစ်သားတွေ ပြန်ထွက်သွားမှ အိမ်ရှင်လည်း သက်ပြင်းကို ချနိုင်တယ်။

" တော်သေးတယ် "

(၂)

နပိုလီယံ ။( ၁၇၆၉-၁၈၂၁)

ဒီအသံကြားရင် ဥရောပတစ်နယ်လုံး ဖိမ့်ဖိမ့်တုန်အောင် ကြောက်လန့်ရတဲ့စစ်ဘုရင်တစ်ပါး။ မဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တာ သူ့ဘဝမှာ မရှိဘူး ' လို့ ကြွေးကြော်သံဖြင့် ဥရောပ တစ်ခုလုံးကို သိမ်းပိုက်ချင်သူ။

နပိုလီယံ ဘိုနာပတ် (Napoleon Bonaparte) နဲ့ ပတ်သက်ပြီး သိသင့်သိထိုက်တာ လေးတွေ အနည်းငယ် သိစေဖို့ The Zoo A Ranking of the Moast Influential Persons in History (Michzel H.Hart) စာအုပ်ကို ဆရာဝါးခယ်မမောင်မင်းနိုင် မြန်မာဘာသာ ပြန်ဆိုတဲ့ " ကမ္ဘာ့ကြီး၏ အကြီးဆုံးပုဂ္ဂိုလ်ထူး ၁၀၀ " မှာပါ အကဲဖြတ်ချက်အချို့ကို နည်းနည်းလေ့လာကြည့်ရ အောင်။

" ဂုဏ်ပြုအပ်သည့် ပြင်သစ်စစ်ဗိုလ်ကြီးနှင့် အင်ပါယာရှင်ကြီးနပိုလီယံ (၁) သည် ကော်စီကာနိုင်ငံ၊ အဂျက်စီယိုမြို့တွင် ၁၇၆၉- ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ သူ၏ အမည်ရင်းမှာ နပိုလီယံဘိုနာပတ်ဖြစ်သည်။

ပြင်သစ်နိုင်ငံသည် ကော်စီကာမြို့ကို သူမမွေးမီ ဆယ့်ငါးလအရင်က ရရှိခဲ့ရာ နပိုလီယံမှာ (၁၅) နှစ်သား အရွယ်က သူ့ကိုယ်သူကော်စီကာ နိုင်ငံသားဟု မှတ်ယူထားပြီး ပြင်သစ်ကို ကျူးကျော်သူဟု ခံယူထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နပိုလီယံမှာ ပြင်သစ်ရှိ စစ်အကယ်ဒမီတွင် တက်ရောက်ခဲ့ရာ ၁၇၈၅- ခုနှစ်တွင် ဘွဲ့ရခဲ့၏။ ၁၆-နှစ်၌ သူသည် ပြင်သစ်စစ်တပ်တွင် ဒုတိယလက်ထောက်ဗိုလ်ဖြစ်လာခဲ့၏။

နောက်လေးနှစ်အကြာတွင် ပြင်သစ်တော်လှန်ရေးကြီးဖြစ်ပွားခဲ့ရာ နှစ်အနည်းငယ်အတွင်းတွင် ပြင်သစ်အစိုးရသစ်မှာ တိုင်းတစ်ပါးအင်အားစုများစွာနှင့် စစ်ပွဲဆင်နွှဲခဲ့ရ၏။

၁၇၉၃-ခုနှစ်တွင် နပိုလီယံမှာ သူ၏အရည်အသွေးကို ဖော်ထုတ်ပြသခွင့်ကြုံခဲ့၏။ 'တိုလုံးကို ' သိမ်းပိုက်တိုက်ပွဲ (ထိုတိုက်ပွဲ၌ ပြင်သစ်တို့က ဗြိတိသျှထံမှ မြို့ကိုပြန်လည်သိမ်းပိုက်နိုင်ခဲ့၏။) ၌ သူသည် အမြောက်တပ်တာဝန်ကိုယူခဲ့၏။ (ထိုစဉ်က သူ့ကိုယ်သူ ကော်စီကာနိုင်ငံသားအဖြစ်ကို စွန့်ပစ်ခဲ့ပြီးမှ ပြင်သစ်အမျိုးသားအဖြစ် ရာထူး တိုးမြှင့်ခြင်း ခံယူခဲ့သည်။)

၁၇၉၆- ခုနှစ်တွင် အီတလီတွင် ပြင်သစ်တပ်မတော်ကို ဦးစီးစေခဲ့၏။ ၁၇၉၆- ခုနှစ်နှင့် ၁၇၉၇- ခုနှစ်များ

www.burmeseclassic.com

www.burmeseclassic.com



တွင် နပိုလီယံသည် အောင်ပွဲအဆင့်ဆင့်ရရှိခဲ့၏။ ပဲရစ် သို့ သူရဲကောင်းတစ်ဦးအဖြစ်နှင့် မျက်နှာပန်းလှစွာ ပြန်လာနိုင်ခဲ့၏။

(နှာ – ၁၆၆)

နပိုလီယံမှာ စစ်ရေးအာဏာကြောင့် အခြားလုပ်ဖော်ကိုင်ဖက်များထက်ပိုပြီး မကြာမီပင် မြင့်မားသော အာဏာကို အောင်မြင်စွာ ဆွတ်ခူးရရှိလာခဲ့ပေသည်။

နပိုလီယံအ-ဏ-ာရပုံမှာ မြန်ဆန်လွန်းလှ၏။

၁၇၉၃- ခုနှစ်၊ ဩဂုတ်လ တိုလုံးကို မသိမ်းမီက နပိုလီယံမှာ ပြင်သစ်ပြည်ဖွားမဟုတ်သည့် အသက် (၂၄) နှစ်ရှိ သာမန်အရာရှိလေးသာဖြစ်ပေသည်။ နောက်ပိုင်း (၆) နှစ်မရှိမီ အသက် (၃၀) တွင် အများသံဘောတူ ပြင်သစ်ခေါင်းဆောင် ဖြစ်လာခဲ့ရာ (၁၄) နှစ်တိုင် စိုးစံခဲ့ရ၏။

သူအာဏာရရှိစဉ်နှစ်များအတွင်းက နပိုလီယံသည် ပြင်သစ်ပြည်၏ အုပ်ချုပ်ရေးနှင့် တရားရေးတို့ကို ပြန်လည်စီစစ်သုံးသပ်ပြင်ဆင်ခဲ့၏။ ဥပမာ-ဘဏ္ဍာရေးနှင့် တကွ စီရင်ရေးပုံစံကို သူကပြန်လည်ပြုပြင်ခဲ့၏။ ပြင်သစ်



www.burmeseclassic.com

www.burmeseclassic.com



ဘဏ်နှင့် တက္ကသိုလ်ကြီးကို ဖန်တီးခဲ့၏။ ပြင်သစ်အုပ်ချုပ်ရေးကို မဏ္ဍိုင်ပြုပေးခဲ့၏။

ဤပြောင်းလဲမှုတစ်ခုချင်းတွင် ထူးခြားမှုမရှိခဲ့သော်လည်း အချို့ကိစ္စများမှာမူ ပြင်သစ်ပြည်တွင်သာ ထိရောက်ခဲ့ပြီး ကျန်ကမ္ဘာ့နိုင်ငံများအပေါ်တွင်မူ အနည်းငယ်မျှသာ ထိရောက်မှုရှိခဲ့သည်။

နပိုလီယံ၏ ပြုပြင်ပြောင်းလဲမှုအနက် တစ်ခုမှာ ပြင်သစ်နယ်စပ်ကို ဝေးလံစွာ ကျော်ထွက်ပြီး အကျိုးသက်စေခဲ့ခြင်းပင်ဖြစ်သည်။ ဤကား ပြင်သစ်တရားမဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်း အချက်ပင်ဖြစ်သည်၊ ဤဥပဒေမှာ နပိုလီယံကိုဒဥပဒေဟု ကျော်ကြား၏။

ကဏ္ဍများစွာ၌ ဤကိုဒဥပဒေမှာ ပြင်သစ်တော်လှန်ရေး၏ သဘောတရားများစွာဖြင့် လွှမ်းခြုံဖွဲ့စည်းလျက်ရှိ၏။ ဥပမာအဖြစ်ပြသော် ကိုဒဥပဒေ၌ မျိုးရိုးအရ အခွင့်ထူးခံခွင့်မရှိပေ။ လူတိုင်း လူတိုင်း ဥပဒေအရ တန်းတူညီတူပင်ဖြစ်၏။

တစ်ချိန်တည်းမှာပင် ဤကိုဒဥပဒေမှာ ပြင်သစ်



www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်း ဥပဒေဓလေ့ထုံးစံများနှင့်လည်း နီးစပ်လွန်းခြင်းကြောင့် ပြင်သစ်လူထုနှင့် ဥပဒေဝန်ထမ်းတို့ လက်ခံခဲ့ကြသည်။

အားလုံးခြုံကြည့်လျှင်လည်း ကိုဓဥပဒေမှာ မျှတမှုရှိ၏။ စနစ်ကျ၏။ တိုတုတ်ထိမိ၏။ ချီးမွမ်းအပ်ဖွယ်ဖြစ်သည်။ အတော့်ကို ရှင်းရှင်းလင်းလင်းရှိ၏။ ဤဥပဒေက ပြင်သစ်တွင် (ပြင်သစ်ယနေ့ဥပဒေမှာ နပိုလီယံ၏ မူရင်းကိုဓဥပဒေနှင့်ဆင်၏) သာမက အခြားနိုင်ငံများတွင်ပါ တည်ခဲ့၏။

နပိုလီယံက သူသည် တော်လှန်ရေးကို ကာကွယ်သူဟု အစဉ်ကျူးရင့်ခဲ့၏။ ၁၈၀၄-ခုတွင် သူ့ကိုယ်သူ ပြင်သစ်အင်ပါယာရှင်ဟု ကြေညာခဲ့၏။ ထို့အပြင် မိမိ၏ သားချင်းသုံးဦးကို ဥရောပနိုင်ငံများတွင် အာဏာအပ်ခဲ့၏။

• ( နှာ – ၁၆၇)

နပိုလီယံ၏ လုပ်ရပ်အားလုံးအနက်တစ်ခုကား သူ၏ အဓိကစီမံကိန်းနှင့် မသက်ဆိုင်ဟု ထင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် -

ထူးခြားစရာအကြောင်းတော့ ဖြစ်လာခဲ့၏။

၁၈၀၃ ခုတွင် နပိုလီယံက နယ်မြေအတော်များများကို အမေရိကန်ပြည်ထောင်စုကို ရောင်းချခဲ့၏။ မြောက်အမေရိက လက်ရှိပြင်သစ်ပိုင်ကျွန်းကို အောင်ပွဲ ရဗြိတိသျှတို့လွယ်လင့်တကူ မတိုက်နိုင်ရန် ဟန့်တားကာကွယ်နိုင်ရေးဌာဟု သူကတွက်ခဲ့၏။ ထို့ပြင် သူ့တွင် ဘဏ္ဍာငွေလည်းမြတ်နေ၏။

သမိုင်းတွင် လူစွဆီယာနာရောင်းမှုကြီးမှာ နယ်မြေတစ်ခုကို အကြီးမားဆုံးငြိမ်းချမ်းရေးရစေရေးပင် ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုကိုပါ တိုက်ကြီးတစ်ခုနီးပါး ကျယ်ဝန်းသွားစေခဲ့၏။

လူဝီစီယာနာမြေကိုသာ မရောင်းခဲ့ပါက အမေရိကန် ပြည်ထောင်စုမှာ မည်သို့ရှိမည်ကို ပြောရခက်နေပေမည်။ ယနေ့ခေတ်တွင် ကြီးစွာကွာခြားသည့် နိုင်ငံဖြစ်သွားမည်ကား အမှန်ပင်။ လူဝီစီယာနာသာမပါရှိခဲ့ပါက အမေရိကန်ပြည်ထောင်စုမှာ အင်အားကြီးနိုင်ငံဖြစ်မှ ဖြစ်ပါ့



www.burmeseclassic.com

www.burmeseclassic.com



မလားဟုပင် သံသယဝင်စရာရှိ၏။

(နှာ – ၁၄၁)

ဆိုရလျှင်-

နပိုလီယံဟာ ကြီးကျယ်သော လူသားတစ်ဦးပါ။

(၃)

တစ်ခါမှာတော့ နပိုလီယံဟာ သူရဲ့စစ်သည်တွေနဲ့အတူ ရုရှားပြည်ပိုင်နက်အတွင်းက မြို့လေးတစ်မြို့အတွင်းကို သိမ်းပိုက်ဖို့ရောက်သွားပါတယ်။

သူ့ရောက်နေတဲ့ သတင်းကို ရုရှားကော့ဆက် စစ်သားတစ်စုက သတင်းရသွားတော့ အပြန်အလှန် ပစ်ခတ်မှုတွေ ဖြစ်ခဲ့ပါတယ်။

တိုက်ပွဲငယ်လေးအတွင်းမှာ နပိုလီယံဟာ နောက်ပါစစ်သည်တွေနဲ့ ရုတ်တရက်ကွဲသွားပြီး တစ်ယောက်ထဲဖြစ်နေခဲ့တယ်။

အဲဒီအချိန်မှာ ရုရှားစစ်သားတစ်စုက သူ့ကိုရုတ်တရက်တွေ့သွားတာနဲ့သူလည်း လွတ်အောင်ပြေးရင်



www.burmeseclassic.com

www.burmeseclassic.com



မလွတ်နိုင်တော့တာမို့ လမ်းကြားတစ်ခုထဲက အိမ်တစ်အိမ်အတွင်းကို ဝင်ပုန်းလိုက်ပါတယ်။

ဖြစ်ချင်တော့ သူဝင်သွားတဲ့အိမ်က သားမွေးထည်တွေ ရောင်းတဲ့အိမ်ဖြစ်တော့ အိမ်ထဲမှာ သားမွေးစတွေက အများကြီးပဲ။ နပိုလီယံလည်း အိမ်ထဲရောက်တာနဲ့

" ကျွန်တော့်ကို တစ်ခုလောက်ကူညီပါဗျာ၊ ကျွန်တော့်နောက်မှာ ရန်သူတွေလိုက်လာလို့ ဒီခြံထဲမှာ ခဏလောက်ဝင်ပုန်းပါရစေ "

သူ့အသံက တုန်ရီပြီး ခါထွက်နေတယ်။

အိမ်ရှင်က သူ့အနေအထားကို ကြည့်ပြီး -

" ဟိုး အောက်ထဲဝင်ပုန်းလိုက်ပါ "

အိမ်ရှင်ညွှန်ပြသော နေရာကိုကြည့်လိုက်တော့ သားမွေးပုံကြီး။ အိမ်ရှင်ကို ဘာမှပြန်မပြောနေတော့ပဲ သားမွေးပုံကြီးအောက်ကို သူဝင်လိုက်တယ်။ သားမွေးပုံကြီးက ကြီးတော့ သူလည်း ဟိုးအောက်ထဲအထိ တိုးဝင်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



(၄)

“ . . . . ”

စစ်ဖိနပ်သံတွေက အိမ်ရှေ့မှာ ရပ်သွားတယ်။

ဒီတစ်ခါရောက်လာတာက ပြင်သစ်စစ်သားတွေ။ သူတို့အချင်းချင်းပြောစကားတွေက အိမ်ထဲကို လွင့်လာတယ်။ အဲဒီအသံတွေကြားတော့ သားမွေးပုံကြီးအောက်က နပိုလီယံထွက်လာတယ်။

စစ်သားတွေက နပိုလီယံကိုတွေ့တော့ အလေးပြုတယ်။

အိမ်ရှင်က အခြေအနေကြည့်ပြီး အံ့သြနေတယ်။

ပြင်သစ်စစ်သားတစ်ယောက် ‘ အိမ်ရှင်ကို ပြင်သစ်ဧကရာဇ်ဘုရင်နပိုလီယံ ’ ဟု ပြောလိုက်တော့ အိမ်ရှင်အဖို့ မျက်လှည့်ပြနေသလိုခံစားလိုက်ရတယ်။

သူက သာမန်စစ်သားတစ်ဦးထင်ပြီး ကယ်တင်ပေးလိုက်သူက ဥရောပနိုင်ငံတွေကို သိမ်းပိုက်ဖို့ လုပ်နေတဲ့ ‘ နပိုလီယံ ’ ဆိုတဲ့ အလွန်ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီးဆိုတဲ့ အသိက သူ့ကို ပဥ္စလက်ဆန်စေခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



" နပိုလီယံ . . . နပိုလီယံ "

သူ့နှုတ်က တိုးလျှစွာ ရွတ်ဆိုမိတယ်။

သူ့ကြားဖူးထားတဲ့ နပိုလီယံဆိုတာက တိုက်တိုင်း အောင်ပြီး အကြောက်အလန့်မရှိတဲ့ စစ်ဘုရင်။ သူ့လက်တွေ့မြင်လိုက်ရတာက အသက်ရှင်သန်ဖို့တောင် အခက်အခဲဖြစ်နေတယ်။

ခုန သူမြင်လိုက်တဲ့အနေအထားအရ ရုရှားစစ်သားတွေရဲ့ ဓါးချက်၊ လှံချက်ကို မကြောက်သလိုပင်။ နပိုလီယံက သေရမှာမကြောက်ဘူးလား။ သူ့စိတ်ထဲ ဝေခွဲမရ။

" တစ်ခုလောက် မေးပါရစေ "

အိမ်ရှင်က နပိုလီယံဆိုတာကြီးကို နဖူးတွေ့ဒူး တွေ့ အရှင်လတ်လတ် မြင်နေရချိန်မှာ သူက စကား စလိုက်တယ်။

" ဘာလဲဗျ "

နပိုလီယံအသံကတင်းမာနေတယ်။

" နပိုလီယံဆိုတဲ့ ပုဂ္ဂိုလ်ကြီးကို အားမနာတမ်း



www.burmeseclassic.com

www.burmeseclassic.com



မေးတယ်တော့ မမှတ်ယူပါနဲ့ဗျာ၊ ခုနသားမွေးပုံ အောက်မှာနေတုန်းက အပေါ်မှာ မြားချက်မိရင် ချက်ခြင်းအသက်ထွက်သွားမှာလေ၊ အဲဒီအချိန်တုန်းက ဧကရာဇ်ကြီးရဲ့ စိတ်ထဲ ဘယ်လိုနေသလဲ ”

“ တောက် ”

မေးခွန်းသံအဆုံး နပိုလီယံရဲ့ ‘ တောက် ’ ခေါက်သံက ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့တယ်။

အိမ်ရှင်အဖို့ နပိုလီယံရဲ့ အသက်ကို ကယ်တင်ထားသူမို့ ဒီမေးခွန်းလေးတော့ မေးခွန်းရှိတယ် ထင်ပြီး မေးတာဖြစ်သလို၊ တကယ်သိချင်လို့ မေးတာလည်း ဖြစ်တယ်။

နပိုလီယံက နီရဲသော မျက်နှာဖြင့် -

“ ငါလို ဧကရာဇ်ဘုရင်တစ်ပါးကို ဒီလိုမထီလေးစားမေးခွန်းမျိုးမေးတဲ့ ငမိုက်သားကို သေဒဏ်ပေးမယ်၊ အခုချက်ခြင်းသတ်ဖို့ ပြင်စမ်း ”

“ ဘုရားသခင် ”

အိမ်ရှင်နှုတ်က ရုတ်တရက်ထွက်ကျလာတဲ့



www.burmeseclassic.com

www.burmeseclassic.com



အာမေဋ္ဌိတ်သံကပင် တိုးလျှပြီး အရောင်ဖျော့သွားတယ်။

ပြစ်မှုနဲ့ ပြစ်ဒဏ်က မမျှလိုက်တာ။

## (၅)

'ခြေထောက်နှစ်ချောင်း မကယ်ကောင်း' ဆိုတဲ့ စကားပုံက နပိုလီယံကို ကယ်တင်ခဲ့တဲ့သူ့အတွက် တိုက်ရိုက်သက်ဆိုင်သလိုပါပဲ၊ ကံဆိုးမသွားရာကို လိုက်ရှာတဲ့ မိုးစက်တွေကလည်း သူ့တစ်ကိုယ်လုံးပေါ်ကို အငြိုးကြီးစွာနဲ့ ရွာချနေပြီ။

"ဟင်း"

ဘယ်နှစ်ကြိမ်မြောက်မှန်းမသိသော သက်ပြင်းလေးကြီးတွေကို ချနေမိတယ်။ အခုချိန်မှာ သူ့အနေအထားက သက်ပြင်းချနေရတာပင် အနည်းငယ်ရသော အခွင့်အရေး၊ ခဏနေရင် သက်ပြင်းတောင်ချခွင့်ရပါတော့မလားမသိ။

လက်ရှိအသက်ရှင်ခွင့်ရနေသေးတဲ့ ကာလတိုလေးအတွင်းမှာ သူရှူရှိုက်နေရတဲ့ လေတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



လေးလံသလို ခံစားရတယ်၊ ဒါကို ဖိစီးမှုဟု ခံကြမလား။ သူ့အတွက်တော့ ' ဖိစီးမှု ' ဆိုတဲ့ စကားလုံးကလည်း လုံလောက်မှုမရှိ၊ တခြားအစားထိုးစရာ စကားလုံးကလည်း မရှိ။

" ဘယ်သူ့မှ အပြစ်မရှိဘူး၊ နပိုလီယံကို ကယ်တင်မိတာက ငါ့အမှား၊ သူ့ဘာသာ ဘာဖြစ်ဖြစ်ငါက အနေသာကြီးကို ခုတော့ "

ပြန်တွေးလိုက်တိုင်း အသက်ရှူမဝ။

နောင်တတရားတွေက အတိုင်းအဆမဲ့စွာ ကျဆင်းလာတယ်။

" အသင့် "

ရုတ်တရက် နပိုလီယံအသံကြားတော့

" ကျွန်တော့် အသက်ကို ချမ်းသာပေးပါ "

သူ တောင်းပန်တိုးလျှိုစွာဖြင့် အသက်ရှင်သန်ခွင့်ကို တောင်းဆိုပေမယ့်၊ ပြင်သစ်စစ်သားတွေရဲ့ ပုံစံက အသက်မရှုတတ်။ နှလုံးသားမပါဝင်တဲ့ စက်ရုပ်တွေအလား သူ့ကို ငဲ့ညှာသော အကြည့်တစ်ချက်တောင်



www.burmeseclassic.com

www.burmeseclassic.com



မကြည့်။ နပိုလီယံကိုလှမ်းကြည့်တော့ ဂျက်နှာက ခက်ထန်လှသဖြင့် မျက်လုံးချင်း ရင်ဆိုင်ရတာကိုပင် ကြောက်စိတ်များက တဖွဲဖွဲကျဆင်းနေလိုက်ပုံက ဆောင်းမနက်ခင်းမှာ နှင်းမှုံ တွေ ထူထပ်၊ သိပ်သည်းစွာ အဆမတန်ကျဆင်းပြီးနေရောင်နဲ့ အခွဲမခံရသလိုပုံ ”

“ စမယ် ”

နပိုလီယံအသံဆုံးတာနဲ့ စစ်သားတွေက သူ့လက်ကိုဆွဲကိုင်ဖမ်းချုပ်လိုက်တယ်။ သူတို့လက်တွေက ပူလောင်ပေမယ့် အကိုင်ခံရတဲ့သူကတော့ အေးစက်လို့၊

သူ့လက်တွေကို ကြိုးနဲ့တုပ်လိုက်တယ်။

သူ့မျက်လုံးတွေကို အဝတ်စနဲ့ စည်းလိုက်တယ်။

ဘာတစ်ခုမှ မမြင်ရတော့။

တစ်လောကလုံး အမှောင်အတိကျသွားပြီလားလို့ သူထင်မှတ်လိုက်တယ်။ သေချာတယ်၊ ဟောဒီလောကကြီးနဲ့ သူနဲ့ အဆက်အသွယ်မပျက်သေးဘူးဆိုတာကို တုန်နေတဲ့သူ့ဒူးတွေက သက်သေအဖြစ်တည်နေတယ်။

“ ဖျက် , ဖျက် ”



www.burmeseclassic.com

www.burmeseclassic.com



ကြောက်မက်ဖွယ်ရာ စက်ဆုပ်ဖွယ်အသံများ။

" မောင်းတင် "

နပိုလီယံရဲ့ မောင်းတင်အသံကြောင့် သဘာဝအတိုင်း ခပ်ဖြည်းဖြည်း တိုးဝှေ့တိုက်ခတ်နေတဲ့ လေသံတွေပင် ရပ်သွားတယ်ထင်တယ်။ သူ့တစ်ကိုယ်လုံးအေးစက်ပြီး စေးပိုင်နေတယ်။ သဘာဝလောကကြီးရဲ့ လှုပ်ရှားမှုဇတွ တစ်ခုမှ ရှိမနေတော့။

" ဖြောင်း "

ရိုင်ဖယ်သေနတ်ပြင်သံ။

ဒီအသံကို သူကောင်းကောင်းသိတယ်။

" တစ် "

" နှစ် "

တိတ်ဆိတ်နေတယ်။

သေချာသွားပြီ၊ သူဒီဘဝမှာ အသက်ရှင်ခွင့်မရတော့။ ' သေတယ် ' ဆိုတာဘာလဲဆိုတာကိုလည်း သူတွေးပြီး ဘာကိုမသိကြောက်နေတယ်၊ လက်ရှိ သူခံစားနေရတဲ့ အနေအထားက ဘယ်လိုဆိုတာကို သူမဖော်ပြတတ်။



www.burmeseclassic.com

www.burmeseclassic.com



သူက ချက်ချင်းသေတော့မှာကို။

သေပြီးရင် ဘာဖြစ်မလဲဆိုတာလည်း သူတွေးမရ။ ရှင်ခြင်းနဲ့ သေခြင်းကြားက အလွန်ပါးလွှာတဲ့ အနေအထားတစ်ခုကြားကို သူရောက်နေပြီ။

"သုံး . . . ပစ်"

"...."

အသံတွေက တိတ်ဆိတ်ဆဲ။

ဟုတ်တယ်။

သူ သေသွားပြီ။ ဒါပေမဲ့ သူက ဒီအတိုင်းဆက်ပြီး တွေးလို့ရနေတယ်လို့ ထင်ရတယ်။ နာကျင်မှုမရှိ အလင်းရောင်မရှိ ဒါဟာသေတာဟုထင်လိုက်တယ်။ သူ့ကိုယ်ပေါ်ကို လက်တစ်ဖက်က ရောက်လာတယ်။

သူ့မျက်လုံးစုံက အဝတ်စကို ဖယ်လိုက်တယ်။

အမှောင်ထဲမှာ အနေကြာခဲ့တော့ အလင်းရောင်က ကျိန်းစက်နေတယ်။ အလင်းရောင်ကြားမှာ သူ့မျက်နှာနဲ့ နီးကပ်စွာ အနေအထားမှာ သူ့ကို စူးစိုက်စွာ စိုက်ကြည့်နေတဲ့ နပိုလီယံကို တွေ့လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



နပိုလီယံရဲ့ အကြည့်တွေက အလွန်ပါးလွှာတဲ့ ဇာပုဝါ တစ်ချပ်ကို နေရောင်အောက်မှာ တွေ့ရသလို၊ သူ့တစ်ကိုယ်လုံးကို ပဝါတစ်စလို ထွင်းဖောက်ပြီး ကြည့်နေသလို ခံစားလိုက်ရတယ်။ သူမသေဘူးဆိုတာကိုပါ သိလိုက်တယ်။ နပိုလီယံက သူ့ကို စူးစိုက်စွာ ကြည့်ပြီး

" ခုနတုန်းက ခင်ဗျား ဘယ်လိုခံစားရလဲ "

" ဗျာ "

နပိုလီယံမေးခွန်းကို သူမရှင်း။

" ခုနခင်ဗျားကို ကျူပ်စစ်သားတွေ သတ်တော့မယ့် အချိန်၊ ခင်ဗျားဘယ်လိုခံစားရလဲ မေးတာ "

" အင်း "

သူ ပြန်မပြောပြတတ်တော့။

ဟုတ်တယ်။

တချို့အတွေ့အကြုံတွေက ပြန်ပြောဖို့ ခဲယဉ်းတယ် ဆိုတာကို နပိုလီယံနဲ့ တွေ့မှ သူသိလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



(၆)

အောင်မြင်နေတဲ့ လူတစ်ယောက်ကို

" ခင်ဗျား ဒီဘဝရောက်အောင် ဘယ်လိုကြိုးစားခဲ့ရသလဲ၊ ဘယ်လောက်အထိ ဒေးဆပ်ခဲ့ရသလဲ၊ အခက်အခဲတွေကို ဘယ်လိုစိတ်ဓာတ်နဲ့ ရင်ဆိုင်ခဲ့ရပါသလဲ "

ဟုမေးပါက သူကသင့်ကို သူ့ဘဝဖြတ်သန်းမှုကို ပြောပြပါလိမ့်မယ်။

သို့သော်

သူပြောပြတာကို သင်ကနားထောင်ရတာ အဆင်ပြေသလို၊ သူက တစ်ဖန်ပြန်ပြောရတာလည်း သိပ်ပြီးတော့ အခက်အခဲမရှိပါဘူး။

ဒါပေမဲ့

အောင်မြင်ရေးခရီးကို လျှောက်နေတဲ့ အချိန်မှာ (တကယ့်လက်တွေ့အနေအထားများ ) ကြုံတွေ့ရ၊ စိတ်ခံစားချက်ခြင်းကတော့ မတူတော့ပါ။

ဆိုရလျှင် -

လုပ်ဆောင်ရတာနဲ့ ပြန်ပြောရတာမတူပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာအားဖြင့် -

အခက်အခဲတစ်ခု အကြောင်းပြောတယ်ဆိုပါတော့၊ အဲဒီအခက်အခဲကြုံတွေ့ချိန်မှာ ရှိနေသော စိတ်ခံစားမှုတွေက စိတ်ထဲမှာ ပေါ်နေမှာပေါ့ ... ဖြေရှင်းနည်းကို ပြောသူနဲ့ နားထောင်သူကြား မှာ စိတ်ပေါ့ပါးမှုရှိပါတယ်။ (အကယ်၍ အကြိမ်ပေါင်းများစွာ ပြောပြီးသော အကြောင်းအရာဖြစ်ပါက နားထောင်လို့ပင် ကောင်းပါသေးတယ်။ လေယူလေသိမ်းက မှန်နေပြီကိုး။)

လက်တွေ့ကြုံနေစဉ်မှာတော့ စိတ်ဖိစီးမှုတွေနဲ့ပါ။

ချုပ်ပြီးပြောရလျှင်

အောင်မြင်ချင်ပါသလား ?

အောင်မြင်မှုခရီးလမ်းမှာ ကြုံတွေ့ရသော တချို့သော အခက်အခဲတွေဟာ သင်ထင်ထားသလို မဟုတ်ပါဘူး၊ သင်ထင်ထားသလောက်လည်း မခက်ခဲသလို သင်မထင်မှတ်ထားသလောက်လည်း မလွယ်ကူဘူး။

အတွေ့အကြုံဆိုတာ

ပြောပြရုံနဲ့ မသိပါဘူး။

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းဆောင်ကောင်းဆိုသည်မှာ
မွေးရာပါ ဗီဇစိတ်ကြောင့် ဖြစ်လာခြင်းမဟုတ်၊
မိမိဘာသာ မိမိလေ့ကျင့်ပျိုးထောင်မှုနှင့်
ပတ်ဝန်းကျင်နှင့် ခေတ်အခြေအနေပေးမှုတို့၏
ပေါင်းစပ်ရလဒ်ကောင်းပေါ်မှ
လူတစ်ဦး၏ စံပြုထိုက်သော
စံပြ အရည်အချင်းပင်ဖြစ်သည်။

(နောင်ကျော်)

www.burmeseclassic.com

www.burmeseclassic.com

# ပုဆိန်သွေးပါ။

## (၁)

တစ်ခါတုန်းက အလွန်သန်မာတဲ့ သစ်ခုတ်သမား တစ်ယောက်ရှိပါတယ်။ သစ်ခုတ်သမားဟာ အားကောင်းတဲ့အပြင် အလုပ်ကိုပါကြိုးစားလုပ်ကိုင်တော့ အလုပ်ခွင်က သူ့ကို သဘောကျပါတယ်။ သူကလည်း အလုပ်ခွင် သဘောကျအောင် ကြိုးစားပြီးခုတ်ပါတယ်။

ဒီလိုနဲ့

တစ်နေ့မှာတော့ အဲဒီသစ်ခုတ်သမားကို သစ်တောအုပ်ကြီးတစ်ခု ခုတ်စရာရှိတာမို့ နောက်ထပ်သူဌေး ကြီးတစ်ယောက်ရှာပါတယ်။ သစ်ခုတ်ခကိုလည်း သူကပို



www.burmeseclassic.com

www.burmeseclassic.com



ပေးပါတယ်။

ဒါနဲ့ သူက သစ်ပင်တွေကို ကြိုးစားပြီးတော့ ပုဆိန်နဲ့ ခုတ်တာပထမနေ့မှာ သစ်ပင် (၁၈) ပင်ပြီးအောင် ခုတ်နိုင်ခဲ့ပါတယ်။ ဒါကို သူဌေးက မြင်တော့

" တော်တယ်ကွာ၊ ဒီစံနှုန်းအတိုင်း နောက်နေ့ ဆက်ခုတ်ပါ '

" ဟုတ်ကဲ့ ခင်ဗျား "

သစ်ခုတ်သမားဟာ သူဌေးတစ်ယောက်ရဲ့ ချီးကျူးမှုကို ရရှိတော့ ပိုပြီးဝမ်းသာသွားသလို၊ နောက်တစ်နေ့ အလုပ်အတွက်လည်း အားရှိသွားပါတယ်။

ဒုတိယနေ့၊

မနေ့ကလိုပဲ သူဟာ သစ်ပင်တွေကို ကြိုးစားပြီး ခုတ်ပါတယ်။

ဒါပေမဲ့

ဘယ်လိုဖြစ်သည်တော့ မသိ၊ သူကသာ ကြိုးစားပြီးခုတ်ပေမယ့် သစ်ပင်အရေအတွက်က (၁၅) ပင်သာရခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



တတိယနေ့၊

သူဌေးအသစ်ရဲ့ ယုံကြည်မှုကို ရရှိစေဖို့ သတ်မှတ်ကာလအတွင်းမှာ သစ်ပင်တွေကို ကြိုးစားပြီးခုတ်တယ်။

အလုပ်သိမ်းချိန်ရောက်တော့ သူဌေးရောက်လာတယ်။

သူ ခုတ်ခဲ့တဲ့သစ်ပင်တွေကို ရေတွက်တော့ ဆယ်ပင်။

" ဘာဖြစ်သွားတာလဲ "

သူကိုယ်သူတွေးလို့မရ၊ အရင်နေ့က အချိန်နဲ့ ဒီနေ့အချိန်ကလည်း အတူတူကြိုးစားအားထုတ်မှုကလည်း အတူတူ ဖြစ်ပါလျက်နဲ့ ဘာကြောင့်များ သူ့လုပ်နိုင်စွမ်းအားတွေ ကျဆင်းသွားတာလည်း မသိ။

" မသိတာကို သူဌေးကို မေးရမယ် "

သူဌေးမေးဖို့ သူစကားစလိုက်တယ်။

" သူဌေးကြီး ကျွန်တော်ကြိုးစားပြီး ခုတ်ပေမယ့် သစ်ပင်အရေအတွက်တွေ ကျဆင်းကုန်တယ်။ အဲဒါ ဘာဖြစ်တာလဲ "



www.burmeseclassic.com

www.burmeseclassic.com



သူဌေးက သူ့ကို ကြည့်ပြီး -

" မင်းသစ်တစ်ပင်ခုတ်ပြီးတိုင်း မင်းပုဆိန်ကို ပြန်သွေးမိလား "

" မသွေးမိဘူးခင်ဗျာ "

" ဘာလို့ မသွေးတာလဲ "

" ကျွန်တော်က သစ်ပင်တွေ ခုတ်ဖို့သာ ကြိုးပမ်းနေတော့ ပုဆိတ်သွေးဖို့ မအားဘူးဗျ "

" အေး မင်းမှတ်ထား၊ ပုဆိန်မထက်ရင် သစ်ပင်မပြတ်ဘူး "

(၂)

' သစ်ခုတ်သမား ' ဆိုတဲ့ ခေါင်းစဉ်လေးနဲ့ facebook ပေါ်မှာ အမှတ်မထင် ဖတ်ခဲ့ဖူးတဲ့ စာသားလေးကို ပြန်တင်ပြတာပါ။

ဒီ post မှာ အရေးကြီးတဲ့ ပုဆိန်ကို ' ပျော်ရွှင်ခြင်း' နဲ့ ခိုင်းနှိုင်းထားတာကို ထူးထူးခြားခြားတွေ့ရပါတယ်။

ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



'သစ်ခုတ်သမား' post ထဲက မှုရင်းဖွင့်ဆိုချက်လေးကို ဖတ်ကြည့်လိုက်ပါဦး . . . ။

(၃)

ကျွန်တော်တို့ရဲ့ ဘဝတွေလည်း ဒီလိုပါဘဲ။ အချိန်တော်တော်များများမှာ အလုပ်တွေ ရှုပ်နေပါတယ်ဆိုပြီး ပုဆိန်ရဲ့ အသွားကို ပြန်သွေးဖို့ မေ့နေကြပါတယ်။

အခုအချိန်တွေမှာ ကျွန်တော်အပါအဝင် လူတော်တော်များများက အလုပ်, အလုပ်နဲ့ အလုပ်တွေကို ဖိစီးကာ အမြတ်အမ်းကြီးစားလုပ်ကိုင်ရင်းနဲ့ ပျော်ရွှင်မှုဆိုတဲ့ ပုဆိန်သွေးတဲ့ အချိန်လေးတွေကို အငြမ်း ပျောက်ဆုံးနေရတယ်။

ပုဆိန်သွေးဖို့ ဘာကြောင့်လိုအပ်တာပါလဲ ၊

အလုပ်အရမ်းကြိုးစားတယ်ဆိုတာက မှားတဲ့အချက် မဟုတ်ပါဘူး။

ဒါပေမဲ့

အလုပ်တွေကို ဖိလုပ်ရင်းနဲ့ ဘဝရဲ့ တခြားသော



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးတဲ့ လုပ်ရမဲ့အရာတွေကို မေ့နေတာက လျစ်လျူရှုမိတာက မှားတာပါ။

ကျွန်တော်တို့ မိသားစုတွေအတွက် ပေးသင့်တဲ့ အချိန်လေးတွေ၊ ကျွန်တော်တို့ သူငယ်ချင်းတွေနဲ့ ပျော်ရွှင်စွာ စကားပြောရမယ့်အချိန်လေးတွေ၊ ချစ်ခင်ရသူတွေအတွက် ပေးဆပ်ရမယ့်အချိန်လေးတွေ . . . စသည် စသည်အားဖြင့် တကယ့်ကို တန်ဖိုးဖြတ်ဖို့ခဲယဉ်းပြီး၊ အစားပြန်မရတော့မဲ့ အချိန်လေးတွေ (ပုဆိန်ကို ပြန်သွေးရမဲ့အချိန်လေး) တွေကို မေ့လျော့ခြင်းပါပဲ။

ကျွန်တော်တို့အားလုံး အနားယူဖို့၊ မိသားစုအတွက် အချိန်ပေးဖို့ သင်ယူဖို့နဲ့ ရှင်သန်ဖို့အတွက် အချိန်လေးတွေရှိရပါမယ်။

တကယ်လို့ အဲဒီအချိန်လေးတွေကို တန်ဖိုးမထားအလေးမထားခဲ့ဘူးဆိုရင်တော့ တစ်ချိန်မှာ ဝမ်းနည်းကြေကွဲရမယ်။

မသွေးဘဲနဲ့ ဆက်ခုတ်နေတဲ့ ပုဆိန်လို အချိန်ကြာလာတာနဲ့ အမှု တုံးလာပြီး စွမ်းဆောင်ရည်ပါကျခြင်း



www.burmeseclassic.com

www.burmeseclassic.com

လာပါလိမ့်မယ်။

မိသားစုအတွက်၊ သူငယ်ချင်းအတွက်၊ ချစ်ခင်ရသူတွေအတွက် အချိန်ပေးပါ၊ ကြင်နာပါ၊ နွေးထွေးပါ၊ ဂရုစိုက်ပါ၊

အစားထိုးလို့ မရတဲ့အရာတွေအတွက် နောင်တတွေ မလိုချင်ပါနဲ့။

(၄)

အောင်မြင်တဲ့ ဘဝတစ်ခုရရှိအောင် ဆောင်ရွက်သည်ဆိုကတည်း က အလုပ်, လုပ်ရတာဖြစ်ပါတယ်။

အလုပ်,လုပ်ရင် ဖိစီးမှုရှိပါတယ်။

ဒီတော့

တစ်ခါတစ်လေကြရင် အလုပ်ကို ဖိဖိစီးစီးလုပ်နေတဲ့အခါမျိုးတွေမှာ ဖိစီးမှုတွေကြောင့် တခြားသော လူမှုရေး၊ မိသားစုရေး၊ ငြိမ်းချမ်းရေး (တစ်ကိုယ်ရေ) တွေကို မေ့သွားတတ်ပါတယ်။

ဒါဟာ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကို မကြိုးစားနဲ့လို့ ပြောတာမဟုတ်ပါဘူး၊ အလုပ်ကိုကြိုးစားပြီး ဆောင်ရွက်ရင်၊ တခြားသောအရာများ၊ မိသားစု၊ အပေါင်းအသင်း၊ မေတ္တာ၊ စတာတွေအတွက်ပါ အချိန်ပေးဖို့ မမေ့နဲ့ဟုဆိုလိုတာပါ။

အလုပ်နဲ့ ပတ်သက်ပြီး ထားရှိသင့်သော သဘောထားများနဲ့ ပတ်သက်ပြီး မဟာမြိုင်တောရဆရာတော် ဦးဇောတိကရဲ့ စကားကိုလည်း ဒီနေရာမှာ တစ်ချက်နားထောင်ကြည့်ပါဦး

" အလုပ်ဟာ ဘဝမှာ အင်မတန်အရေးကြီးပါတယ်။

ဒါပေမယ့်

အလုပ်တစ်ခုထဲနဲ့ လူတစ်ယောက်ကို တန်ဖိုးဖြတ်လို့မရပါဘူး။ အလုပ်ရဲ့ တိုးတက်ကြီးပွားမှုတစ်ခုထဲနဲ့ ကိုယ့်ကိုယ်ကို တန်ဖိုးဖြတ်တဲ့သူဟာ အလုပ်အဆင်ပြေလို့ တိုးတက်နေရင် ပျော်တယ်။

အလုပ်ကို စွဲလာတယ်။

အလုပ်မှာ တိုးတက်မှုရှိနေမှ နေသာထိုင်သာရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အပြိုင်အဆိုင် အလုပ်လုပ်တယ်။ အလုပ်, လုပ်နိုင်တာကိုပဲ ဂုဏ်ယူနေတတ်တယ်။

အဲဒီလိုလူဟာ အလုပ်မှာ အဆင်မပြေဘူး၊ မတိုးတက်ဘူး၊ ဆုတ်ယုတ်နေတယ်ဆိုရင် သူ့တန်ဖိုးကျသလို၊ သူ့ဂုဏ်ထိခိုက်သလို ခံစားရတယ်။ အလုပ်လုပ်လို့မရလို့ နားရတဲ့အခါ ကိုယ့်ကိုယ်ကို တန်ဖိုးမရှိသလို ခံစားရပြီး ဘာလုပ်ရမှန်းမသိတော့ဘူး။

ပျင်းတာကို ပြင်းပြင်းထန်ထန်ခံစားရတယ်။

ကိုယ့်ကိုယ်ကို မလေးစားနိုင်တော့ဘူး။

မကျေနပ်တော့ဘူး။

ကိုယ့်ကိုယ်ကို တန်ဖိုးမရှိတော့ဘူးလို့ တွေးပြီးတော့ စိတ်ဓာတ်ကျမယ် အားငယ်မယ်၊ ပင်စင်ယူပြီးရင် မကြာခင်မှာ သေဆုံးကြတာတော်တော်များတယ်။ ကိုယ့်ကိုယ်ကို တန်ဖိုးထားစရာ ကျေနပ်စရာ တခြားဘာမှ မရှိဘူး။

အဲဒီလို အလုပ်ကို မလုပ်နိုင်တော့တဲ့အခါ သေချင်လောက်အောင် ခံစားရတဲ့ သူမျိုးဖြစ်ချင်သလား။



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားပါ။

ကြိုတင်ပြင်ဆင်ထားပါ။

အပြင်အလုပ်တွေဟာ တစ်နေ့မဟုတ် တစ်နေ့တော့ ရပ်ဆိုင်းသွားရမှာပါ။ ဒါ့ကြောင့် မိသားစုနဲ့ အမြဲတမ်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး နေဖို့လိုတယ်။ မိတ်ဆွေကောင်းတွေနဲ့ ဂုဏ်တွေ အဆင့်အတန်းတွေ မပါတဲ့ ပွင့်လင်းတဲ့ ဆက်ဆံရေးရှိအောင် ပြုစုဖို့လိုတယ်။

ငွေမရပေမယ့် စိတ်ချမ်းသာမှုရတဲ့ အများအကျိုးဆောင်အလုပ်တွေ၊ ဝါသနာပါတဲ့ အလုပ်တွေ လုပ်သင့်တယ်။

(နှာ – ၃၇၉၊ တွေးမိတိုင်းပျော်တယ်)

လူဟာ အလုပ်တစ်ခုကိုပဲ အာရုံထားတော့ အဲဒီအလုပ်မှာ အောင်မြင်တာဟာ အလွန်ကို ကောင်းပါတယ်။

သို့သော်

သစ်ခုတ်သမား၊ ပုဆိန်သွေးဖို့လိုသလို လူဟာလည်း အလုပ်တွေလုပ်ရင်း အနားယူပါ၊ နွေးထွေးကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြပါ။ ပျော်ရွှင်မှုကိုဖန်တီးပါ။

ဒီနေရာမှာ တစ်ခုသတိချပ်သင့်တာက ' ပျော်ရွှင်မှုကို ဖန်တီးပါ ' ဆိုတာ အရက်သောက်, မိန်းမရှုပ်, ပွဲလမ်းသဘင်နဲ့ အချိန်ကုန်တာကို ဆိုလိုတာ မဟုတ်ပါဘူး။

အပေါင်းအသင်းတချို့နဲ့ ပရဟိတ ဆောင်ရွက်တာ၊ မိသားစုအတွက်၊ အချိန်ပေးတာ စသော အပြစ်မဖြစ်သော, ကိုယ့်ဘဝတိုးတက်မှုကို မထိခိုက်သောအရာတွေကို ပြောတာပါ။

ဒီလိုမဟုတ်ပါက သစ်ခုတ်သမားလို စွမ်းရည်ကျဆင်းသွားပါလိမ့်မယ်ဆိုတာပါပဲ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ရေလှိုင်းပုတ်ရင်

ကမ်းပါးပြိုတယ်

စိတ်လှိုင်းပုတ်ရင်

ဘဝပြိုတယ်။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

# အသုံးဝင်လျက် တန်ဖိုးမဲ့

မျက်ကန်းတစ်ယောက်အတွက်
မှန်တစ်ချပ်ဟာ အလကားပဲ။

စိတ်ဓာတ်ယုတ်ညံ့သူအတွက်
ပညာတတ်ခြင်းဟာ အလကားပဲ။

တွန့်တိုတတ်သူအတွက်
ကြွယ်ဝခြင်းဟာ အလကားပဲ။

အရည်အချင်းမရှိသူအတွက်
အရေးပါမှုဟာ အလကားပဲ။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားအားထုတ်မှုမရှိသူအတွက်
ကံတရားရဲ့ ဖေးမမှုဟာအလကားပဲ။

ရိုးသားမှုမရှိသူအတွက်
လောကသစ္စာတရားဟာ အလကားပဲ။

သင်ခန်းစာမယူတတ်သူအတွက်
ဘဝအတွေ့အကြုံဟာ အလကားပဲ။

အတ္တကြီးသူအတွက်
ကိုယ်ချင်းစာတရားဟာ အလကားပဲ။

စာနာစိတ်မရှိသူအတွက်
မေတ္တာတရားဟာ အလကားပဲ။

မခံစားတတ်သူအတွက်
အနုပညာဟာ အလကားပဲ။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်နိုင်စွမ်းမရှိသူအတွက်
အတွေးအခေါ်ဟာ အလကားပဲ။

သဒ္ဓါတရားမရှိသူအတွက်
ကုသိုလ်ဆိုတာ အလကားပဲ။

ကုသိုလ်မရှိသူအတွက်
အသက်ရှင်ခြင်းဟာ အလကားပဲ။

(WPH)

လူဆိုတာ ဟောဒီလောကကြီးအတွင်းမှာ တန်ဖိုးအရှိဆုံး၊ အဆင့်အမြင့်ဆုံး သတ္တဝါဖြစ်ပါတယ်။

လူရယ်လို့ ဖြစ်လာတဲ့ လူသားတိုင်းဟာ လူ့အရည်အသွေးတွေ အပြည့်အဝပါလာတတ်ကြပါတယ်။ လူ့အရည်အသွေးဟာ ဘယ်လောက်အထိမြင့်မားသလဲ ဆိုရင် ကတိုင်းတာလို့ မရနိုင်အောင်မြင့်မားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာစကားပုံမှာ 'ကြိုးစားရင် ဘုရားဖြစ်တယ်' ဆိုတာ လူတစ်ယောက်ရဲ့ လုပ်နိုင်စွမ်းအားကို အမြင့်မားဆုံးဖြစ်အောင် အသိအမှတ်ပြုလိုက်တာဖြစ်ပါတယ်။

တခြားမကြည့်ပါနဲ့ ကိုယ့်ပတ်ဝန်းကျင်ကို ကြည့်လိုက်ပါ။

ဟိုအရင်ခေတ်က လူသားတွေဟာ သွားစရာခရီးကို၊ လှေ၊ လှည်း၊ ခြေထောက်ဖြင့်သာ သွားလာရပေမယ့် ယနေ့ခေတ်မှာတော့ စက်ဘီး၊ ဆိုင်ကယ်၊ ကား၊ သင်္ဘော၊ လေယာဉ်ပျံ စသည်အားဖြင့် စက်ပစ္စည်းတွေနဲ့ သွားနိုင်ပါပြီ။ အရင်က (၁) လသွားမှ ရောက်မယ့်ခရီးကို အခုတစ်ရက်နဲ့ ရောက်နိုင်ပါပြီ။

ဒီလိုပဲ။

တိုက်တာ၊ အဆောက်အဦးများ၊ ဇိမ်ခံအသုံးအဆောင်များ၊ နည်းပညာများကြောင့်လူသား တွေဟာ လကမ္ဘာမှာပင် နေဖို့စီစဉ်နေကြပြီ။ အရင်ကဆိုရင် ဒီအနေအထားဆိုတာ တွေးကြည့်လို့တောင် မရပါဘူး။

ဒါတွေဟာ လူ့စွမ်းအားကြောင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုလျှင်

တချို့လူတွေဘာကြောင့် မအောင်မြင်တာလဲ ?

အဖြေက ရှင်းတယ်။

လူဟာ အသုံးဝင်တယ်။ အသုံးဝင်တဲ့အတွက် ကိုယ့်ကိုယ်ကို အသုံးချတတ်ရင် အသုံးကျတယ်။ အောင်မြင်တယ်။

အသုံးမချတတ်တော့ အသုံးမကျဘူး။

အသုံးမဝင်ဘူး၊ မအောင်မြင်ဘူး။

ဒီတော့

အောင်မြင်ချင်ရင် ကိုယ့်ကိုယ်ကို အသုံးကျအောင် (တန်ဖိုးရှိအောင် ) အလကားမဖြစ်အောင် အသုံးချပါ။

အသုံးမချရင် သုံးမရသလို

အသုံးမချတတ်ရင်လည်း အသုံးမကျပါဘူး။

◆ ◆ ◆◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အောင်မြင်လိုလျှင် ' လ ' သုံးလုံးဆောင်ပါ

၁။ လေ့လာပါ၊ Learn ( Life Long Learning)
အသိပညာဗဟုသုတရပါမည်။
Knowledge

၂။ လေ့ကျင့်ပါ။ Prastice
ကျွမ်းကျင်မှုရပါမည်။ Skill

၃။ လက်တွေ့လုပ်ပါ။ Do
အတွေ့အကြုံရပါမည်။
Experiences



www.burmeseclassic.com

www.burmeseclassic.com

# ခြေထောက်ကျိုးကလေး ဒေါက်တာ အင်—ကယ်ရီ

• တစ်ခါတုန်းက စကော့တလန်ပြည် လီဗင်ဖိုဒ်မြို့မှာ လူငယ်လေးတစ်ယောက်ရှိခဲ့ပါသည်။

သူသည် အလွန်ဆင်းရဲသည်။

ထို့ပြင် ကိုယ်လက်အင်္ဂါလည်း ချို့တဲ့သူ ဖြစ်သည်။

သူ့ခြေထောက်တစ်ဖက်သည် ကျန်တစ်ဖက်ထက် သိသိသာသာကြီး တိုနေရာနှစ်ဖက်တတ်နိုင်သမျှ ညီနေစေရန်အတွက် တိုသည့်ဘက်မှ ဖိနပ်ကို ခွါအမြင့်ခြောက်လက်မမျှ တပ်ဆင်ပေးထားရသည်။

သို့သော်

လမ်းလျှောက်သည့်အခါနှင့် အထူးသဖြင့် ပြေးသည့် အခါများတွင် အားနည်းသည့်ခြေထောက်ကိုသွားရ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် သူ့ခန္ဓာကိုယ်က နိမ့်လိုက်မြင့်လိုက်နှင့် ဆန့်ငင်ဆန့်ငင်ဖြစ်၍နေရာ သူနှင့်ရွယ်တူ သူငယ်ချင်းများထဲမှ နာမည်ပြောင်အပေးသန်သူတစ်ဦးက သူ့ပုံစံကို ကြည့်ကာ ဒေါ့တ်- အင်- ကယ်ရီဟူ၍ နာမည်ပေးခဲ့သည်။

dot- and- carry ဆိုသည်မှာ -

မူလတန်းဂဏန်းသင်္ချာ အပေါင်းသင်ခန်းစာတွင် ဂဏန်းတစ်ခု၏ ပေါင်းလဒ်မှ ခုကိန်းကို ဂဏန်းတန်းအောက်တွင် ချ၍ ဆယ်ကိန်းကို ရှေ့ဆက်ဂဏန်းတန်း၌ ဆက်ပေါင်းရန် ရှေ့အတန်းပေါ်သို့ တင်ရခြင်းကို ခေါ်သည့် အသုံးအနှုန်းဖြစ်သည်။

သူ၏ နိမ့်လိုက်မြင့်တက်သွားလိုက် လမ်းလျှောက်ပုံသည် ကိန်းလုံးရှည်များ ပေါင်းရာ၌ ခုဂဏန်းကို အောက်မှာချလိုက်၊ ဆယ်ဂဏန်းအပေါ်တင်လိုက် ဆက်တိုက်လုပ်နေရပုံနှင့် တူသည်ဟု နာမည်ပြောင်သမားလေးက နှိုင်းယှဉ်ဖော်ပြခဲ့ရာ ထိုနေ့မှစ၍ သူ၏နာမည်က သူငယ်ချင်းများအကြားတွင် ဒေါ့တ်- အင် - ကယ်ရီဟု တွင်သွားခဲ့သည်။ နောင်တွင်မှ တဖြည်းဖြည်းအဖျားဆွတ်ကာ ကယ်ရီဟူ၍



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဝေါ်လာခဲ့ကြသည်။

ကယ်ရီသည် ငယ်စဉ်ကတည်းက အလွန်သဘော ကောင်းသူဖြစ်သည်။ သို့သော် ဆင်းရဲခြင်း၊ ကိုယ်အင်္ဂါချို့ တဲ့ခြင်းများကြောင့်လားမသိ၊ သူက သူများထက်ရှက်တတ် ရွံ့တတ်ခဲ့သည်။

သူ့မိခင် မုဆိုးမကြီးမှာ ဆိုင်တကာလှည့်၍ ကြမ်း တိုက်ကာ ဝမ်းစာရှာရသည်။ သို့သော် သားအမိနှစ်ယောက် ဝလင်သည်မရှိ။ ထို့ပြင်ကယ်ရီ ကိုယ်ပေါ်၌လည်း အဝတ် အစားဆိုသည်က အမြဲဖာရာ ဗရပျစ်ချည်းဖြစ်သည်။

မိခင်တစ်ယောက်တည်း ရှာရုံနှင့် မလုံလောက် သဖြင့် ကယ်ရီက နံနက်ငါးနာရီအိပ်ရာမှ ~ကာန္ဒွားနို့ လိုက် ပို့ရသည်။ သည့်အတွက် တစ်ခါတစ်ရံသူ ကျောင်းနောက် ကျတတ်သည်။

ကံဆိုးချင်တော့ သူတို့ကျောင်းမှ ဆရာကြီးက အကြင်နာတရားနည်းပါးသူတစ်ဦးဖြစ်နေသည်။ အမော တကောနှင့် ကျောင်းအမီပြေးလာသည့် ထော့ကျိုးကောင် လေးကို ဆရာကြီးက စာသင်ခန်းရှေ့ရပ်စေကာ တစ်ခန်း



www.burmeseclassic.com

www.burmeseclassic.com



လုံးပွဲကျစေမည့်အမေးမျိုးတွေ လျှောင်ပြောင်မေးမြန်းသည်။

" ဩော် . . . ကိုယ်တော်လေး၊ ဒီနေ့လဲ ကျေနောက်ကျနေပြန်ပေသကိုး "

" ဟုတ် . . . ဟုတ် . . . ဟုတ်ပါတယ် ဆရာကြီး"

" ကိုယ်တော်လေး ဘယ်ကိုများအချိန်လွန်နေခဲ့ပါသလဲ၊ မဟုတ်မှလွဲရော မြို့တော်ဝန်ကြီးနဲ့ နံနက်စာအတူသုံးဆောင်နေရတယ်ထင်တယ် "

" မ. . . မ. . . မ. . . မဟုတ်ပါဘူးခင်ဗျာ "

ကယ်ရီက စကားထစ်တတ်သူဖြစ်သည်။ ဆရာကြီးကသည်လို ထေ့လုံးငေါ့လုံးတွေဖြင့် လျှောင်ပြောင်မေးခွန်းထုတ်လေ သူ့စကားတွေ ပိုထစ်လေ၊ တစ်ခန်းလုံးဝိုင်းရယ်ကြလေနှင့် သူ့ခမျာ သနားစရာ သတ္တဝါတစ်ခုဖြစ်၍နေခဲ့လေသည်။

စကားထစ်ခြင်းက ခြေဆာသည့် ကိုစွလိုပင် သူ့ဘဝကို တစ်ပန်းရှုံးစေခဲ့သည်။ ကျောင်းစာ၌ သူသည် ရေးဖြေများတွင် မဆိုးသော်လည်း နှုတ်ဖြေ၌ အမြဲဒုက္ခရောက်လေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



## အမေ့ရည်မှန်းချက်

ကယ်ရီစကားထစ်သည့်ကိစ္စတွင် သူ့ထက်ပို၍ စိတ်ညစ်ရသူက သူ့အမေပင်ဖြစ်သည်။

သူ့အမေက သူ့သားကို အလွန်ထူးချွန်စေချင်သည်။

သူမမှာ သားနှင့်ပတ်သက်၍ အလွန်ပြင်းပြသော ရည်မှန်းချက်တစ်ခုရှိသည်။ ကယ်ရီသည် စကော့တလန်ပြည် ခရစ်ယာန်အသင်းတော်က ခန့်အပ်သည့် ဓမ္မဘုန်းတော်ကြီးတစ်ပါး ဖြစ်ရမည်ဟူ၍ -

ကယ်ရီလို စကားထစ်သူတစ်ယောက် ဓမ္မဆရာဖြစ်ဖို့ ဆိုသည်မှာ မကြံကောင်း၊ မစည်ရာကိစ္စတစ်ရပ်ဖြစ်သည်။ သို့သော် ကယ်ရီအမေကမူဖြစ်ကိုဖြစ်ရမည်၊ သည်အတွက် အရိုးအကြေကြေ၊ အရေခန်းခန်း သူကြိုးပမ်းသွားမည်ဟု ပိုင်းဖြတ်ထားပြီးဖြစ်သည်။

ကယ်ရီကမူ ပရိသတ်ထူထပ်သည့် တရားဟော



www.burmeseclassic.com

www.burmeseclassic.com



ခန်းမထက် လွတ်လပ်ကျယ်လွင့်သော တောတောင်ဝနေ့ကျင် နေရာမျိုးကိုသာ ပို၍နှစ်သက်တတ်သည်။

တောထဲက ကျေးငှက်များ၊ သတ္တဝါငယ်ကလေးများကို သူခင်တွယ်သည်။ ခြေကျိုးနေ သည့်ငှက်ကလေးစသဖြင့် မကျန်းမာသော သတ္တဝါငယ်များတွေ့လျှင် သူယုယပိုက်ထွေးကာ ကုသမှုပြုတတ်သည်။

စင်စစ်ကယ်ရီက ဆရာဝန်စိတ်ပြင်းပြထက်သန်သူတစ်ဦးဖြစ်သည်။ သို့သော် သူကအမေ့စကားကို မြေဝယ်မကျ နားဂထောင်သော သားဖြစ်သည်။

အထက်တန်းကျောင်းမှ အောင်ပြီးနောက် ကောလိပ်တက်သည့်အခါ သူဆေးကျောင်းမသွားဘဲ အမေ့အလိုကျ ဘာသာရေးပညာကျောင်းသို့သာ တက်ရောက်ခဲ့သည်။

မိခင်မုဆိုးမကြီးက သေမလောက်ဆင်းရဲပင်ပန်းခံကာ ရသမျှ ခြူးဒင်္ဂါးကို ကုတ်ကတ်စုဆောင်းပြီး သားအတွက် ကျောင်းစရိတ်ပေးခဲ့သလို သားဖြစ်သူကလည်းဝါသနာပါသည် မပါသည်အပထား၊ အမေ့ရည်မှန်းချက်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းဖြစ်ရန်အတွက် ဘာသာရေးစာပေကို အပတ်တကုတ် အားထုတ် လေ့လာခဲ့သည်။

ဤသို့ဖြင့် အသက် ၂၄- နှစ်မှာပင် ကယ်ရီက ဘာသာရေးကျောင်းမှ ဘွဲ့တံဆိပ်ရရှိကာ သူ့ဇာတိနယ် ခရစ်ယာန်ဂိုဏ်းအုပ်ဘုန်းတော်ကြီးထံ၌ လက်ထောက်အဖြစ် ခန့်အပ်ရန် လျာထားခြင်းခံရလေသည်။

သူ့တာဝန်ထမ်းဆောင်စ ပထမဆုံးတရားပွဲကျင်းပမည့်နေ့တွင် ဓမ္မဆရာငယ်လေးအား အကဲခတ်ရန်အတွက် ပရိသတ်များ ကျောင်းခန်းပြည့်မျှ ရောက်လာကြသည်။ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ဘွဲ့ရလာသည့် ထူးချွန်သော မုဆိုးမသားကလေးအကြောင်းကို ရပ်ရွာရှိလူများ အထူးစိတ်ဝင်စားခဲ့ကြသည်။

ကယ်ရီကလည်း သူပထမဆုံးဟောရမည့် တရားစာကို တစ်လုံးတစ်ပါဒမျှ တိမ်းပါးချွတ်ချော်ခြင်းမရှိအောင် အကြိမ်ကြိမ်အထပ်ထပ် လေ့ကျင့်ပြောဆိုထားခဲ့ပြီးဖြစ်သည်။

တကယ်ပြောဆိုသည့်အခါ၌ ကယ်ရီသည်အစပိုင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်လျှောက်လုံး ဟောပြောချက်ထဲတွင် အာရုံအပြည့်ဝင်ကာ စိတ်အားထက်သန်စွာ ပြောဟောနိုင်ခဲ့၏။

ထို့နောက်မှ ရုတ်တရက်အောက်ဘက်တွင် အစီလိုက်အတန်းလိုက်ရှိနေသော ခုံတန်းလျားများမှာ ထိုင်နေကြသူများအားလုံး မိမိထံသို့ အာရုံစိုက်နေကြပါကလား၊ ရှေ့ဆုံးတန်းတွင်လည်း သူ့မိခင်သည် သူမမှာရှိသည့် အကောင်းဆုံးဝတ်စုံကို ဝတ်ဆင်ကာ အလွန်ကျေနပ်အားရသော မျက်နှာဖြင့် သူ့အားစူးစိုက်ကြည့်နေပါကလား ဟူ၍ သူသတိပြုလိုက်မိသည်။

သည်အခိုက်အတန့်မှာပင် ယခင် သူအမြဲစိုးရိမ်တွေးတောနေခဲ့မိသည့် ငါဖြစ်မှ ဖြစ်ပါ့မလား ဟူသော သံသယစိတ်က သူ့ကိုယ်ထဲလျှပ်တစ်ပြက် ဖြတ်စီးသွားသည်။ ကျောထဲ စိမ့်ချမ်းသွားပြီးနောက် ပြောလက်စစကားက အဆက်ပြတ်သလို ဖြစ်သွားသည်။

စကားစကို ဒရောသောပါး ပြန်ကောက်နိုင်ရန် ကြိုးစားစဉ် သူယခင်က ဖျောက်ပယ်ထားနိုင်ခဲ့သည့် စကားထစ်သည့် အကျင့်ကပြန်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



စကားထစ်သွားပြီးနောက်တွင်မူ သူရှုးလေတော့သည်။

သူကိုယ်သူ ယုံကြည်မှုမရှိတော့။

အထစ်ထစ် အငေါ့ငေါ့နှင့် ကြိုးစားပြောနေရင်း ပရိသတ်များ မျက်နှာတွင် အပြုံးရိပ်၊ လှောင်ပြောင်ရိပ်များ သူမြင်လာသည်။ ပြီးအမေ့မျက်နှာ သိသိသာသာ ငယ်သွားတာ သူမြင်ရသည်။ သည်တွင် သူလုံးဝစကားဆက် ပြော၍ မရတော့။

အတော်ကြာအောင် စင်ပေါ်တွင် သူအသံမထွက်နိုင်ဘဲ ကြောက်ရွံ့တုန်လှုပ်စွာ ရပ်နေပြီးနောက် ကမူးရှူးထိုး ပရမ်းပတာ နိဂုံးချုပ်ကာ စင်ပေါ်မှ သူဆင်းပြေးလာခဲ့သည်။

ဓမ္မဆရာ၏ ပထမဆုံး တရားပွဲမှာ အလဲလဲအကွဲကွဲဖြင့် ရှုံးနိမ့်မှုဒဏ်ကို ပို၍ဆိုးဆိုးရွားရွား ခံစားလိုက်ရသူက သူ၏မိခင်ကြီးဖြစ်သည်။

ကယ်ရီ၏မိခင်သည် သူတစ်သက်လုံး အမျှော်လင့်ကြီး မျှော်လင့်လာခဲ့သည့်သား ပရိသတ်လူပုံအလယ် တွင် အရှက်တကွဲ အကျိုးနည်း ဖြစ်ရပုံကို မြင်ရပြီးသည့် နောက်



www.burmeseclassic.com

www.burmeseclassic.com



အပြင်းအထန်စိတ်ထိခိုက်ကာ တစ်ဂျက်မေ့မျောပြီး သေဆုံးသွားခဲ့သည်။

## အရှုံးသမားဘဝမှသည်

မိခင်အသုဘ မြေကျပြီးသည့်နောက် ကယ်ရီလီဗင် ဖို့ဒ်မှ ပျောက်ကွယ်သွားခဲ့သည်။ အရှုံးသမား သူ့အား မည်သူမှ အလေးထားစုံစမ်းခြင်း မပြုကြ။

နောက်နှစ်အနည်းငယ် ကြာသောအခါမူ ကယ်ရီ တစ်ယောက် အခေါင်အဖျား သတ္တုတွင်းဒေသတစ်ခုက စာသင်ကျောင်းတစ်ကျောင်းမှာ ဆရာလုပ်နေကြောင်း ကြားသိကြရပြီး လီဗင်ဖို့ဒ်နှင့် ဝေးရာမှာ ဇာတ်မြုပ်နေခြင်းပဲဟု သဘောပေါက်ခဲ့ကြသည်။

သည်အစတွင်း သူနှင့် မူလတန်းကျောင်းကတည်းက သူငယ်ချင်းဖြစ်ခဲ့သူ (နောင်စာရေးဆရာဖြစ်လာမည့်) ခရိုနင်နှင့်သူ့အား ဒေါက်-အင်-ကယ်ရီဟု နာမည်ပြောင်ပေးခဲ့သူ ချီဇွမ်းတို့ဆရာဝန်များဖြစ်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခရိုနင်က အထွေထွေကုဆရာဝန်လုပ်နေပြီး ချိဝွမ်းက် ဆေးကျောင်းမှာ ခန္ဓာဗေဒပါမောက္ခ၏ လက်ထောက်လုပ်နေစဉ်ကာလအတွင်း ကယ်ရီဆေးကျောင်းရောက်လာသည်။ အလည်လာခြင်းမဟုတ်၊ ဆေးကျောင်းလာတက်ခြင်းဖြစ်သည်။ သည်အချိန်မှာ သူ့အသက် သုံးဆယ်ခန့်ရှိနေပြီ။

ကယ်ရီကိုကြည့်ကာ သူငယ်ချင်းဆရာဝန်များ အံ့ဩကြရသည်။ ကင်ရိုးသည် ဆရာဝန်ဖြစ်ချင်သူပါတကား၊ မိခင်ဆန္ဒဖြင့် ကြိုးစားခဲ့ရသည့် ဓမ္မဆရာအလုပ်တွင် အရှုံးကြီးရှုံးခဲ့ရသော်လည်း ဦးကျိုးမသွား၊ စိတ်ဓာတ်ကျမသွားပါတကားဟု သူတို့နားလည်ခဲ့ကြသည်။

အသက်သုံးဆယ်လောက်အထိ ကြာသွားရခြင်းကတော့ ဆေးကျောင်းတက်ရန်အတွက် ဆရာအလုပ်ဖြင့် ငွေစုနေရခြင်းကြောင့်ဖြစ်သည်။

ဆေးကျောင်းမှာ သူ့ထက်အသက်များစွာ ငယ်သည့် အခြားကျောင်းသားများအကြား ခြေထော့နဲ့ဖြင့်သွားလာရင်း ကယ်ရီတစ်ယောက် ဆရာဝန်ပညာကို အာရုံ



www.burmeseclassic.com

www.burmeseclassic.com



အပြည့်ဝင်စားကာ သင်ယူခဲ့သည်။

နောက်နှစ်ပေါင်းအတော်ကြာပြီးသည့် နောက်တွင် ခရိုနင်သည် ကိုယ်တိုင်မကျန်းမာသဖြင့် ရက်ရှည်လများ အနားယူရာက စာပေဘက်တွင် စိတ်အားထက်သန်သွားကာ ဆရာဝန်အလုပ်ကို စွန့်လွှတ်ပြီး စာရေးဆရာဘဝသို့ ကူးပြောင်းခဲ့သည်။

ထိုအတွင်း ငယ်စဉ်က နာမည်ပြောင်အပေးသန်သူ၊ ကြီးလာသည့်အခါ၌ ပရိသတ်ပွဲကျအောင် စကားပြောကောင်းသူချီးဗွမ်းသည်လည်း ဥပဒေရှပ်ကောင်းခြင်းနှင့် စကားပြောကောင်းခြင်းတို့ကို အကြောင်းပြုကာ နိုင်ငံရေး နယ်ထဲရောက်သွားပြီး ပါလီမန်အမတ်တစ်ယောက်၊ ဝန်ကြီး လောင်းလျာတစ်ယောက်ဖြစ်လာခဲ့သည်။

## လင်းနေ့ာက် (ခ်) က ဆရာဝန်

တစ်နေ့တွင် ဆရာဝန်လူထွက်များဖြစ်ကြသော စာရေးဆရာခရိုနင်နှင့်အမတ်မင်းချီဗွမ်းတို့ စကားပြောလန်



www.burmeseclassic.com

www.burmeseclassic.com



ကုန်းမြင့်ပိုင်းရှိ လင်းနော့ကဲ(စ်) မြို့ကလေးသို့ အပန်းဖြေခရီး ထွက်ကြသည်။

နှစ်ယောက်သား ငါးမျှားထွက်လိုက်၊ ဟိုတယ်ငယ် တွင် အနားယူလိုက်လုပ်နေရင်း တတိယမြောက်နေ့၌ သူ တည်းခိုသည့် ဟိုတယ်ပိုင်ရှင် အမျိုးသမီးဘားခန်းကြမ်းပြင် တွင် ခြေချော်လဲကာ ခြေထောက်အဆစ်လွဲသွားသည်။

ခရိုနင်ရော ချိုဗွမ်းပါ မိမိတို့သည် ဆရာဝန်လူထွက် များဖြစ်ကြောင်း၊ အမျိုးသမီးအား ကုသပေးနိုင်ပါကြောင်း လောကဝတ်စကားဆိုသည့်အခါ အမျိုးသမီးက အားနာပါး နာပင် လက်မခံ။ ကျွန်မတို့ ဆရာဝန်ရှိပါတယ်ဟု ဆိုကာ ငြင်းပယ်သည်။

ထို့နောက် သူတို့လင်းနော့ကဲ(စ)က ဆရာဝန်၏ ထူးချွန်ပုံ၊ သဘောကောင်းပုံများကို ဘယ်လူနာတုန်းက ဘယ်လိုစသည်ဖြင့် ရာဇဝင်ချီကာ ပြောပြနေသည်။

တစ်နာရီခန့်ကြာသည့်အခါတွင်တော့ ဆရာဝန် ရောက်လာသည်။ သားရေအိတ်အနက်တစ်လုံးဆွဲကာ ကိုင်ကာ သွင်ပြင်မှုရာက အောင်မြင်သော ဂုဏ်ရင့်သမား



www.burmeseclassic.com

www.burmeseclassic.com



တော် တစ်ဦး၏ ယုံကြည်မှုပြည့်ဝသည့် လက္ခဏာမျိုး။

လူနာကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ လုပ်ကိုင်ပေး၊ အားပေးစကားပြောကြားပေးပြီးသည့်အခါ တွင်မှ သူက ဟိုတယ်တွင် တည်းခိုနေသည့် ဆရာဝန် ဟောင်း နှစ်ယောက်ဘက်သို့ လှည့်၍နှုတ်ဆက်သည်။

ကယ်ရီ ။

မှန်သည်၊ ကယ်ရီအစစ်ပင်။

သို့သော်

ခရိုနင်တို့ ချီဗွမ်းတို့ လျှောင်ပြောင်ခဲ့ဖူးသည့် ဟို တုန်းက ထော့ကျိုးကယ်ရီမဟုတ်တော့။ ဟိုတုန်းကလို စုတ် စုတ်ပြတ်ပြတ်ဖိုသီဖတ်သီနှင့် ကယ်ရီမဟုတ်တော့။ ဟိုတုန်း ကလို အရှက်အကြောက်ကြီးကာ စကားပြောတိုင်း ထစ် နေတတ်သော ကယ်ရီလည်း မဟုတ်တော့။

သူသည် မိမိကျွမ်းကျင်ဝင်စားသည့်လုပ်ငန်းတစ်ခု တွင် အောင်အောင်မြင်မြင်ဆောင်ရွက်လျက်ရှိသူတစ်ဦး အဖြစ် ယုံကြည်မှုပြည့်ဝလျက်ရှိသည်။

နှစ်ပေါင်းများစွာ ကွဲကွာခဲ့သည့် ယခင်က သူ့ထက်



www.burmeseclassic.com

www.burmeseclassic.com



များစွာသာခဲ့သော သူငယ်ချင်းများနှင့် ပြန်တွေ့ရချိန်၌ သူ သိမ်ငယ်မသွား။ တည်ငြိမ်ရင့်ကျက်စွာပင်ပြောဆို ဆက်ဆံနေနိုင်ပြီ။

သူငယ်ချင်းများကို သူ့အိမ်သို့ အလည်လာကြရန်၊ အိမ်တွင်ညစာ စားကြရန်လှိုက်လှဲပျူငှာစွာ ဖိတ်ကြားသည်။

ထိုနေ့ည သူငယ်ချင်းနှစ်ယောက်ရောက်လာကြသည့်အခါ ကယ်ရီဇနီးက သူတို့ကို ဆီးကြိုနှုတ်ဆက်သည်။ ကယ်ရီက အိမ်အောက်ထပ်ဆေးခန်းထဲမှာ လူနာကြည့်နေဆဲဖြစ်၍ ထွက်မလာနိုင်သေး။ အမျိုးသမီးကပင် ဧည့်ခံစကားပြောကာ ကလေးတွေ အိပ်နေသည့်အခန်းများထဲ လိုက်ပြသည်။

ကယ်ရီ့မှာ သဘောကောင်းသည့် ဇနီးချောတစ်ယောက်အပြင် သမီးနှစ်ယောက်နှင့် သားလေးတစ်ယောက်ပါ ရရှိနေပြီဆိုတာ သိရသည့်အခါ သူတို့ အံ့အားသင့်ကြရသည်။ တစ်နေ့သောအခါ ကယ်ရီ့ကို သည်လိုပြည့်ပြည့်စုံစုံ သိုက်သိုက်ဝန်းဝန်းဘဝမျိုးနှင့် တွေ့ရလိမ့်မည်ဟု၍ သူတို့ လုံးဝမျှော်လင့်မထားခဲ့ကြ။



www.burmeseclassic.com

www.burmeseclassic.com



ညစာ စားပွဲသို့ကယ်ရီက သူ့ သူငယ်ချင်းနှစ်ယောက်အပြင် မြို့ခံလူနှစ်ဦးကိုပါ ဖိတ်ကြားထားခဲ့သည်။

အိမ်ရှင်အပြစ် ဖော်ဖော်ရွေရွေ ညှော့ဝတ်ပြုနေသော ကယ်ရီ့ကို ကြည့်ကာသူငယ်ချင်းများ အံ့ဩပြီးရင်း အံ့ဩနေကြရသည်။

မြို့ခံလူနှစ်ယောက်စလုံးပင် လင်းနော့က်(စ)မှာ အရေးပါသော လူကုံထံများဖြစ်ကြသော်လည်း ကယ်ရီ့ကိုမှ တကယ်ပင် တရိုတသေဆက်ဆံကြတာ သူတို့မြင်တွေ့ရသည်။ ကယ်ရီ့လုပ်ငန်းအခြေအနေကို ကယ်ရီ့ပါးစပ်မှ သိပ်မကြားရ။ ညှော့သည်နှစ်ဦးထံမှသာ တစ်ခုပြီးတစ်ခု အဆက်မပြတ်ကြားကြရသည်။

သူဆေးဝါးကုသပေးနေရသည့် နယ်ပယ်က အတော်ပင်ကျယ်ဝန်းသည်။ သူ့လူနာတွေက တောသူတောင်သား ရှေးရိုးသမားတွေ။ သို့သော်သည်လူတွေအားလုံးပင် ယခုတော့ ကယ်ရီ့ပရိသတ်ဖြစ်သွားကြပြီ။ သူ့ကို ခင်ကြမင်ကြအားကိုးကြသည်။

ရွာထဲ ဖြတ်လျှောက်သွားလျှင် လူတကာက နှုတ်

www.burmeseclassic.com

www.burmeseclassic.com



ဆက်ကြမည်။ ကလေးတွဲလောင်းနှင့် မိန်းမက အပြေးလိုက်လာပြီး ဆရာ၊ ကျွန်မသားလေးကြည့်ပေးစမ်းပါဦး ' ဆိုကာ လမ်းလယ်ကောင်မှာပဲ ပြချင်ပြမည်။

သည်လိုနေရာမျိုးမှာ ကယ်ရီကလည်း ဆေးဖိုးဝါးခဆိုတာ ဘယ်တော့မှ မပြောရသည့်နေရာများက ရနေတာနှင့်ပင် သူ့အတွက် လုံလောက်လှပြီ။

ဆင်းရဲသားလူမမာများနေအိမ်သို့ ညဥ့်နက် သန်းခေါင်ကြီး သူလိုက်ပါလာကာ ဆုံဆို့နာဖြင့် အသက်မရှူနိုင်ဖြစ်နေသည့် ကလေးငယ်၊ နမိုးနီးယားရောဂါဖြင့် အပြင်းဖျားနေသည့်လယ်လုပ်သား၊ မီးမဖွားနိုင်ဖြစ်နေသည့် သိုးထိန်းမိန်းမစသည့်ဝေဒနာသည်တွေကို ဖေးမကူညီခဲ့၊ အသက်ကယ်ခဲ့တာတွေ၊ လင်းနေခတ်(စ)က ပုဂ္ဂိုလ်နှစ်ယောက်ဖောက်သည်ချ၍ မဆုံးနိုင်ကြ။

ကယ်ရီကား သည်နယ်တစ်ခွင်တွင် လူချစ်လူခင်အများဆုံး၊ လူထုလေးစားအားထားရဆုံး ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ခဲ့လေပြီ။

သူသည်ကျောင်းက သင်လိုက်သည့် ဆေးသိပ္ပံ



www.burmeseclassic.com

www.burmeseclassic.com



ပညာကို လက်တွေ့လူမှုဘဝအသိပညာများ၊ စေတနာ၊ မေတ္တာ၊ ကရုဏာများနှင့် ပေါင်းစပ်ကာ မိမိကိုယ်ကို တကယ်အစွမ်းထက်သော ဆေးသမားတစ်ယောက် အဆင့်သို့ မြှင့်တင်နိုင်ခဲ့သည်။

သူသည်နိမ့်ပါးသော ဘဝဖြင့် လူဖြစ်လာကာ မရှုမလှ အရှုံးဒဏ်ကို စောစီးစွာ ရင်ဆိုင်ခဲ့ရသော်လည်း အလျှော့မပေးခဲ့။

သည်လောကအတွင်း သူနှင့် အသင့်တော်ဆုံး အထိုက်တန်ဆုံးဟု ရဲဝံ့ယုံကြည်စွာသူရွေးချယ်ခဲ့သည့် ဆရာဝန်တည်းဟူသော 'နေရာ' ကို သူတကာထက် နောက်ကျပြီးမှပင် မရအရယူကာ တကယ်ထိုက်တန်သူအဖြစ် အများအသိအမှတ်ပြုရသည့် အနေအထားအထိ သူ့ကိုယ်သူတည်ဆောက်နိုင်ခဲ့သည်။

ဆရာဝန်ဘဝကို ကာယ်ရီထက်အလွယ်တကူရယူနိုင်ခဲ့ပြီး အလွယ်တကူပင်စွန့်ပယ်ခဲ့မိကြသည့် ဆရာဝန်ဟောင်းနှစ်ယောက် သူငယ်ချင်းအိမ်မှ အပြန်လမ်းတွင် တစ်ဦးကိုတစ်ဦး စကားမပြောနိုင်ဘဲ အတွေးကိုယ်စီဖြင့် တိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်နေမိကြသည်။

အတော်ကြီးကြာတော့မှ ချိုးဇွမ်းက မျိုသိပ်မထားနိုင်တော့ဟန်ဖြင့်ဆိုသည်။

" အင်း . . . နောက်ဆုံးတော့ ကယ်ရီဆိုတဲ့ကောင်လေးလည်း သူ့ကိုယ်သူရှာဖွေတွေ့ရှိသွားတာပဲကိုး"

သိပ်အားရစရာကောင်းနေသည့် ကယ်ရီ့အနေအထားတွေကို မြင်တွေ့ထားရပြီးသည့်တိုင် ချိုးဇွမ်း၏ လေသံက သိပ်အလျှော့မပေးချင်သေးသည့်ဟန်ပါနေသည်။ ခရိုနင်က -

" သူငယ်ချင်း၊ လွတ်တော်အမတ်ဘဝနဲ့ လင်းနောက်(စ)က လူထုဆရာဝန်ဘဝလဲလှယ်ရ '' ဆိုရင် မင်းမလဲဘဲနေမလား "

မေးသည့်အခါတွင်ကား သူမငြင်းနိုင်တော့။

ဤသည်က ဆရာဝန်စာရေးဆရာကြီး ခရိုနင်၏ မမေ့နိုင်သော လူတစ်ယောက် ' အမည်တပ်ဝတ္ထုဆောင်းပါးမှ ကောက်နှုတ်ဖော်ပြချက်ဖြစ်သည်။

ဘာမှဖြစ်မြောက်လောက်စရာမရှိဟု အများ



www.burmeseclassic.com

www.burmeseclassic.com



အထင်သေးထားခဲ့သူတစ်ယောက် မိမိနေရာမှန်ရောက်၍ သွားသည့်အခါ အကန့်အသတ်မရှိပေါက်မြောက်အောင် မြင်သွားပုံ သာဓကတစ်ခုဟု ဆိုချင်ပါသည်။

## မိမိနေရာကို မိမိဘာသာ ဖန်တီးယူရလိမ့်မည်

မိမိအတွက် နေရာမှန်ကို ရှာဖွေရာ၌ သတိပြုအပ်သည့် အရေးကြီးသော အချက်နှစ်ရပ်ရှိသည်။

ယင်းကား မိမိကိုယ်တိုင်အပေါ် ရိုးသားမှုရှိရေးနှင့် မိမိဆုံးဖြတ်ချက်ကို မိမိလေးစားရေးဖြစ်သည်။

အချို့က လုပ်ငန်းနယ်ပယ်တစ်ခုတွင် တစ်ကြိမ်မျှ လောက်ကြိုးစားကြည့်ပြီး အောင်မြင်မှုမရသည်နှင့် တစ်ပြိုင်နက် ကျွန်တော်နဲ့သည်အလုပ်နဲ့ မကိုက်ဘူးဆိုကာ နောက်တစ်ခုပြောင်းသွားတတ်သည်။ ဤသို့ဖြင့် လုပ်ငန်းအမျိုးမျိုး ပြောင်းကာ ဒီနေ့ထိ ကိုယ်နဲ့ လိုက်တဲ့ လုပ်ငန်းမတွေ့သေးဘူး’ ဟု ညည်းညူကြသူများရှိသည်။

စင်စစ်ရင်းလူသည် မိမိနှင့် အံဝင်ခွင်ကျအလုပ်ကို လိုက်ရှာနေသူမဟုတ်။ မည်သည့်အလုပ်ကိုမှ ကြိုးကြိုးကုတ်ကုတ်မလုပ်လိုသူမျိုးသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဇွဲမရှိ သတ္တိမရှိသူဖြစ်၍ အလုပ်တစ်ခု၌ အခက်အခဲနည်းနည်းကြုံရုံနှင့်ပင် အလုပ်မှ ထွက်ပြေးတိမ်းရှောင်သွားခြင်းဖြစ်သည်။

အခက်အခဲကို ရင်မဆိုင်ရဲလျှင်ကား ဘယ်အလုပ်တွင်မျှ အောင်မြင်နိုင်မည်မဟုတ်ပေ။ မိမိအတွက် ထိုက်တန်သော နေရာဟူသည်မျိုးလည်း ဘယ်သောအခါမျှ ရရှိလိမ့်မည်မဟုတ်ပေ။

နေရာသစ်ဟူသည်
တီထွင်ဖန်တီးယူရစမြဲဖြစ်၏။

ဆေးပညာကို အခြေခံသင်ရိုးကုန်အောင် ဝ..က် လာခဲ့သော ဆရာဝန်ပေါက်စသည် လ..ဂ်ဒတွ.ဆေးကုသသောအလုပ်၌ အားကိုးယုံကြည်ထိုက်သူတစ်ဦးအဖြစ် လူအများအသိအမှတ်ပြုလာအောင် စွမ်းဆောင်နိုင်ပြီးမှသာ ဆေးသမားလောကအတွင်း သင့်တင့်လျောက်ပတ်သော နေရာတစ်ခုရရှိနိုင်သည်။

ဥပဒေပညာ အခြေခံဘွဲ့ရလာပြီးသော ရှေ့နေပေါက်စသည်လည်းကောင်း၊ ဗိသုကာပညာ ကျွမ်းကျင်



www.burmeseclassic.com

www.burmeseclassic.com



တတ်မြောက်ကြောင်း အသိအမှတ်ပြု လက်မှတ်ရရှိလာသည့် အင်ဂျင်နီယာကျောင်းဆင်းစ လူငယ်သည်လည်းကောင်း၊ လူ့အသိုင်းအဝိုင်းအတွင်း ဥပဒေပညာရှင်၊ ဗိသုကာပညာကျော်စသည့် လေးစားလောက်သော နေရာများကို မိမိကိုယ်စွမ်းကိုယ်စဖြင့်ပင် ဆက်လက်ဖန်တီးတည်ဆောက်ယူရလေသည်။

ဝါသနာဗီဇအခြေခံနည်းသူ၊ အခက်အခဲကိုကြောက်တတ်သူ၊ ဇွဲသတ္တိချို့တဲ့သူများမှာ မိမိအတွက် နေရာတစ်ခု တကယ်တည်ဆောက်ယူရမည့် အချိန်အခါမျိုးတွင် အားငယ်နောက်တွန့်သွားတတ်ကြသည်။

အချို့လူများမှာ နည်းနည်းခက်ခဲရုံဖြင့် နောက်ဆုတ်ထွက်ပြေးသည့် အကျင့်ကြီးပါသွားကာ နောက်ဆုံး၌ အရှုံးသမားဘဝဖြင့် နိဂုံးချုပ်ရတတ်ပေသည်။

ထို့ကြောင့်

ဘဝတစ်ခုကို စနစ်တကျ တည်ဆောက်လိုကြသူတိုင်းပင် မိမိအတွက် လုပ်ငန်းနယ်ပယ် ရွေးချယ်သည့်အခါ၌ မိမိအရည်အသွေး၊ မိမိရည်မှန်းတမ်းတချက်များကို ဖေ



www.burmeseclassic.com

www.burmeseclassic.com



သေချာချာ စဉ်းစားမိကာ မိမိနှင့် တစ်သားတည်းကျမည့် အလုပ်မျိုးသည်အလုပ်ထဲမှာ သေလျှင်လည်း ပျော်မည်၊ ရှင်လျှင်လည်း ပျော်မည်ဆိုသည့် အလုပ်မျိုးကိုသာ ရွေးချယ်သင့်ကြသည်။

တစ်စုံတစ်ရာကို ရွေးချယ်ပြီးပြီဆိုလျှင်ကား ထိုတစ်စုံတစ်ရာ၌ ထူးချွန်ပေါက်မြောက်အောင်သာ လုပ်ပေတော့၊ အခက်အခဲကြောင့် နောက်မတွန့်နှင့် အောင်မြင်မှုအလှမ်းဝေးနေသေးသဖြင့်လည်း ငါရွေးချယ်ခဲ့သည့် နယ်ပယ်များ မှားယွင်းနေပြီလားဟု သံသယမဝင်လေနှင့် ဟူ၍သာ တိုက်တွန်းလိုပါသည်။

ကျားကုတ်ကျားခဲ ဖွဲ့ကြိုးသူအား မည်သည့်ပါရမီရှင်မျှလည်း မယှဉ်နိုင်၊ မည်သည့်ကံကြမ္မာမျှလည်း တားဆီးမထားနိုင်ပါ။ ။

## နေရာ

အထက်မှာ ဖော်ပြခဲ့တာတွေကတော့ ဆရာဖေမြင့် ရေးထားသော ' အပြောင်းမြောက်ဆုံး ဘဝတစ်ခုသည်



www.burmeseclassic.com

www.burmeseclassic.com



ဆောက်ခြင်း ' စာအုပ်ထဲက ကောက်နှုတ်ဖော်ပြလိုက်တာ ဖြစ်ပါတယ်။

ဟောဒီလောကကြီးမှာ ' လူမှန် နေရာမှန် ' မဖြစ်ခြင်းတွေ၊ 'နေရာရွေးချယ် မှားယွင်းခြင်း ' တွေဟာ မအောင်မြင်ခြင်း အကြောင်းရင်းတွေဖြစ်တယ်လို့ သတ်မှတ်လို့ ရပါတယ်။

ဒါဆိုလျှင် -

လူမှန် နေရာမှန်ဆိုတာဘာလဲ ?

လူမှန် နေရာမှန်ဆိုတာကို အခြေခံကျကျ သိစေဖို့ဆိုပါက မိမိဘာဝါသနာပါသလဲဆိုတာကို အရင်ဆုံးသိရပါမယ်။ ကိုယ်ဝါသနာပါသော အလုပ်ကို ကိုယ့်ဘဝပန်းတိုင်ထားတာဟာ အောင်မြင်ဖို့ နီးစပ်ပါတယ်။

ဆရာဖေမြင့်ရဲ့ စာထဲက ' ကာယ်ရီ ' ဟာ သူ့ဝါသနာမပါတဲ့ ' တရားဟော ဆရာအလုပ် ' ကို သူ့အမေတိုက်တွန်းလို့ လုပ်ခဲ့တယ်။ မအောင်မြင်ခဲ့ဘူး။ ဘယ်အောင်မြင်မလဲ သူ့မှ ဝါသနာမပါတာ။

ဒီလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှာလည်း မိမိတို့ ကိုယ်တိုင်က တကယ်ဝါသနာမပါဘဲ၊ မိဘ၊ ဆရာသမား တွေရဲ့ တွန်းအားကြောင့် ဝါသနာမပါဘဲ လုပ်ရတဲ့အရာ တွေ ရှိပါတယ်။

ဥပမာအားဖြင့် -

ဆရာဝန်တို့၊ ဗိုလ်လောင်းသင်တန်းတို့ကို မိဘတွေ က အတင်းအကျပ်တိုက်တွန်းလို့ ဝင်ခွင့်လျှောက်လိုက်ရ တယ်။ ဝါသနာမပါဘဲ ဝင်ရခြင်းကြောင့် အချိန်တန်ရင် ဆရာဝန် တစ်ယောက်တော့ ဖြစ်လာလိမ့်မယ်။ ဒါပေမယ့် ထူးချွန် ထက်မြက်တဲ့ ပါရဂူကြီးတော့ မဖြစ်နိုင်ပါဘူး၊ ဘာကြောင့် လည်းဆိုတော့ ဝါသနာမှ မပါတာ။

သို့သော် -

မိမိဝါသနာပါတဲ့ ဘဝကို လျှောက်လှမ်းမယ်ဆိုရင် လည်း အဲဒီလမ်းကို တစိုက်မတ်မတ်လျှောက်ပါ။

နောက်တစ်ချက်အရေးကြီးတာက ဝါသနာနဲ့ ဖြစ် နိုင်ချေဟာ နီးစပ်မှုရှိလေ အောင်မြင်လေပါပဲ။

ဥပမာအားဖြင့် -



www.burmeseclassic.com

www.burmeseclassic.com



သီချင်းဆို ဝါသနာပါတယ်။

သီချင်းနဲ့ ပတ်သက်ပြီး လေ့လာမှုမရှိဘူး။ လမ်းကြောင်းမရှာဖွေဘူး၊ ဒီအတိုင်းအိမ်မှာပဲ သီချင်းဆိုနေရုံနဲ့တော့ ဝါသနာဟာ ပန်းတိုင်ဖြစ်မလာတာကို သတိပြုပါ။

ကိုယ့်ဝါသနာဟာ ကိုယ့် 'နေရာ' ဖြစ်ဖို့ ကြိုးစားတာဟာ အောင်မြင်သူတွေရဲ့ အလေ့အထပါ။ ။

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

သုဒဿံ ဝဇ္ဇမညေသံ၊

အတ္တနော ပန ဒုဒ္ဒသံ။

သူတစ်ပါးအပြစ်ကို မြင်လွယ်၏။

မိမိအပြစ်ကား မြင်နိုင်ခဲ၏။

(ဓမ္မပဒ -၅၉)

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

# အကောင်းမြင်စိတ်ဓာတ်

## (၁)

တစ်ခါတုန်းက တိုင်းပြည်တစ်ပြည်မှာ အမဲလိုက်တာဝါသနာပါတဲ့ ဘုရင်ကြီးတစ်ပါးရှိခဲ့ဖူးပါတယ်။ ဘုရင်ကြီးဟာ အမဲလိုက်တာကို ဘယ်လောက်ဝါသနာပါသလဲဆိုရင် ဘုရင့်အတွက် သီးသန့်ထားတဲ့တောအုပ် (အန္တရာယ်လည်းမရှိတဲ့) ထဲမှာ အမဲလိုက်ရတာကို အားမရဘူး။

ဒီတော့

တကယ့်မုဆိုးတွေလို တောအုပ်ကြီးအတွင်းကို သွားပြီးတော့ အမဲလိုက်ပါတယ်။ ပညာရှိအမတ်ကြီးများက တားမြစ်ပေမယ့်လည်း မရတော့ လွှတ်ထားရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့

တစ်နေ့မှာတော့ ဘုရင်ကြီးဟာ တောလိုက်ရင်း လေးညို့ကိုးပျက်ပြီး သူ့ရဲ့ ညာဘက်လက်မကလေးဟာ ပြတ်သွားပါတော့တယ်။

နန်းတွင်းသူနန်းတွင်းသားတွေဟာ ဘုရင်ကြီးလက်မပြတ်သွားတာကို စိတ်မကောင်းဖြစ်နေကြတာပေါ့။

ဒီအကြောင်းကို ဘုရင်ကြီးက သိတော့ နန်းတွင်းညီလာခံသဘင်မှာ ပရိသတ်တွေကို

" မောင်မင်းတို့ ငါ့အတွက် စိတ်မကောင်းမဖြစ်ကြပါနဲ့ "

ဟုဆိုပါတယ်။ ဘုရင်ကြီးက အဲဒီလိုပြောတော့ ပညာရှိအမတ်ကြီးက " ဖြစ်သမျှအကြောင်း အကောင်းပေါ့ ဘုရား "

ဟု လျှောက်တင်လိုက်ပါတယ်။

အမတ်ကြီးဟာ ဘုရင်ကြီးစိတ်သက်သာရာ ရပါစေဟူသော သဘောဖြင့် ပြောလိုက်တာပါ။ ဒါပေမဲ့အမတ်ကြီးရဲ့ စကားကို ဘုရင်ဖြစ်သူက နားလည်လွဲခဲ့လိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



က တစ်မျိုးပါ။

" သူ့ကို လူကြားထဲ အရှက်ခွဲတယ်၊ ဖြစ်သမျှ အကြောင်းကို ဘယ်လိုလုပ်ပြီး အကောင်းမှတ်လို့ ရမလဲ "

ဟု တွေးလိုက်ပါတယ်။

" တွေ့ကြသေးတာပေါ့ အမတ်မင်းရယ် "

(၂)

" မျက်စိက မြင်သော်လည်း
မမြင်သင့်တဲ့ အရာဆိုလျှင်
အကန်းလိုနေပါ။
နားက ကြားသော်လည်း
မကြားသင့်တဲ့ အရာဆိုလျှင်
နားထိုင်းသူလိုနေပါ။
စကားအရာလိမ္မာပညာရှိဖြစ်သော်လည်း
မပြောသင့်တဲ့ အရာဆိုလျှင်
ဆွံ့အသူလို မပြောဘဲနေပါ။
ခွန်အားဗလ ကောင်းသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



မလုပ်သင့်တဲ့ အရာဆိုလျှင်
ခွန်အားမရှိသူလိုနေပါ။
မပြောသင့်တဲ့ ကိစ္စဖြစ်ပေါ်လာလျှင်
လူသေကောင်လိုနေပါ ” တဲ့။

မဟာကစ္စာယန မထေရ်မြတ်ကြီးက လူ့ပတ်ဝန်းကျင်မှာ နေထိုင်တဲ့အခါ အမျှားနဲ့ အဆင်ပြေအောင် နေတတ်ဖို့ဆိုပါက အထက်ပါအတိုင်း နေရမည်ဟု ပြောခဲ့တဲ့ စကားကို ပညာရှိအမတ်ကြီးတစ်ယောက် သတိမထားခဲ့ဖူး ထင်ပါရဲ့။

စေတနာကောင်းဖြင့် ပြောလိုက်သော စကားတစ်ခွန်းဟာလည်း အပြောခံရသူဘက်က စိတ်ဓာတ်ရင့်ကျက်မှု မရှိလေတော့ အဆင်မပြေဖို့ အစပျိုးလိုက်သလိုပါပဲ။

အခုလည်းကြည့် ပညာရှိအမတ်ကြီးက အမှတ်မထင်ပြောလိုက်တဲ့ စကားကိုဘုရင်ကြီးက မှတ်မှတ်သားသား မှတ်ယူထားပြီး ပညာရှိအမတ်ကြီးမေ့လောက်တဲ့ အခါမှာ ပြန်တုံ့ပြန်ဖို့ စီစဉ်လိုက်တယ်။

“ ဘုရင်ကြီး အမဲလိုက်ထွက်မယ် ”

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခေါက်ဘုရင်ကြီးရဲ့ အမဲလိုက်ခရီးကို ပညာရှိအမတ်ကြီးပါဝင်စေပါတယ်။ ‘ ဘုရင့်အမိန့် ’ ဆိုတာက နှုတ်ကထွက်တဲ့ ဥပဒေ ’ ဖြစ်လေတော့ဘယ်သူမှ ငြင်းဆန်လို့မရပါဘူး။

ဒါပေမဲ့

ဒီတစ်ခေါက်သွားမယ့်ခရီးက နည်းနည်းထူးဆန်းနေတယ်၊ ဘာကြောင့်လည်းဆိုတော့ အရင်သွားနေကျတော မဟုတ်ဘဲ၊ ပို၍ အန္တရာယ်များသော ပိုပြီးနက်ရှိုင်းသော၊ သွားလေ့သွားထမရှိသော တောအုပ်ကြီးဖြစ်နေတယ်၊ ဒါကလည်း ဘုရင်ကြီးရဲ့ အကြံအစည်။

တောနက်လေ၊ လူပြတ်လေပေါ့။

မကောင်းတာကို ကျူးလွန်ဖို့ ကြံစည်တဲ့ လူအဖို့ကတော့ ဘယ်သူမှမရှိတဲ့နေရာကို ရွေးချယ်လေ့ရှိပါတယ်။

တောတွင်းသို့ရောက်သည်နှင့် တခြားစစ်သားတွေကို လမ်းမှားရင်း လူကွဲသွားတဲ့ ပုံစံရောက်အောင် ဘုရင်ကြီးက ဖန်တီးလိုက်ပါတယ်။ တောမုဆိုးလည်း ဖြစ် ဘုရင်လည်းဖြစ်တဲ့ သူ့အတွက် ဒီလို လူစုခွဲနည်းကို ဆောင်ရွက်

www.burmeseclassic.com

www.burmeseclassic.com



ရတာသိပ်ပြီးတော့ အပန်းမကြီးခဲ့ပေ။

နက်ရှိုင်းသော ချောက်ကမ်းပါးတစ်ခုနားရောက်တော့

" အမတ်ကြီး "

" ဘုရား "

" လူသူမရှင်းဘူးလား "

" ရှင်းတာမှ အပြန်လမ်းတောင် မှတ်မိပါ့မလားမသိဘူး "

" အမတ်ကြီး "

ရုတ်တရက်ဘုရင်ကြီးလေသံက ပြောင်းသွားတယ်။ မျက်လုံးတွေက နီရဲစွာဖြင့် ရန်လိုသော အမူအရာများက ထင်ရှားစွာ တွေ့နေရတယ်။

" အခုအချိန်မှာ ဟောဒီချောက်ကမ်းပါးအောက်ကို ငါတွန်းချလိုက်ရင် အမတ်မင်းအနေဖြင့် ဖြစ်သမျှအကြောင်း အကောင်းချည်းပဲဟု ပြောလို့ရမလား "

" ဗျာ "

အမတ်ကြီး နားမလည်ခဲ့။

www.burmeseclassic.com

www.burmeseclassic.com



နားလည်ဖို့လည်း မလိုအပ်တော့။ ဘာကြောင့်လည်းဆိုတော့ စကားဆုံးတာနဲ့ ဘုရင်ကြီးက အမတ်ကြီးကို ချောက်ကမ်းပါးအောက်ကို တွန်းချလိုက်ပါတော့တယ်။ အမှတ်တမဲ့ စကားတစ်ခွန်းက လူတစ်ယောက်အသက်ကို ပေးဆပ်ဖို့ ဖြစ်ခဲ့ပြီပေါ့ ။

ဘုရင်ကြီးနှုတ်ကလည်း -

"ဖြစ်သမျှအကြောင်း အကောင်းချည်းပေါ့ အမတ်ကြီးရာ "

ဟုပြောပြီး လာလမ်းကို ဦးတည်လိုက်တယ်။

အမတ်ကြီးကတော့ ချောက်ကမ်းပါးအောက်မှာ။

(၃)

" ဟာ . . . ဒုက္ခပဲ "

ဘုရင်ကြီးနှုတ်က ထွက်သွားတယ်။

ဘေးပတ်ဝန်းကျင်က လူသွားလူလာ သင်္ကေတများရှိလေမလားလိုက်ကြည့်တော့လည်း အမှတ်အသားတစ်ခုမှ မတွေ့။

www.burmeseclassic.com

www.burmeseclassic.com



" ဟေး "

သူအသံကို ကျယ်လောင်စွာပြုပေမယ့် တစ်ဖက်က အချက်ပေးသံကို မကြား။ ကြည့်လေရာမှာလည်း သစ်ပင်စိမ်းတွေ။

" ငါမျက်စိလည်သွားပြီ "

သူ့စိတ်က တွေးလိုက်တယ်။

'မျက်စိလည် ခွေးနောက်လိုက်' စကားပုံရှိပေမယ့် သူ့ဘေးမှာ 'ခွေးတစ်ကောင်၊ ကြောင်တစ်မြီး' မှ မပါတော့ ခြေဦးတည်ရာ လျှောက်သွားရာ . . .

" . . . . . "

အသံကြားရာကို ကြည့်လိုက ~~ သူမမြင်ဘူးသော မျက်နှာမည်းမည်းနှင့် တောတွင်းလူရိုင်းတွေ။ သစ်ရွက် အဝတ်အစားတွေဝတ်ကာ၊ ဓား၊ လှံ၊ လက်နက်များဖြင့် သူ့ကို ချိန်ရွယ်ထားတယ်။

ပြေးလမ်းတွေကို ပိတ်ဆို့လိုက်တယ်။

လူရိုင်းများက သူ့ကို ကြိုးဖြင့်ချည်နှောင်ပြီး ခေါ်သွားကြတယ်။ လူရိုင်းတွေလက်ထဲမှာ သူ့ဘဝရှင်သန်မှုမ မရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့။

" သူများ မကောင်းကြံလို့ ငါပြန်ခံရပြီ "

ဟု တွေးလိုက်တယ်။

သူ့အတွေးကမမှား။ ဘာကြောင့်လည်းဆိုပါက ည ရောက်သောအခါ လူရိုင်းများက သူတစ်ကိုယ်လုံးချည် နှောင်ပြီး အရှင်လတ်လတ် မီးရှို့ကာ ယစ်ပူဇော်ဖို့ ချည် နှောင်လိုက်တယ်။ တိုင်းပြည်တစ်ခုရဲ့ သခင်ဧကရာဇ်ဘုရင် တစ်ပါးတောအတွင်းမှာ ' ခြင် ' တစ်ကောင်ကို မထင်မရှား သေတော့မယ်။

" . . . . . . "

" ဝေး . . . . ဝေး . . . "

လူရိုင်းများရဲ့ တီးဆို ကခုန်နေဟန်က အကာလည မှာ တစ္ဆေတွေ ကခုန်နေတယလို့ သူမှတ်ထင်လိုက်တယ်။

" ဒိုး "

အချက်ပေးစည်ကြီးတီးတဲ့အခါမှာ လူရိုင်းခေါင်း ဆောင်ကြီး တစ်ဦးရောက်လာပြီး၊ ယစ်ပူဇော်ခံရမည့် သူ့ ကို အသေအချာကြည့်ပြီး မသတ်ဖို့ ငြင်းဆိုလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ပြောင်းလွဲသွားသော အခြေအနေကို ကြည့်ပြီး သူ အံ့ဩသွားတယ်။ ဘာကြောင့် ယစ်မပူဇော်တာလဲ ”

သူတို့ ပြောတာ၊ ဆိုတာကို ကြည့်ပြီးမှ သူသဘောပေါက်လိုက်တယ်။ သူ့လက်မကလေးက ပြတ်နေတော့ အင်္ဂါမစုံတဲ့လူကို ယစ်မပူဇော်ရဘူးဆိုတဲ့ အယူကြောင့် သူ အသက်ဘေးမှ လွတ်ခဲ့တာ။

လက်မကလေး ပြတ်နေတာပင်
ကံကောင်းဖို့ ဖြစ်လာခဲ့တယ်။

လူရိုင်းတွေလက်က လွတ်လာတာနဲ့ သူသတိရလိုက်တာက သူချောက်ကမ်းပါးအော က်ကို တွန်းချခဲ့တဲ့ အမတ်ကြီး။

“ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ ”

ဒီစကားကို သတိရတော့ အမတ်ကြီးရှိရာ ချောက်ကမ်းပါးဆီကို အပြေးအလွှားထွက်လာခဲ့တယ်။

(၄)

ချောက်ကမ်းပါးရောက်တော့ သူအောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ခက်ခက်ခဲခဲဆင်းခဲ့ရတယ်။ လမ်းတစ်ဝက်အရောက်မ ပဲ. . .

" ကယ်ကြပါဦးခင်ဗျား "

အသံတစ်ခုက ခပ်သဲ့သဲ့လွင့်လာတယ်။

ဒီအသံကို သူကောင်းကောင်းကြားဖူးတာပေါ့။

" အမတ်ကြီးမသေ, သေးဘူး "

သူ့အားတတ်သွားပြီး အောက်ကို ကြည့်လိုက်တော့ နွယ်ပင်တွေနဲ့ ငြိကာတွဲလောင်းကြီးဖြစ်နေသော အမတ်ကြီးကို သူတွေ့လိုက်တယ်။ အမတ်ကြီးကို ကယ်တင်ပြီးတော့

" အမတ်ကြီးရယ် အထင်လွဲသွားတာကို တောင်းပန်ပါတယ် "

ဟု ဆိုကာ သူလူရိုင်းတွေနဲ့ ဆုံရတာတွေကို ပြောပြတယ်။ ဘုရင်ကြီးစကားဆုံးတော့ အမတ်ကြီးက . . .

" တောင်းပန်စရာမလိုပါဘူး ဘုရင်မင်းမြတ်၊ ဖြစ်သမျှအကြောင်းအကောင်းချည်းပါ "

" ဘာကြောင့်လည်းဗျ "



www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး စဉ်းစားပါ။ တကယ်လို့ အရှင်မင်းကြီးသာ ချောက်ကမ်းပါးအောက်ကို ကျွန်တော်မျိုးကြီးကို မတွန်းချခဲ့ရင် လူရိုင်းတွေဟာ အင်္ဂါစုံတဲ့ ကျွန်တော်မျိုးကို သတ်မှာပဲ။

(၅)

ကြားဖူးတဲ့ ပုံပြင်လေးပါ။

အရာရာကို အကောင်းမြင်သော စိတ်ဓာတ်ပိုင်ရှင် အမတ်ကြီးနှင့်အရာရာကို အဆိုးမြင်တတ်သော ဘုရင်ကြီးတို့ရဲ့ ဇာတ်သိမ်းခန်းလေးက ချစ်စရာကောင်းခဲ့ပါတယ်။

ဒီတော့

အောင်မြင်ချင်သောသူတွေကို ဒီပုံပြင်လေးက ဘာတွေအတုယူလိုက်နာစရာ ပေးပါသလည်း၊ နည်းနည်းလေး လေ့လာကြည့်ရအောင်ပါ။

မအောင်မြင်တဲ့သူအများစုဟာ အဆိုးမြင်လေ့ရှိပါတယ်။ ဒီစကားကို ရှုတ်တရက်ဆိုပါက လက်ခံဖို့ခက်ခဲနေပါလိမ့်မယ်။ အသေအချာစဉ်းစားကြည့်ရင်တော့ လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ချင်ပါလိမ့်မယ်။

ဥပမာ တစ်ခုပေးပါရစေ။

အလုပ်တစ်ခုကို လုပ်တယ်။ အဆင်မပြေမှုကြုံတွေ့တယ်။ ဒီလိုအခါတွေမှာ မအောင်မြင်တဲ့သူက 'မလွယ်ပါဘူးကွာ' ဟု ဆိုကာ နောက်ဆုတ်အရှုံးပေးလိုက်ပါတယ်။

အောင်မြင်ချင်တဲ့ သူကတော့ 'အဆိုးတွေနဲ့ ကြုံတွေ့ရပေမယ့် ဒါတွေဟာ အောင်မြင်မှုကို ရရှိစေမယ့် အကောင်းဆုံးအတွေ့အကြုံတွေပဲ' ဟုဆိုကာ 'အခက်အခဲကို အခွင့်အရေး' အဖြစ် ရှုမြင်ပြီး အဆင်မပြေမှုတွေ ကြုံပေမယ့် စိတ်ဓာတ်မကျဘဲ ရင်ဆိုင်ပါတယ်။

ကြာလာတော့ ကြိုးစားမှုဟာ အောင်မြင်ပါတယ်။

ဒါဟာ အကောင်းမြင်တတ်လို့ပါ။

ပုံပြင်ထဲမှာ 'ဖြစ်သမျှအကြောင်း အကောင်းချည်း' စိတ်ထားပါဆိုတာ အဆင်မပြေတာတွေကို ကြည့်ပြီး စိတ်ပျက်အားငယ်နေရင် ဘာမှဖြစ်လာမှာမှ မဟုတ်တာ။

အောင်မြင်ချင်သူဆိုတာ -

အဆင်မပြေမှုတွေ၊ အခက်အခဲတွေ၊ အတား



www.burmeseclassic.com

www.burmeseclassic.com



အဆီးတွေ၊ အနှောင့်အယှက်တွေကို ဖွဲ့လုံ့လဝီရိယဖြင့် အကောင်းမြင်တဲ့ စိတ်ဓာတ်ရှိမှ ရရှိသောအရာပါ။ ။

♦ ♦ ♦ ♦ ♦

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

မဖြစ်လောက်ဘူးဟု ထင်ရသော အပြုအမူကို အကြိမ်ကြိမ် ထပ်တလဲလဲပြုမိရာက နောင်တစ်ချိန်၌ ထိုအပြုအမူကို မပြုရလျှင် မနေနိုင်လောက်သော အဖြစ်မျိုးသို့ ရောက်သွားသည်။ ထိုအဖြစ်မျိုးသို့ ရောက်သွားခြင်းကိုပင် 'အကျင့်စရိုက်' ဟု ခေါ်ပါသည်။

(နန္ဒာသိန်းဇံ)

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

# စွဲမြဲခြင်းရဲ့ ရလဒ်

ဒီလို မိသားစုလေးတစ်ခုရှိတယ်။

အမျိုးသားက အလယ်တန်းပြကျောင်းဆရာ၊ အမျိုးသမီးက ကြယ်သီးအရောင်းဆိုင် တစ်ဆိုင်ဖွင့်ထားတယ်။ သမီးက အလယ်တန်းကျောင်းသူဖြစ်တယ်။

အမျိုးသားက ကျောင်းစာပြ၊ အားလပ်ရင် စာကြည့်တိုက်ပြေးပြီး ကိုယ်စိတ်ဝင်စားတဲ့ စာတွေရှာဖတ်တာကလွဲလို့ တခြားကြိုက်နှစ်သက်တာ မရှိခဲ့ဘူး။ တစ်ခါတစ်လေ အားနေရင်တော့ မိန်းမဖွင့်ထားတဲ့ ကြယ်သီးဆိုင်မှာ သွားထိုင်တတ်တယ်။

အမျိုးသမီးကလည်း ဘာရည်ရွယ်ချက်မှ ကြီးကြီးမားမားမရှိဘူး။ ဆိုင်မှာ ကြယ်သီးတွေအပြင်၊ ခေါင်းစည်းကြိုး၊ ဆံညှပ်ရင်ထိုးစတဲ့ ဖန်စီပစ္စည်းလေးတွေ တင်ထားတယ်။ သမီးကလည်း စာတော်တယ် မဆိုသာပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲတိုင်းအောင်တယ် ဆုမဟော့မရဖူးဘူး။ သူတို့ မိသားစုက ဒီလိုနဲ့ပဲ နေ့ရက်တွေကို ရိုးရိုးရှင်းရှင်းဆိတ်ဆိတ် ငြိမ်ငြိမ် သာမန်မျှသာဖြတ်သန်းနေကြတယ်။

တစ်နေ့မှာ ယောက်ျားဖြစ်သူက မိန်းမကို ပြောတယ်။ သူအသစ်အဆန်းတစ်ခုတွေ့ထားတယ်တဲ့။ ဘာအသစ်အဆန်းလဲလို့ မိန်းမကမေးတော့ မနေ့က စာကြည့်တိုက်မှာ သူစာအုပ်တွေ ရှာဖတ်ရင်းက ကမ္ဘာ့ထိပ် တန်းကုမ္ပဏီ (၅၀၀)က ကြေညာထားတဲ့ စာရင်းကို ဖတ်ခဲ့မိတယ်လို့ဆိုတယ်။

အဲဒီ ကမ္ဘာ့ထိပ်တန်း ကုမ္ပဏီတွေက တစ်လမ်းတည်း သွားသူတွေဖြစ်တယ်။ ယောက်ျားရဲ့ အပြောကို မိန်းမက နားမလည်တော့ ယောက်ျားက ဒီလို ရှင်းပြတယ်။

"ဥပမာ ခင်က ကြယ်သီးရောင်းတယ်။ ဒါဆိုရင် ဆိုင်မှာ ကြယ်သီးပဲ တင်ရမယ်။ ဆိုင်ကို နည်းနည်းထပ်ချဲ့ပြီး ကြယ်သီးမျိုးစုံတင်တယ်။ တခြားဘာပစ္စည်းမှ မတင်ဘူး"

"ဒါက ဘာများဆန်းသစ်လို့လဲ၊ ဒါက သီးသန့်ဆိုင်ဖွင့်တာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



လို့ မိန်းမက ထပ်မေးတော့ ယောက်ျားအဖြေမရှိခဲ့ဘူး။

ဟုတ်ပါတယ်။

ဒါဟာ သီးသန့်ဆိုင် သဘောမျိုးပါပဲ။

ဒါပေမဲ့

ဘာဖြစ်လို့ ဒီလိုသီးသန့်ဆိုင်ဖွင့်တာနဲ့ အဲဒီကုမ္ပဏီ (၅၀၀)က ကမ္ဘာ့ထိပ်တန်းကုမ္ပဏီ စာရင်းဝင်တွေဖြစ်နေမှန်း ယောက်ျားက နားမလည်ခဲ့ဘူး။ ဒါဟာ ထူးခြားမှုတစ်ခုခုတော့ ရှိရမယ်လို့ သူတွေးမိတယ်။

အဲဒီလို အသစ်အဆန်းတစ်ခုကို သူတွေ့ပြီး နောက်ဆက်တွဲအဖြစ်တွေကို သူစူးစမ်းလေ့လာခဲ့ပြန်တယ်။

ကမ္ဘာ့ပထမထိပ်တန်းဝင် လက်လီအရောင်းဆိုင် ဝေါလ်မတ် (wal-Mart ) ကုမ္ပဏီအကြောင်းကို သူရှာဖတ်ခဲ့တယ်။ ဝေါလ်မတ်ကုမ္ပဏီက လက်လီပဲရောင်း တယ်။ ဝင်ငွေဘယ်လောက်ကောင်းကောင်း အိမ်ခြံမြေ ရောင်းဝယ်မှုထဲ မဝင်ခဲ့ဘူး။

နောက်ဂျင်နရယ်မော်တော် (General Motors)



www.burmeseclassic.com

www.burmeseclassic.com



GM ကားကုမ္ပဏီကို သူဆက်ရှာဖတ်ပြန်တယ်။ GM ကားကုမ္ပဏီက ဒုတိယထိပ်တန်းဝင်လို့ ဆိုရမယ်။ နှစ် (၁၀၀) အတွင်းမှာ ကားနဲ့ ကားအပိုပစ္စည်းတွေကိုပဲ ထုတ်လုပ်ခဲ့တယ်။ လေယာဉ်၊ သင်္ဘောဆောက်လုပ်ရေး လုပ်ငန်းကို မတို့ထိခဲ့ဘူး။

ကမ္ဘာ့သူဌေးစာရင်းဝင် ဘီလ်ဂိတ်အကြောင်းကိုလည်း သူရှာဖွေဖတ်ရှုကြည့်ပြန်တယ်။ ဘီလ်ဂိတ်ဟာ လမ်းတစ်လမ်းကိုပဲ အဆုံးလျှောက်သွားတာကို သူတွေ့ရတယ်။ ငွေကြေးဘယ်လောက်များများ ဆော့ဝဲလ်ကိုပဲ ဘီလ်ဂိတ်လုပ်ခဲ့တယ်။ ငွေကြေးရနိုင်တဲ့ တခြားလုပ်ငန်းတွေကို မလုပ်ခဲ့ဘူး။

စာတွေဖတ်ပြီး သူစဉ်းစားတယ်။

တစ်စုံတစ်ခုနဲ့ပဲ အလုပ်လုပ်ရင် ပိုအလွယ်တကူ အောင်မြင်နိုင်လား။

ဒီလိုစဉ်းစားမိပြီးနောက် တစ်ညနေမှာ မိန်းမဖြစ်သူကို သူပြောတယ်။ နောက်ပိုင်းဆိုင်မှာ ပစ္စည်းတွေတင်ရင် တခြားဖန်စီပစ္စည်းတွေ မတင်ဘဲ ကြယ်သီးတစ်မျိုးပဲတင်



www.burmeseclassic.com

www.burmeseclassic.com



မယ်။ ရှိသမျှကြယ်သီးမျိုးစုံပဲ တင်မယ်။ ဒီလိုနည်းနဲ့ အရင်းစမ်းသပ်ကြည့်ရအောင်လို့ သူဆိုတယ်။

အခွင့်အရေးကို သူဆုပ်ကိုင်မိလိုက်သလား။ ဒါမှမဟုတ် ‘ ဒီတစ်လမ်းကိုပဲ ကြံ့ကြံ့ခံလျှောက်မယ် ’ ဆိုတဲ့လုပ်ရပ်မှာ အခွင့်အရေးက ကပ်ပါလာခဲ့သလား။ မပြောတတ်ပါဘူး။ နောက်ဆုံးမှာ ကြယ်သီးသီးသန့် အရောင်းဆိုင်ကြီးတစ်ခု အဲဒီမြို့မှာ ဖြစ်ထွန်းအောင်မြင်ခဲ့တယ်။ ကြယ်သီးမျိုးစုံဖြန့်ဝေဆိုင် အရောင်းဆိုင်ကြီးအဖြစ်နဲ့ သူတို့အောင်မြင်ခဲ့တာပါ။

တောင်တစ်တောင်တည်းကိုပဲ ကြိုးစားတက်လှမ်းသူက နောက်ဆုံးမှာ တောင်ထိပ်ဖျားကို ရောက်မှာဖြစ်တယ်။ အလုပ်တစ်ခုကို စွဲစွဲမြဲမြဲရှိရှိနဲ့ ကြိုးစားလုပ်သူက နောက်ဆုံးမှာ အောင်မြင်ခြင်းကိုရမှာ ဖြစ်ပါတယ်။

မူရင်း - WWW. gushi365.com

ဘာသာပြန် - နိုင်းနိုင်းစနေ

မှိုင်းမှတ် - မျှော်လင့်သွားတဲ့ ရိုးသားဖြောင့်မတ်ခြင်းနှင့် အရှုံးကို ဝန်ခံတဲ့ အရည်အချင်း။



www.burmeseclassic.com

www.burmeseclassic.com

စိတ်ချမ်းသာချင်ရင်

ကိုယ့်သဘောထားတွေကို သေသေချာချာကြည့်ပါ။

သဘောထားကြီးအောင် စိတ်ကိုပြင်ပါ။

သဘောထားကြီးပြီး

ဆက်ဆံရေးအဆင်ပြေလာရင်

ကိုယ်လောကဟာ ကျယ်လာမယ်။

ဆရာတော် ဦးဇောတိက

(မဟာမြိုင်တောရ)

www.burmeseclassic.com

www.burmeseclassic.com

# ပျော်ရွှင်ခြင်းဆိုတာ

တစ်ခါက ဘုရင့်သားတော်တစ်ပါးနှင့် ပညာရှိ အမတ်ကြီးတစ်ဦးတို့ဟာ ဗဟုသုတအလို့ငှာ တိုင်းပြည် အစွန်အဖျားဒေသတွေကို မထင်ရှားတဲ့ အသွင်အပြင်နှင့် လှည့်လှည်သွားကြပါတယ်။

ဒီလိုနဲ့

တစ်ခုသော ချောင်းကမ်းစပ်နားရောက်တော့ အဝတ်ပုံကိုတွေ့တာနဲ့ မင်းသားက

" အမတ်ကြီး ဒီအဝတ်ပုံက ဘာလုပ်တာလဲ "

" ရေဆင်းချိုးလို့ ပုံထားတာပါ "

" ကြည့်ရအောင် "

ဒါနဲ့ သူတို့နှစ်ယောက်ဟာ သစ်ပင်တွေ အကွ



www.burmeseclassic.com

www.burmeseclassic.com



အကွယ်ယူပြီး ချောင်းစပ်ကိုလှမ်းကြည့်တော့ လူငယ်တစ်ယောက် ရေချိုးနေတာကို တွေ့ရတယ်။ လူငယ်ပုံထားတဲ့ အဝတ်အစားကို ကြည့်ပြီး ဆင်းရဲသားတစ်ယောက်ဆိုတာ တံဆိပ်ကပ်ထားသလို ထင်ရှားနေပါတယ်။

" အမတ်ကြီး "

" မိန့်ပါ အရှင့်သား "

" ကျွန်တော်တို့ ဒီအဝတ်အစားတွေကို သူမသိခင် ဖွက်ထားလိုက်မယ်ဗျာ။ သူရေချိုးပြီးလို့ တက်လာရင် သူ့အဝတ်အစားတွေ မတွေ့ရင် စိတ်ဆိုးမှာ၊ အဲဒီကြရင် သူ့ပုံစံက အရမ်းရယ်ရမှာနော် "

မင်းသားပုံစံက အတွေးနဲ့တင်မြူးနေတယ်။

" မလုပ်ပါနဲ့ မင်းသား "

" ဘာဖြစ်လို့လဲဗျ "

" အရှင့်သား သူတစ်ပါးဝမ်းနည်းကြေကွဲပြီးမှ ကိုယ်ပျော်ရွှင်ရမယ်ဆိုရင် အဲဒီပျော်ရွှင်မှုကို မယူရဘူး။ အဲဒီအပျော်ဟာလည်း အပျော်အစစ်မဟုတ်ပါဘူး။ တကယ့်အပျော်ဆိုတာ ကိုယ့်ကြောင့် သူတစ်ပါး စိတ်ချမ်းသာသွား



www.burmeseclassic.com

www.burmeseclassic.com



မှ ကောင်းတာပါ ”

“ ဒါဆို ဘယ်လိုလုပ်ရမလဲ ”

“ ဒီရွှေဒင်္ဂါးပြားနှစ်ခုကို အဲဒီဆင်းရဲသားရဲ့ အိတ်ကပ်ထဲ ထည့်လိုက်ပါ။ ဘယ်လို ဖြစ်သွားမလဲ ဆိုတာ စောင့်ကြည့်ရအောင် ”

ဒီလိုနဲ့

ဘုရင့်သားနဲ့ အမတ်ကြီးတို့ဟာ သစ်ပင်တစ်ခုကို အကာအကွယ်ကောင်းကောင်းယူပြီး စောင့်ကြည့်နေခဲ့ပါတယ်။

မကြာမီပဲ ဆင်းရဲသားဟာ ရေချိုးပြီး တက်လာပါတယ်။

ပုဆိုးကို အရင်ဝတ်လိုက်တယ်။

ပုဆိုးဝတ်ပြီးတဲ့အခါ အင်္ကျီကိုကြယ်သီးတပ်စဉ် အိပ်ကပ်ထဲမှာ တစ်ခုခုအသံကြားသလို ခံစားရတာနဲ့ စမ်းကြည့်တော့

“ ဟာ . . . ရွှေဒင်္ဂါးပြားပဲ ”

သူဟာ အံ့ဩပြီး ဘေးပတ်ဝန်းကျင်ကို ပြေးကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်နဲ့ လိုက်ကြည့်တယ်။ ဘယ်သူ့ကိုမှ မတွေ့ဘူး၊ ဒါနဲ့ နောက်အိတ်ကပ်တစ်ခုကို စမ်းကြည့်တော့ နောက်ထပ်ရွှေ ဒင်္ဂါးပြားတစ်ခု။ နောက်ထပ်ရွှေဒင်္ဂါးပြားရှိမလား၊ အရှုးတစ်ယောက်လို တစ်ကိုယ်လုံးလိုက်ရှာပေမယ့် မတွေ့ဘူး။

သူ့ပုံစံကို ကြည့်ပြီးမင်းသားက သဘောတွေကျလို့။

ဆင်းရဲသားက

" ကျွန်ုပ်ကို ကူညီတဲ့ လူပုဂ္ဂိုလ်တွေရှိပါသလား "

" ........... "

တိတ်ဆိတ်မှုကသာ ဆက်ပြီးတော့ နေရာယူထားတော့ ဒီပတ်ဝန်းကျင်မှာ မည်သည့် လူသားတစ်ဦးတစ်ယောက်မှ မရှိတော့ဘူးလို့ သူယုံကြည်လိုက်တယ်။

ဒါနဲ့ ဆင်းရဲသားဟာ မြေကြီးပေါ်မှာ ဒူးထောက်ကာထိုင်ချလိုက်ပြီး သက်အုပ်ချီကာ -

" ကျွန်ုပ်ကို ကာသီစောင့်ရှောက်ခဲ့သော မမြင်ရသော ပုဂ္ဂိုလ်အပေါင်းတို့ သင်တို့ပေးသော ရွှေဒင်္ဂါးပြားဟာ ကျွန်ုပ်တစ်ဦးတည်းကို စောင့်ရှောက်ကူညီခဲ့တာမဟုတ်ပါဘူး၊ ကျွန်ုပ်အိမ်တွင် မကျန်းမာသဖြင့် ဆေးကုဖို့ လိုအပ်နေသော



www.burmeseclassic.com

www.burmeseclassic.com



အမေအိုနှင့် စားစရာမရှိ၍ အားအင်ပြတ်နေသော ညီမလေးကိုပါ စောင့်ရှောက်ခဲ့တာပါ။ ကျွန်ုပ်ကို ကူညီလို့ ကျွန်ုပ်ဝမ်းသာရသလို သင်တို့လည်း ပျော်ရွှင်ပါစေ။ ကျွန်ုပ် ဆင်းရဲမှ လွတ်သလို သင်တို့လည်း အမြဲချမ်းသာပါစေ၊ အသက်ရှည်ပါစေ၊ အနာမဲ့ပါစေ၊ ဘေးဘယာတွေ ကင်းဝေး ပါစေ။

ဟု ကျယ်လောင်စွာ ဆုတောင်းပြီး အရုပ်လေးမျက်နှာကို ဦးချပြီး သူ့ရွာလေးကို ပြန်သွားပါတယ်။

ဘုရင့်သားတော်နှင့် အမတ်ကြီးကတော့ ထွက်ခွါသွားတဲ့ဆင်းရဲသားရဲ့ ကျောပြင်ကို ကြည့်ရင်း ရယ်မောဖို့ မေ့နေကြတယ်။

သူတို့ရင်ထဲမှာတော့
အပျော်တွေက တသိမ့်သိမ့်နဲ့ပေါ့ ။ ။

ရွှင်လန်းချမ်းမြေ့ပါစေ
၂၁.၁၂.၂၀၁၅
သတိုးနွယ်

မိတ်ဆွေစာပေ

www.burmeseclassic.com